www.burmeseclassic.com

ဝိုင်း

# ရင်ဘတ်မှာစက်ပျက်နေတဲ့ကောင်



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်

အတွင်းဖလင်
ကိုပေါက် ☎ ၀၉ ၄၂၀၂၄၃၃၂၇

ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
သွိုး
ရင်ဘတ်မှာစက်ပျက်နေတဲ့ကောင်
ဖျူးစာပေ ၊ ၂၀၁၄။
၂၂၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ရင်ဘတ်မှာစက်ပျက်နေတဲ့ကောင်

# သွိုး

# ရင်ဘတ်မှာစက်ပျက်နေတဲ့ကောင်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ဝုန်း"

"တောက် ညွန့်ပိုင်တို့ဒီတစ်ခါပဲ မျက်နှာအောက်ကျို့ခံရတယ်လို့ကွာ"

အိမ်ရှေ့ကျွန်းတံခါးမကြီးကို ဝုန်းခနဲ ဆောင့်တွန်းပြီး ဝင်လာသော အဖေ၏ဒေါသသံကြောင့် မော်ကွန်းစိတ်ထဲ ထင့်ခနဲဖြစ်ကာ အောက်ထပ်သို့ ခပ်သွက်သွက်ဆင်းခဲ့လိုက်သည်။

"အဖေ ဘာဖြစ်လာတာလဲ၊ အဆင်မပြေဘူးလား၊ အန်ကယ်နောင်တို့ ဘာပြောလိုက်လို့လဲ"

အလောတကြီး မေးလိုက်သော မော်ကွန်းသစ်၏အမေးကြောင့် ဦးညွန့်ပိုင်၏ဒေါသတွေက မော်ကွန်းသစ်ဘက်သို့ ဦးလှည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းကြောင့် မင်းသာ ခုလိုဂြိုဟ်မကြွရင် ငါတို့လည်း ခုလိုမျက်နှာအောက်ကျို့လာစရာအကြောင်းမရှိဘူး"

"ဒုန်း"

ဆက်တီစားပွဲကို လက်နှင့်ထုပြီး တက်တစ်ချက်ထပ်ခေါက်ပြန်သည်။ မြားဦးက ကိုယ့်တက်လှည့်နေ၍ ဘာမေးခွန်းမှ ဆက်မမေးရဲတော့ဘဲ အမေ့ဘက်ကို စစ်ကူတောင်းသလို လှမ်းကြည့်လိုက်သည်။

အမေသည်လည်း အဖေ့လိုပင်ဖြစ်သည်။

"စိတ်ထဲမှာ ခံပြင်းလိုက်တာနော် ဟွန်း ဟွန်း ဟွန်း"

ခံပြင်းစွာ ညည်းတွားနေသော အမေ့ကိုကြည့်ပြီး မောင်ကွန်း တွန့်သွားသည်။ အူကြောင်ကြောင်ဖြင့် ခေါင်းကိုတဖျင်းဖျင်းကုတ်လိုက်ပြီး

"ဘာ ဘာတွေ အခြေအတင်ဖြစ်ခဲ့ကြလို့လဲ၊ သားကိုလည်း ပြောကြပါဦး အဖေတို့အမေတို့ရာ"

"ဘာဖြစ်ရမှာလဲ အဲဒါ မင်းကြောင့် မင်းကြောင့်ကွ၊ မင်းကြောင့်"

ရော် လာပြန်ပြီ။ မင်းကြောင့် မင်းကြောင့်နှင့်ပြောနေသော အဖေ့ကို ပြူးကြည့်ပြီး

"ဟုတ်တယ်လေ မင်းကြောင့်ဆိုတဲ့အကြောင်းအရင်းကို သားကိုတော့ ပေးသိဦးမှပေါ့"

"ပညာကိုတွဲ့ရအောင်ဆက်မသင်ဘဲ တတိယနှစ်မှာ တဘုန်း





ဘုန်းကျနေတော့ ဟိုက အဲဒီပျော့ကွက်ကိုနင်းပြီး မင်းရဲ့အဖေအမေ ငါတို့ကို ဆုံးမလွှတ်လိုက်သေးတယ်"

"ဒါဆို စေ့စပ်ပွဲလုပ်မယ့်ကိစ္စ မဖြစ်ဘူးပေါ့"

မောင်ကွန်း အားခဲထားသည့်အကြောင်းအရပ်ကြီးက အမေ ခေါင်းခါမှုအောက်မှာ ပြားပြားဝပ်ခဲ့ရပြီ။

"မဖြစ်ဘူး ငြင်းလွှတ်လိုက်တယ်၊ သူတို့သမီး ပညာရေး အနှောင့်အယှက်ဖြစ်မယ့်ကိစ္စမို့ လက်မခံပါရစေနဲ့တဲ့၊ ငယ်စဉ်ကတည်းက လည်ပင်းဖက်ကြီးလာကြတဲ့ ငယ်ပေါင်းတွေမို့ သူငယ်ချင်းသံယောဇဉ်နဲ့ပဲ ဆက်နေသွားကြပါစေတဲ့လေ၊ ကိုပိုင်တို့ကလည်း သားသမီးကို အလိုမလိုက်ဘဲ ပညာရေးကို အမြင့်ဆုံးရောက်တဲ့အထိ ပံ့ပိုးပေးကြဖို့ ငါတို့ကို ဆုံးမလွှတ်လိုက်တယ်"

ဒေါသနှင့်ရှည်ရှည်ဝေးဝေး ရှင်းပြနေသော စကားသံတွေကို မောင်ကွန်း ဆက်နားမထောင်ချင်တော့။

ငယ်ငယ်ကတည်းက တစ်ယောက်အမေနို့တစ်ယောက်စို့ပြီး ကြီးပြင်းလာခဲ့ကြတဲ့ မောင်ကွန်းသစ်နှင့်ကမ္ဘည်းထင် အရွယ်ရောက်လာလို့ ချစ်သူတွေဖြစ်နေကြတာလည်း ဟိုးပဝေနသီကတည်းက။

မိဘတွေလည်း ရိပ်မိတန်သလောက် ရိပ်မိကြတဲ့အနေအထား မျိုးမို့ မိဘတွေဆီမှာ လူကြီးချင်း မြန်းပေးဖို့ နာပူနာဆာလုပ်ခဲ့တာဖြစ်သည်။

ရှိရင်းစွဲ ခင်မင်မှု ရင်းနှီးမှုတွေနှင့်အတူ ဖိတ်ချင်းဖိတ် ကိုယ့်

www.burmeseclassic.com



အိတ်ထဲဖိတ်ဆိုသည့်သဘောနှင့် အဖေရောအမေရော သားရေးသမီးရေးကို သွားတိုင်ပင်ကြခြင်းဖြစ်သည်။

ပြန်လာတော့ အမှန်းတရား မီးစက ရင်ထဲမှာ စတင်လောင်မြိုက်လာ၏။ ထိုသို့ ငြင်းဆိုလိမ့်မည်ဟု ထင်မထားမိသော ဦးညွန့်ပိုင်မှာတကယ်တမ်း အငြင်းခံလိုက်ရတော့ ရင်ထဲမှာ တနုံ့နုံ့နှင့် မခံမရပ်နိုင်ဖြစ်လာသည်။

"ဒါ ဒါဆို သားကိုကမ္ဘည်းနဲ့ သဘောမတူဘူးဆိုတဲ့သဘောပေါ့ ဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ် သူတို့သမီးက ဆေးကျောင်းသူ Third MB ရောက်နေပြီ၊ မင်းကရိုးရိုး သမိုင်းဘွဲ့လေးရဖို့ တတိယနှစ်မှာ တဘုန်းဘုန်းလဲအောင်ကျနေမှတော့ သူတို့သမီးရဲ့ဘဝကို မင်းလိုကောင်လက်ထဲ ဘယ်ထည့်ရဲတော့မလဲ၊ ဒီတော့ဆရာဝန်ဖြစ်တော့မယ့် သူတို့သမီးအရှိန်တက်ပြီး ငါတို့ကို ပညာရေးနဲ့တိုးတက်ရေးအကြောင်းကို အကဲဆေးတစ်ပုဒ်လို ရွတ်ပြလိုက်တယ်၊ နှစ်ယောက်ပေါင်းလို့မှ ဘွဲ့လေးတစ်လုံးတောင် မရခဲ့ကြတဲ့ မင်းမိဘ ငါတို့ရဲ့အခွက်တွေကိုလေ ကိုယ့်ပုဆိုးနဲ့ကိုယ်ထုပ်ပြီး ပြန်လာခဲ့ရတယ်"

အဖေ့စကားကြောင့် မော်ကွန်း ရင်ထဲ ကျင်ခနဲ ဖြစ်သွားသည်။ အဖေနှင့်အမေ၏ဒေါသတွေကို မော်ကွန်း သဘောပေါက်နားလည်သွားကာ ရင်ထဲမှာ တင်းတင်းရှိတာနှင့် ဝရန်တာဘက်သို့ ထွက်လာခဲ့လိုက်သည်။





ကမ္ဘည်းတို့အိမ်ဘက်ကို မျှော်ကြည့်လိုက်သည်။ ကမ္ဘည်း၏ အရိပ်အယောင်တောင် မတွေ့ရ။

ကမ္ဘည်းတို့မိသားစုကို မော်ကွန်း ဘယ်လိုနားလည်ရမလဲ။ ကမ္ဘည်းရော မော်ကွန်းကို ချစ်တယ်လို့အထပ်ထပ်အခါခါ ရေရွတ်ပြခဲ့တာတွေဟာ တကယ်ရောဟုတ်ရဲ့လား။

အမှန်ဆို သူ့မိဘတွေဆန္ဒက ထိုသို့ရှိခဲ့သည်ဆိုလျှင်တောင် ကမ္ဘည်းကရော ခုလိုငြိမ်ပြီး မိဘစကားကိုနားထောင်နေရသလား။

ချစ်သူအတွက် နည်းနည်းတော့ အာခံသင့်သည်မဟုတ်ဘူးလား။

ဖြစ်သင့်သည်ဟူသော အတွေးကို လိုရာတွေးပြီး ကမ္ဘည်းကို ဖုန်းလှမ်းဆက်ဖို့ ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုနှိုက်ယူလိုက်သည်။

ဖုန်းက လုံးဝကိုမအားသေးပါ။

"တောက်"

သူလည်း ငါ့လိုပဲ စိတ်ညစ်နေရမယ့်အချိန်မှာ ဘယ်သူနဲ့ဖုန်းအဲလောက်အကြာကြီး ပြောနေရတာလဲ။

မကျေမနပ် တစ်ယောက်ထဲပြောပြီး ဖုန်းကို ခပ်ဆောင့်ဆောင့် ပိတ်ပစ်လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သမီး ဒီနေ့ ညီလင်းပ မိတ်ဆက်ပေးတဲ့ ပါမောက္ခကြီးနဲ့တွေ့ခဲ့လား"

"ဟုတ် တွေ့ခဲ့ပါတယ် ဖေဖေ"

မေမေနှင့်ထမင်းပွဲပြင်နေရင်းမှ ထမင်းစားခန်းထဲ ဝင်လာသော ဖေဖေ့အမေးကို တလေးတစား ဖြေလိုက်သည်။

ဦးနောင်လတ် ခေါင်းတဆတ်ဆတ် ညိတ်ပြီး ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည်။

ရနံ့တွေမွှေးအီနေသော အငွေ့တထောင်းထောင်း ထမင်းပိုင်းကို အပြီးသပ်ပြင်ဆင်ခူးခပ်ပြီးပြီမို့ ဒေါ်ချယ်ရီခင်နှင့် ကမ္ဘည်းပါဝင်ထိုင်လိုက်ကြသည်။





ဖခင်ဖြစ်သူကို ဆိတ်သားနှပ်တစ်တုံးခပ်ကာ ပန်းကန်ထဲဦးချရင်း စောစောက စကားကိုပြန်ဆက်၏။

"ဆရာကြီးက ကျောင်းမှာစာသင်တဲ့ပုံစံနဲ့ အပြင်မှာတွေ့တဲ့ပုံက လုံးဝမတူဘူး။ အရမ်းသဘောကောင်းတယ် သိလား ဖေဖေ"

"သဘောကောင်းမှာပေါ့ သမီးရဲ့ လင်းပအဖေရဲ့အရှိန်ကလည်း သေးမှမသေးတာ၊ ဟိုတယ်တွေ လေးငါးခုပိုင်တဲ့သူဌေးရဲ့သားက မိတ်ဆက်ပေးမှတော့ ငါ့သမီးလည်း အလိုလို ဂုဏ်တက်ရပြီပေါ့"

ဒေါ်ချယ်ရီခင်စကားကို ဦးနောင်လတ် ထောက်ခံသည့်အနေဖြင့်

"ဟုတ်တယ် သမီး၊ ဖေဖေတော့လေ မောင်ညီလင်းပလို ထက်မြက်တဲ့လူငယ်လေးကို သဘောကျတယ်"

"သဘောကျရင်လည်း သားမက်တော်လိုက်ပေါ့၊ ကိုနောင်ရယ် ဟိုခမြာကလည်း ရှင့်သမီးကို သဘောကျနေတဲ့ပုံပဲ၊ ရုပ်ရည်ရော ပညာအဆင့်အတန်းရော နေထိုင်စားသောက်ပုံစံကအစ လူမှုဆက်ဆံရေးအဆုံး ဘာမှပြောစရာမရှိအောင်ကို ပြည့်စုံတဲ့ကလေးမျိုး"

မေမေ့စကားကြောင့် ကမ္ဘည်းထင်အနေခက်စွာဖြင့် မျက်နှာမထားတတ်အောင်ဖြစ်ရ၏။

"ဒါပဲနော် သမီး ဖေဖေရော မေမေရော မော်ကွန်းနဲ့သဘောမတူဘူးလို့ ပြောထားတယ်၊ ရိုးရိုးဘွဲ့လေးတစ်လုံးရဖို့တောင် ဝေဿယနှစ်မှာ တဘုန်းဘုန်းကျနေရင် ငါ့သမီးဘဝရှေ့ရေးကို ဘယ်လိုအားကိုးမလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်ကြီးက ငွေကြေးပြည့်စုံတောင့်တင်းရုံနဲ့ လူရာဝင်တာမဟုတ်ဘူး၊ ဘွဲ့ကလည်း သုံးခုလောက်ရထားတယ်၊ စီးပွားရေးအမြင်ရှိပြီး ဘာသာစကားလေးငါးမျိုးလောက်နဲ့ နိုင်ငံတကာလှည့်နိုင်မယ့် လူငယ်မျိုးမှ ဖေဖေတို့က သဘောကျတာ''

''ဟာ မေမေကလည်း သမီးမှ ကိုညီလင်းပကို စိတ်မဝင်စားတာ''

အရဲစွန့်ပြီး ငြင်းလိုက်ခြင်းဖြစ်သည်။

''သမီးဟာလေ တော်တော်လေးကို အသိတရားနုံနည်းတာပဲ၊ သမီးမျက်လုံးထဲမှာ မော်ကွန်းကိုပဲ မြင်နေလို့မဟုတ်လား၊ ယဉ်ကြည့်စမ်း အရည်အချင်းခြင်းကို လုံးဝ နှိုင်းသာဆိနဲ့အီး၊ ညီလင်းပက ပညာတတ် လူကုန်ထံပုံစံမျိုး နေမှုထိုင်မှုပြောမှုဆိုမှုကအစ လူကြီးတွေမျက်စိထဲ အပြစ်ရှာလို့မတွေ့ရလောက်အောင်ကို ယဉ်ကျေးသိမ်မွေ့တယ်၊ မော်ကွန်းကိုကြည့် ခုချိန်ထိ ဘွဲ့တစ်လုံးမရသေးဘူး၊ မိဘတွေကိုလည်း ဘာမှ သိပ်ပြီး ကူဖော်လောင်ဖက်မရဘူး၊ တစ်ခါတလေ အပေါင်းအသင်းတွေနဲ့ ကလဝ်က တက်သေးတယ်၊ မိဘဝယ်ပေးထားတဲ့ကားလေးနဲ့ တစ်နေ့ တစ်နေ့ ဟိုသွားလိုက် ဒီလာလိုက်၊ လူကြီးသူမရယ်ဆိုပြီး ဂါရဝတရား မရှိ ယဉ်ကျေးမှုမရှိ၊ တစ်ခါတလေ အိမ်ရှေ့မှာ အပေါင်းအသင်းစုံနဲ့ ဂစ်တာတဒေါင်ဒေါင်ပုံနဲ့ ဖေဖေတော့လေ လူကြီးချင်း ခင်မင်နေလို့သာ ဒီကောင့်ကို ကြည့်မရတာကြာပြီ''

မော်ကွန်းကို ကြည့်မရကြောင်း အတိအလင်းပြောလာသော





ကြောင့် ကမ္ဘည်း စိတ်ညစ်သွားသည်။

ဖေဖေ မေမေတို့ မလိုလားသော မော်ကွန်းကို ချစ်မိတဲ့ ကမ္ဘည်း ရင်ထဲက ချစ်သူကို ဘယ်လိုလွယ်လွယ်နဲ့မေ့ပစ်ရမလဲ။

တစ်သက်မှာတစ်ခါသာ ချစ်မိသော ချစ်သူကို မေ့ပစ်ဖို့ဆိုတာ ကမ္ဘည်းအတွက်တော့ ဘယ်တော့မှ မဖြစ်နိုင်။

မိဘသဘောမတူဘူးဆိုတာနှင့် ရင်ထဲကအပြီးတိုင် ထုတ်ပစ်လိုက်မယ်ဆိုလျှင် ကမ္ဘည်းရင်ထဲက အချစ်က ဘယ်စစ်တော့မလဲ။

မိဘနှင့်ချစ်သူကြားထဲကို ညီမျှခြင်းချနိုင်အောင် ကမ္ဘည်းကြိုးစားဖို့အတွက် အချိန်အနည်းငယ်တော့ သုံးရမှာပင်။ ထို့ကြောင့် ကမ္ဘည်း ခွတ်ငြင်းနေ၍မဖြစ်။ အလိုက်အထိုက်တော့ နေရမှာပင်။

ချစ်ရသူနှင့်ထာဝရ ပျော်ရွှင်ဖို့အတွက် ဒီလောက်တော့ စိတ်ရှည်ရမှာပင်။

ဖုန်းမြည်လာသဖြင့် အတွေးစကို ရပ်ကာ ဂါဝန်အိတ်ကပ်ထဲမှဖုန်းကို ထုတ်ယူလိုက်သည်။ ဖုန်းထူးဖို့ ခလုပ်ကိုနှိပ်မည်ကြံကာရှိသေး

''သမီး ဘယ်သူ့ဖုန်းလဲ''

''မော်ကွန်းပါ ဖေဖေ''

''ပိတ်လိုက်၊ မကိုင်နဲ့၊ ခုကစပြီး သူနဲ့ခပ်တန်းတန်းနေပါ၊ သူငယ်ချင်းအဆင့်ထက်မပိုစေနဲ့''

''ရှင် ဟုတ် ဟုတ်ကဲ့ ဖေဖေ''

ဖေဖေ့ရှေ့မှာမို့ မော်ကွန်းနှင့်စကားပြောဖို့ အဆင်မပြေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမပြောတာပဲ ကောင်းပါသည်ဟူသောအတွေးနှင့် ဖုန်းကိုအပြီးပိတ်ပစ်လိုက်သည်။

မိဘစကားနားထောင်ရှာသော သမီးဟု ဖေဖေနှင့်မေမေ ကျေနပ်နေမည်ဆိုတာ ကမ္မည်းသိပါသည်။ ချစ်နေတာကို မချစ်နဲ့လို့တားလို့မရတာကိုတော့ ဖေဖေနှင့်မေမေ သိမှမသိဘဲ။

ဖေဖေတို့မသိအောင် ရင်ထဲက ဘိတ်တိတ်လေး ချစ်လည်းရတာပဲမဟုတ်လား မော်ကွန်းရယ်။

■ ■ ■

## အခန်း (၃)

"ဟင့်အင်း ကမ္မည်း၊ အဲဒီအစီအစဉ်ကို လက်မခံနိုင်ဘူး မော်ကွန်းမတစ်ယောက်ရဲ့တစ်သက်လုံး အဖတ်ဆည်မရမယ့်အမည်းစက်မျိုး ကမ္မည်း ဘယ်တော့မှ အထင်မခံဘူး"

ခါးခါးသီးသီးငြင်းဆန်နေသော ကမ္မည်းကိုကြည့်ပြီး မော်ကွန်း စိတ်ပျက်စွာ ခေါင်းကိုခါရမ်းလိုက်ပြီး

"ကိုယ်ချစ်တဲ့သူနဲ့ခိုးရာလိုက်တာ အဖတ်ဆည်ရမတဲ့အမည်းစက်တဲ့လား။ နင်မှိုပြောရက်တယ်ဟာ၊ ငါကတော့ ဒါကို သိက္ခာမဲ့တယ်လို့ မယူဆဘူး။ ငါတို့သိပ်တန်ဖိုးထားတဲ့အချစ်ကို ဆုံးရှုံးရမှာစိုးလို့ စွန့်စားလိုက်တယ်လို့ပဲ ယူဆတယ်၊ ဂုဏ်လည်းဂုဏ်ယူတယ်၊ ဘယ်တော့မှလည်း နောင်တရမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



နိုးရာလိုက်ဖို့ တွင်တွင်ခေါ်နေသော မော်ကွန်းကို အားနာသလို အကြည့်ဖြင့် ခပ်ဖျော့ဖျော့ကြည့်ကာ

"မော်ရယ် နင်ကတော့ ယောကျ်ားလေးဆိုတော့ ဂုဏ်သိက္ခာတွေ အရှက်တရားတွေကို ငဲ့နေစရာ ဘယ်လိုမလဲ၊ ငါက မိန်းကလေးလေ၊ နောက်ပြီး မိဘတွေရဲ့ဂုဏ်သိက္ခာကို မထောက်တဲ့ ကိုယ့်ဆန္ဒကို ဖွတ်ဦးစားပေးလိုက်ရင် ငါ့ကြောင့် မိဘတွေ ဘယ်လောက်အရှက်ရသောကမွေလိုက်မလဲ၊ အဲဒီအခါကျရင် ငါဟာ သမီးမိုက်ဆိုတဲ့အမွေဆိုးကြီးနဲ့ ငါ့အနာဂတ် ဘယ်လိုဆက်ရှင်သန်မလဲ"

"ကျွတ် ခက်တော့နေပါပြီဟာ၊ နင့်ဟာက ဘယ်ရှုထောင့်ကမှ မလွယ်ပါလား၊ ဒါဆိုရင် နင်နဲ့ငါနဲ့က မိဘတွေသဘောမတူတာနဲ့ပဲ လမ်းခွဲရမှာလား ကမ္ဘည်း ဟမ် ဖြေပါဦး"

အရွဲ့တိုက်မေးလိုက်သောမေးခွန်းကြောင့် ကမ္ဘည်း မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး မောင်ကွန်းကို မော့ကြည့်၏။ ပြီးတော့ ခပ်ဖြည်းဖြည်း ခေါင်းခါရင်း

"ဟင့်အင်း အဲလိုလည်း လမ်းခွဲဖို့မလိုပါဘူး မော်ရယ်၊ နင့်ကိုဖေဖေတို့မေမေတို့ အထင်ကြီးလက်ခံလာတဲ့အချိန်အထိ ငါတို့ကြိုးစားရမှာပေါ့၊ အဲဒီအချိန်ရောက်မှဆိုရင် နင်ရောငါရော တင့်တယ်တဲ့ဘဝတစ်ခုကို ထူထောင်နိုင်ကြပြီမို့ ငါတို့တင့်တင့်တယ်တယ်လေး လက်ထပ်ပွဲလုပ်လို့ရပြီပေါ့"

မရေရာသော ချွေးသိပ်စကားမို့ မော်ကွန်း ဟက်ခနဲ ခပ်မဲ့မဲ့





ရယ်လိုက်ပြီး ကမ္ဘည်းကိုမှေးကျဉ်းသော မျက်လုံးဖြင့် ခပ်တွေတွေကြည့်ပြီး

"ဘာလဲ ညီလင်းပဆိုတဲ့သူဌေးသားလို အရည်အချင်းအခြေအနေမျိုးလား၊ ငါက အဲဒီကောင်လို အရည်အချင်းမျိုးဖြစ်အောင် ကြိုးစားရမှာလား"

ကမ္ဘည်း မျက်နှာကွက်ခနဲ ပျက်သွားကာ

"နင် နင် အဲလိုမပြောပါနဲ့၊ ငါနဲ့ညီလင်းပ ဘာမှမပတ်သက်ပါဘူး"

"ခုတော့ ဘယ်ပတ်သက်ဦးမလဲ၊ နောက်မကြာခင်မှာ ပတ်သက်တော့မယ် မဟုတ်လား"

"ကြည့် မော် ဘယ်လိုဖြစ်နေတာလဲ၊ ငါတို့နှစ်ယောက်အကြောင်း ပြောနေရင်းနဲ့ ညီလင်းပဆီ ဘယ်လိုဦးတည်သွားရတာလဲလို့"

နှုတ်ခမ်းစူကာ မျက်ဝန်းထောင့်ကပ်ပြီး မကျေမနပ်ပြောလိုက်သော ကမ္ဘည်းကို နှမြောတသစွာ ကြည့်လိုက်ပြီး

"နင်နဲ့ငါ့ကို ခွဲမှာ အဲဒီကောင်ဆိုတာ ငါ့စိတ်က သိနေသလိုပဲ ကမ္ဘည်း၊ အဲဒီကောင်.နင်တို့အိမ်ကို ဘယ်လိုပုံစံနဲ့ဝင်ထွက်နေသလဲဆိုတာ ငါသိပြီးသွားပြီ၊ ဒါကြောင့် ငါနဲ့နိုးရာလိုက်ဖို့ကို တွေဝေမနေနဲ့တော့၊ စိတ်ချပါဟာ နင် နိုင်ငံခြားပြန်သူဌေးကြီးကတော် မဖြစ်ပေမယ့် ပွဲရုံပိုင်ရှင်ကုန်သည်ကတော်တော့ ဖြစ်မှာပါ၊ ဗိတိုရီယလို ဆေးရုံကြီးမဖွင့်ပေးနိုင်ပေမယ့် နင့်ကိုဆေးခန်းကောင်းကောင်းတစ်ခုတော့ ထောင်ပေးနိုင်ပါတယ်ဟာ၊ ဂျပန်မှာ အပန်းဖြေခရီးမထွက်ရပေမယ့် ချောင်းသာတို့ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တို့လောက်ကို တစ်လ ငါးခေါက်လောက် လိုက်ပို့နိုင်ပါတယ်ဟာ''

မော်ကွန်း တမင်ရွဲ့ပြောနေမှန်းသိ၍ ကမ္ဘည်း မချိုမချဉ်မျက်နှာပေးလေးဖြင့် ခစ်ခနဲ ရယ်လိုက်သည်။

''မရယ်နဲ့ တကယ်ပြောတာ၊ ငါ့အချစ်ကို ရဲရဲယုံပြီး ငါ့နောက်ကို လိုက်ခဲ့စမ်းပါ ကမ္ဘည်းရယ်၊ ငါ နင့်ကိုအဆုံးရှုံးမခံနိုင်ဘူးဟာ''

အိထွေးနူးညံ့သော ကမ္ဘည်း၏လက်ချောင်းသွယ်သွယ်တွေကို အားမလိုအားမရဆုပ်ကိုင်ပြီး သူ့နောက်လိုက်ခဲ့ဖို့ အတင်းခေါ်နေသော မော်ကွန်းကို နားလည်အောင် ကမ္ဘည်း ဘယ်လိုပြောပြရပါ့မလဲ။

ထွက်ပေါက်ပိတ်သော ယုန်သူငယ်လေးလို ကမ္ဘည်း မျက်နှာငယ်လေးနှင့် သက်ပြင်းခပ်ဖျော့ဖျော့ချလိုက်သည်။

''မော်ရယ် ပြောရကျပ်လိုက်တာ၊ ငါ နင့်ကိုအရမ်းချစ်တယ် ဒါပေမဲ့ ခိုးရာလိုက်ရလောက်အောင်တော့ ငါ မစွန့်စားနိုင်ဘူး မောင်၊ အဲဒါ ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ၊ နင့်ကိုမချစ်လို့တော့ မဟုတ်ဘူး၊ ငါကိုယ်တိုင်ကိုက အဲဒီလို လုပ်ရပ်ကို သိက္ခာမဲ့တယ်လို့ ယူဆမိလို့ပဲ''

ယတိပြတ်ငြင်းဆန်လိုက်သော ကမ္ဘည်း၏မပြင်တော့သော ဆုံးဖြတ်ချက်ကြောင့် မော်ကွန်း နာနာကျင်ကျင် မဲ့လိုက်သည်။

''နင် ဘာကြောင့် ငါ့ကိုခါးခါးသီးသီး ငြင်းရလဲဆိုတာ ငါသိတယ် ကမ္ဘည်း၊ ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာဆိုတဲ့စကားဟာ နင့်အတွက်တော့ ဘာမှအသုံးမဝင်တဲ့ဆိုးရိုးစကားတစ်ခုပဲ၊ အင်းလေ နင်မှအချစ်အတွက် မစွန့်စားရဲတာ၊ ငါက ဘယ်လိုဖွတ်အတင်းခေါ်မလဲ၊





နင့်သဘောပါ၊ ငါ သိပ်ပြီးအတ္တကြီးသလိုဖြစ်သွားတယ်ဟာ ဆောရီးပဲ၊ အမှန်ဆို ငါ နင့်အတွက် အချိန်တော့ပေးရမှာပေါ့''

''ဟုတ်တယ် မော် နင်နဲ့ငါနဲ့ နီးဖို့အတွက် ငါတို့အချိန်တစ်ခုကို သုံးရလိမ့်မယ်၊ ဒါကြောင့် နင် စိတ်ရှည်ရှည်နဲ့စောင့်နေပေးပါ၊ ငါ့ဘဝတစ်သက်တာ ခိုလှုံရမယ့် ရင်ခွင်က နင်ပဲမို့ နင့်ဆီကိုပဲ ငါ အရောက်လာမှာပါ မောင်ရယ်''

မချိသောအပြုံးတစ်ခုကို မဖြစ်မနေ ပြုံးလိုက်ပြီး ကမ္ဘည်း၏ နဖူးစပ်မှ လေတိုက်၍ဝေ့ကျလာသော ဆံစအချို့ကို တယုတယ သပ်ပေးရင်း ချစ်သူကို မြတ်နိုးစွာကြည့်လိုက်သည်။

''အင်းပါ ငါ့ရင်ခွင်ကလည်း နင့်အတွက် အချိန်မရွေးဖွင့်ထားပြီးသားပါ၊ တစ်ရေးနိုးယောင်ပြီး ထပြေးလာရင်တောင် ငါက နိုးကြားတက်ကြွစွာနဲ့ ကြိုဆိုပါ့မယ်''

ခေါင်းမာလွန်းသော ကမ္ဘည်း၏ကိုယ်လေးကို တင်းကြပ်စွာပွေ့ဖက်ထားလိုက်သည်။

သနပ်ခါးနံ့သင်းသော ပါးပြင်ကို နမ်းရှိုက်ချင်ပေမယ့် မတင်မကျ ဝေဒနာကြီးကြောင့် ထိုညက မနမ်းဖြစ်ခဲ့။

ဒီလိုညတွေရဲ့သက်တမ်းကို ဘယ်လောက်ထိ ဆွဲဆန့်ထားနိုင်ပါ့မလဲ။

ညလေပြည်နှင့်အတူရော၍ သက်မမောတစ်ချက် ခပ်မှုန်းမှုန်း ချလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ကျွီ"

"တီတီဘောဘီ မော်ကွန်းရော"

အိမ်ရှေ့တွင် စက်ဘီးကျွီခနဲရပ်ကာ စက်ဘီးပေါ်မှ ပေါ့ပေါ့ပါးပါးလေး ဆင်းလာသော စန်းလင်းကိုမြင်တော့ ဒေါ်ဘောဘီမိုး ပျာပျာသလဲ အပြုံးဖြင့်

"ဟယ် စန်းလေးပါလား။ လာ လာ သမီး သားရှိတယ်"

"သားရေ မော်ကွန်း၊ စန်းလာတယ်ဟေ့"

အပေါ်ထပ် တက်သည့်လှေကားရှိရာဘက်သို့ သမင်လည်ပြန် လှည့်ကြည့်ပြီး အသံပြုလိုက်သည်။ စန်း အိမ်ထဲဝင်လာတော့ လက်ကို တရင်းတနှီး လှမ်းတွဲပြီး ဧည့်ခန်းတွင်းရှိ ဆိုဖာဆက်တီတွေရှိရာသို့





ခေါ်လာလိုက်သည်။

"လာ ထိုင် သမီး"

ဒူးအထက်ဂါဝန်ဖားဖားလေးနှင့် ဖရိုဖရဲစတိုင်လေးဖြင့် လှသော စန်းကိုကြည့်ပြီး ဒေါ်ဘောဘီမိုး သဘောကျစွာပြုံးကာ

"ကြည့်စမ်းပါဦး ငါ့သမီးက မမြင်တာကြာလို့ ပိုပြီးလှလာသလိုပဲကွယ်၊ တကယ့်ကိုရိုးယားမလေးကျနေတာပဲ၊ ကိုကြည်လင်းနဲ့ နုနုတို့ကလည်း ချောတော့ မွေးလာတဲ့သမီးက အပြစ်ဆိုစရာမရှိအောင် လှပြီပေါ့ကွယ်"

ချိုအီအီ အသံနှောနှောဖြင့် ချီးမွမ်းခန်းတွေဖွင့်နေတော့ စန်း အရှက်သည်းစွာ ခပ်ရှိန့်ရှိန့်ရယ်လိုက်ပြီး

"တီတီဘောဘီကလည်း မြှောက်နေပြန်ပါပြီ၊ ဒီလောက်လည်း စန်းက ချောတာမဟုတ်တဲ့နဲ့၊ မော်ကွန်း ဆင်းလာလို့ကြားသွားရင် ဟားတိုက်ရယ်နေပါဦးမယ်"

လှေကားပေါ်မှ ဆင်းလာသော မော်ကွန်းကို မြင်၍ စမင်ပြောလိုက်ခြင်းဖြစ်သည်။

"ဟဲ့ အရှုပ်ထုပ် ဘာလာရှုပ်ပြန်ပြီလဲ"

မော်ကွန်း၏ခပ်ရင့်ရင့်စကားကြောင့် စန်းမျက်နှာလေးမဲဆင်းသွားကာ ဒေါ်ဘောဘီမိုးကို စစ်ကူတောင်းသောအကြည့်ဖြင့် ကြည့်ပြီး

"တွေ့လား တီတီဘောဘီ စန်းကိုတွေ့ရင် ဘယ်တော့မှ စကားကောင်းမပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သား စနိုး စိတ်ဆိုးအောင် မနှောက်ပါနဲ့ကွယ်"

ဒေါ်သောဘီမိုး ကြားထဲက အားနာစွာဝင်ပြောသဖြင့် မော်ကွန်း ဆက်မနှောက်တော့ဘဲ ဆိုဖာခုံမှာဝင်ထိုင်လိုက်သည်။

"ကဲ ပြော ငါ့ဆီလာရတဲ့အကြောင်းအရင်း"

"အင်တာနက်ထဲက Downloade လုပ်ထားတဲ့ အက်ဆေးတွေ လာပေးတာရော့"

လှမ်းပေးနေသော မန်မိုရီစတစ်ကို စိတ်မပါစွာလှမ်းယူလိုက်သည်။ မော်ကွန်းလိုချင်သမျှ သိချင်သမျှ အကြောင်းအရာတွေကို ဖေ့စ်ဘွတ်ပေါ်မှာ ရှာဖွေပြီး လာလာပေးတတ်သော စနိုးကို ကျေးဇူးတင်စွာဖြင့် တဟဲဟဲရယ်ပြလိုက်ပြီး

"မဆိုးဘူး နင်တော်တယ်၊ အဲ နောက်တစ်ခုလောက် ထပ်ရှာလို့ရရင် ကောင်းမယ်နော်"

"ဘာလဲ"

"ရည်းစား မပစ်ပြေးတဲ့နည်းလေ"

"ဩော် သားရယ် မင်းကလည်း ပေါက်ပေါက်ရှာရှာ နောက်နေပြန်ပြီ၊ အဟင်း စနိုးရယ်၊ သမီးကိုမြင်ရင်လေ သူ့အတွက် စစရာ နောက်စရာအပြင်းပြေ ရုပ်ကလေးတွေ့သလိုပဲ"

"နောက်ပါစေ တီတီဘောဘီရယ်၊ အဟွန်း ဒါများ မော်ကွန်းရယ် ရည်းစားပစ်ပြေးခံရရင် တခြားမိန်းကလေးတွေနဲ့ ရွဲ့ပြီး ပြန်တွဲပြလိုက်ပေါ့လို့ နော် တီတီဘောဘီရယ်"





"အေး ဟုတ်တယ် စနိုးပြောတာ မှန်တယ်၊ လောကမှာ မိန်းမလှလေးတွေ အများကြီးပါ သားရယ်၊ ဘယ်သူ့မှ မကြည့်နဲ့ စနိုးကိုပဲကြည့် ဘယ်လောက်ချောပြီး အပြစ်ကင်းစင်လိုက်သလဲ"

ပေါ်တင်ကြီး ဒိုင်တွေထည့်နေသော မိခင်စကားနှင့် လိုလိုချင်ချင် သဘောတွေကျနေသော စနိုးကြောင့် မော်ကွန်း ကိုယ့်ရှူးကိုယ်ပတ်ကာ ရှေ့မဆက်ရဲတော့။

စမိတာက ကိုယ်လေ။ ဒီကောင်မလေးကိုယ့်ကို အသေတစ်ဖက်သတ်ကြိုက်နေတာ သိသိကြီးနှင့် မေမေကပါ ကြားထဲက စကားလမ်းကြောင်းပေးနေတယ်။

ထိုစကားဝိုင်းထဲက ကမန်းကတန်း ခုန်ထွက်ကာ

"ဒီစတစ် ငါယူထားဦးမှာနော်၊ ကူးပြီးမှပဲ ပြန်ပေးတော့မယ်"

"ရတယ်-ယူထားလိုက်၊ ကြုံမှပြန်ပေး"

မော်ကွန်းအပေါ်မှာ အရေးပေးလွန်းသော စနိုးကိုကြည့်ပြီး ဒေါ်သောဘီမိုး တပြုံးပြုံးနှင့်။

အဖေက အင်ဂျင်နီယာ အမေက ကျောင်းအုပ်ဆရာမ တစ်ဦးဖြစ်သော သမီးလေး စနိုးလင်းကို ဖူးဖူးမှုတ်မတတ် ချစ်ကြသည်။

ဒီလိုမိန်းကလေးမျိုးကို ချွေးမတော်ရလည်း သားရှင်အဖြစ် ကျေနပ်နိုင်ပါသည်။

ခက်နေတာက ကိုယ့်သားပင်။ သူက ကမ္ဘည်းမှ ကမ္ဘည်းဖြစ်နေတာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟင့်အင်း မေမေရယ်၊ ကမ္ဘည်းကို အဲလိုမရက်စက်ပါနဲ့၊ မေမေတို့ မော်ကွန်းနဲ့ဖြတ်ဆိုလို့ ကမ္ဘည်း ခပ်ဝေးဝေးနေပေးပြီးပြီပဲ၊ ဒါကိုထပ်ပြီး ကိုညီလင်းပနဲ့ စေ့စပ်ပွဲလုပ်ရမယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

မျက်ရည်လေး တဝဲဝဲနှင့် တောင်းပန်တိုးလျှိုးနေသော ကမ္ဘည်း ရင်ထဲမှာ ချစ်သူအတွက် ဘယ်လောက်သောကလှိုင်းတွေ ထန်နေလိမ့်မလဲ ဆိုတာ မေမေတို့ကို ခွဲပြလို့ရလျှင် ခွဲပြချင်သည်။

"မိဘက ကိုယ့်သားသမီးရှေ့ရေး တိုးတက်မြင့်မားဖို့ လျှောက်ရမယ့်လမ်းကိုရွေးချယ်ပေးတာ၊ ဘာဖြစ်လို့ ဖြောင့်ဖြောင့်တန်းတန်း မလျှောက်ချင်ရတာလဲ သမီးရယ်"

ဗျူး၈၁.၆၀



မေမေတို့ရွေးချယ်ပေးတဲ့လမ်းဟာ မေမေတို့ဘက်ကကြည့်လျှင်တော့ ဖြောင့်ကောင်းဖြောင့်နိုင်ပေမယ့် ကမ္ဘည်းဘက်ကကြည့်လျှင်တော့ နှလုံးသားခံစားချက်မပါ၍ ဘယ်လိုမှ သာယာဖြောင့်ဖြူးမှာမဟုတ်။

"မော်ကွန်းကိုကျတော့ သမီး ပညာရေးထိခိုက်မှာစိုးလို့ဆိုတဲ့ စကားလုံးသုံးပြီး ငြင်းတယ်၊ ခု ညီလင်းပမိဘတွေကိုကျတော့ မေမေတို့ အဲလို အကြောင်းပြချက် ထပ်သုံးပြီး ငြင်းလိုက်ရမှာ၊ ခုတော့ မေမေတို့ တစ်ဖက်သတ်ဆန်ဆန်နဲ့ ခင်မင်ရင်းနှီးတဲ့မျက်နှာမထောက်ဘဲ ဖြောင် ငြင်းလိုက်တော့ ဟိုဘက်က စိတ်မကောင်းဖြစ်သွားမှာပဲ၊ ခုဆို အိမ်ကို တောင် ဘယ်သူမှ မဝင်မထွက်ကြတော့ဘူး"

"အို ဝမ်းနည်းစရာလား သမီးရယ်၊ ကိုညွန့်ပိုင်တို့ မဘောဘီ တို့ကို အားနာပေမယ့် မေမေ့သမီးရှေ့ရေးကို အားနာတာလေးတစ်ခု တည်းနဲ့ အမှားအယွင်းမခံနိုင်ဘူး။ မေမေ့မှာ ဒီသမီးလေးတစ်ယောက်ထဲ မွေးထားတာမို့ သားမက်ရွေးတဲ့နေရာမှာလည်း မော်ကွန်းလို မဖြစ်စလောက်အရည်အချင်းပဲရှိတဲ့ သားမက်မျိုးလောက်နဲ့ မတင်းတိမ်မရောင့်ရဲနိုင်ဘူး။ အဲဒါဟာ လောဘဆိုရင်လည်း သမီးအတွက် မိခင်တစ်ယောက်မှာရှိသင့်တဲ့ လောဘပဲ သမီး"

မေမေ့ဘက်ကကြည့်ပြန်တော့လည်း မိခင်တစ်ယောက်၏ရှိသင့်ရှိထိုက်သည့် လောဘမို့ စောဒကတက် အတိုက်အခံထပ်မလုပ်ပိုတော့။

"သူတို့ဘက်ကလည်း စေ့ရုံစေ့စပ်ထားမှာပါ၊ သမီး ဆရာဝန်

ဗျူး၈၁.၆၀

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှ လက်ထပ်ပေးမယ်၊ လက်ထပ်ပြီးတာနဲ့ နိုင်ငံခြားမှာ ပညာတော် သင်လွှတ်မ.ပ်''

ကမ္ဘည်းရှေ့ရေးကို အစီအစဉ်တွေကြိုချပြီး ပီတိတွေဖြစ်နေသော မေမေ့ကိုကြည့်ပြီး ကမ္ဘည်း ဝမ်းနည်းလာသည်။

ကမ္ဘည်း နှလုံးသားကို နင်းခြေပစ်ရမည့်အရေးကို နည်းနည်းလေးမှ သည့်မစဉ်းစားမိကြသော မေမေတို့၏ပီတိက ကမ္ဘည်းအတွက်တော့ နှလုံးသားအစုံမှ သွေးစိမ်းရှင်ရှင်ထွက်မည့်အနေအထား။

''ဟော ပြောရင်းနဲ့ သားမက်လောင်းလေး အသက်ရှည်ဦးမယ် လာပါပြီတော်''

ဒေါ်ချယ်ရီ ထိုင်ရာမှထကာ ငြိမ့်ခနဲ ထိုးရပ်လိုက်သော ညီလင်းပ ကားရှိရာသို့ ပြုံးရွှင်စွာလျှောက်သွား၏။

''လာ သား မင်းညီမတောင် ကျောင်းကပြန်လာတာ မကြာသေးဘူးကွဲ့''

''ဟုတ်လား အန်တီ အဲလိုမှန်းသိရင် ကျွန်တော် ဝင်ကြိုခဲ့ပါတယ်''

ညီလင်းပ ကားပေါ်မှဆင်းကာ ဧည့်ခန်းထဲလိုက်ဝင်လိုက်သည်။ ကမ္ဘည်း နွမ်းသောအပြုံးတစ်ပွင့်ကို ပြုံးလိုက်သည်။

အမှန်ပြောရလျှင် ညီလင်းပ ခုလို အိမ်ကိုခဏခဏဝင်ထွက်နေတာကို ကမ္ဘည်း စိတ်ကျဉ်းကျပ်သည်။ အိမ်ရှေ့မှာ ညီလင်းပ ကားရပ်ထားတိုင်း မော်ကွန်းတော့ အထင်လွဲတော့မှာပဲဟူသော စိုးရိမ်စိတ်





ကြီးက နောက်ကြောင်းမအေးရဘူလို တထင့်ထင့်နှင့်။

''ကဲ့ သား ထိုင်ဦး၊ မင်းညီမနဲ့ စကားပြောကြ အန်တီ သားအတွက် ကော်ဖီဝင်ဖျော်လိုက်ဦးမယ်''

အလိုက်သိသော ဒေါ်ချယ်ရီ အနားမှဖွေ့ခနဲ ထွက်သွား၏။

''ကမ္ဘည်း နေမကောင်းဘူးလား၊ မျက်နှာညှိုးနေတယ်''

''ကောင်းပါတယ် ဒီနေ့ကျောင်းမှာ ပရယ်တီကယ်ခန်းထဲ မတ်တပ်ရပ်ရတာ ကြာသွားလို့ပါ''

''ဩော် စာတွေရော လိုက်နိုင်လား''

''အင်း ကျက်တာတော့ အသည်းအသန် ကျက်နေရတယ်''

''သနားလိုက်တာ ကိုယ် ကူကျက်ပေးလို့ရရင် ကျက်ပေးချင်ပါတယ်''

ကရုဏာသက်သောလေသံဖြင့် ပြောတော့ ကမ္ဘည်း ခပ်ဖျော့ဖျော့ပြုံးပြသည်။ ရုတ်တရက် အကြည့်တွေက ပြတင်းပေါက်မှကျော်ကာ မော်ကွန်းတို့အိမ်ဘက်ကို ရောက်သွားသည်။

ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ပြတင်းပေါက်တွင်ခါးထောက်ပြီး မလိုလားစွာရပ်ကြည့်နေသော မော်ကွန်းကိုတွေ့သွား၍ဖြစ်သည်။

ပျက်ယွင်းသွားသော မျက်နှာကို ဟန်ဆောင်ထိန်းကာ ကမ္ဘည်း ဂနာမငြိမ် ဖြစ်နေသည်။

ညီလင်းပကတော့ နည်းနည်းမှမရိပ်မိ။ စကားဖွေဖွေဖောင်ဖွဲ့ အောင်ပြောကာ ရယ်မောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာတွေပြောနေသည်ဆိုတာ ကမ္ဘည်း ကြားတစ်ချက်မ ကြားတစ်ချက်။ အာရုံတွေက မော်တွန်းဆီသို့ ရောက်နေသည်။

စူးရဲသော မော်ကွန်း၏အကြည့်တွေကို ကမ္ဘည်း ရင်မဆိုင်ရဲပါ။ ကိုယ့်ဘက်က ညီလင်းပနှင့် ရှိုးသားစွာ ဆက်ဆံနေပေမယ့် မော်ကွန်း အဖို့တော့ ဧည့်ခန်းထဲတွင် နှစ်ယောက်ထိုင်ပြီး စကားတွေပြောနေသော မြင်ကွင်းကို ရှိုးသားသည်ဟု ဘယ်လိုမြင်နိုင်မှာလဲလေ။

မော်ကွန်း အထင်လွဲချင်စရာမို့ သူနှင့်တွေ့လျှင် ဖြေရှင်းချက် ထုတ်ရမည့် နိုင်လုံသောအကြောင်းပြချက်တွေကိုသာ ခေါင်းထဲမှာ အစီ အရီ ထည့်ထားရတော့မည်။

အထင်မလွဲပါနဲ့ မောင်။ ငါ နင်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ် ပါဘူး။

အသံတိတ် တောင်းပန်နေတုန်းရှိသေးသည် ညီလင်းပ၏လက် အစုံက ကမ္ဘည်း၏ခေါင်းမှ ဆံပင်ကိုလာ၍ ထိကိုင်ပြီး

"ဆောရီးနော် ကမ္ဘည်း မင်းခေါင်းမှာ အမှိုက်ကပ်နေလို့ ကိုယ် ဖယ်ပေးတာ"

ရှိုးသားသော တိုက်ဆိုင်မှုလေးဖြစ်ပေမယ့် ကမ္ဘည်း ဘုန်းခနဲ သာ လဲသေလိုက်ချင်တော့၏။

ဂုန်းခနဲဆိုသော တံခါးဆောင့်ပိတ်သံနှင့်အတူ မော်ကွန်းကို လုံးဝမတွေ့ရတော့။

■ ■ ■



## အခန်း (၆)

"တော်ပြီ ကမ္ဘည်း။ နင့်ဆီက ဘာအကြောင်းပြချက်ကိုမှ ငါ မကြားချင်တော့ဘူး။ ဒီအချိန်မှာ ငါ့ကိုနှစ်သိမ့်တဲ့စကားထက် နင့်ဆီက ပြတ်သားတဲ့ဆုံးဖြတ်ချက်တစ်ခုကိုပဲ ကြားချင်တာ"

"ငါက ဘာပြောရမှာလဲ၊ ဘာကိုဆုံးဖြတ်ရမှာလဲ မော်ရယ်"

ခပ်ညည်းညည်းအမေးကြောင့် မော်ကွန်း နာကျင်သောအကြည့် ဖြင့် ကမ္ဘည်းကိုကြည့်ပြီး

"ဒီမေးခွန်းကို နင်မို့မေးရက်တယ် ကမ္ဘည်းရယ်၊ ငါကတော့ နင်နဲ့ဝေးရမှာစိုးလို့ သောကတွေနဲ့ သွေးရူးသွေးတန်းဖြစ်နေတဲ့အချိန်မှာ နင်က ဟိုအကောင်နဲ့ ရယ်ရယ်မောမော ကြူနေတယ်။ နင်နဲ့ဒီအကောင်



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်တော့မယ်ဆိုတဲ့သတင်းကိုလည်း ငါ ကြားပြီးပြီ၊ ဟွန်း နှင့်မိဘတွေက ခုမှ ဂုဏ်မက်မှန်းငါသိတော့တယ်၊ သူတို့ကို ငါ မုန်းပေမယ့် နှင့်ကိုတော့ ငါမုန်းလို့မရဘူး ကမ္ဘည်း၊ ဒါကြောင့် နှင် ငါနဲ့လိုက်ခဲ့ပါတော့၊ ထပ်ပြီးအချိန်ဆွဲနေမယ်ဆိုရင်လေ နှင်နဲ့ငါနဲ့ တကယ်ဝေးပြီ''

မတွေးနိုင်မအန့်နိုင်ဖြစ်နေသော မော်ကွန်းကိုကြည့်ပြီး ကမ္ဘည်း ဝမ်းနည်းလာသည်။ ခုချိန်မှာ ချစ်သူနှင့်စွန့်စားရဲသည့်သတ္တိတစ်စုံတစ်ရာ အထူးလိုအပ်နေပါသည်။

''ကမ္ဘည်းလည်း မော့်ကိုမခွဲနိုင်ပါဘူး''

''ဒါဆိုရင် ငါတို့ထွက်ပြေးကြရအောင်နော်၊ ဒီည အင်း အခုပဲထွက်ပြေးကြမယ်ဟာ၊ ရဲရင့်တို့ သက်ဖော်တို့ လမ်းထိပ်မှာ ကားနဲ့အဆင်သင့်စောင့်နေကြတယ်''

''ဟင် ဟုတ်လား''

''ငါတို့ ဒီည နှင့်ကိုခိုးမယ်လို့ ဆုံးဖြတ်ပြီးကြလို့လေ''

ထိုစဉ် ဖုန်းမြည်လာသည်မို့ ရှူအိတ်လေးထဲမှ ဖုန်းကိုထုတ်ယူလိုက်သည်။

''တဲလို မေမေ''

''. . .''

''ဟုတ် သမီး အပ်ချုပ်ဆိုင်ရောက်နေလို့''

ကမ္ဘည်း လိမ်ပြောလိုက်သည်။ မော်နှင့်အတူရှိနေသည်ဟုသာ အမှန်အတိုင်းပြောလိုက်လို့ကတော့ ပြဿနာအကြီးအကျယ် တက်သွား





နိုင်သည်။

''ရှင်''

တစ်ဖက်ဖုန်းထဲမှ ငိုသံပါနှင့်ပြောနေသော မေမေ့စကားကြောင့် ကမ္ဘည်း မျက်နှာပျက်ကာ အထိတ်တလန့်ဖြင့်

''ဘယ်လို ဖေဖေ ဆီးချိုတွေတက်ပြီး မူးလဲလို့ ဟုတ်လား မေမေ၊ ဟုတ် ဒါ ဒါဆို ကမ္ဘည်း ခုပဲပြန်လာခဲ့ပါမယ် ဒါပဲနော် မေမေ ဟုတ် ဟုတ်''

ဖုန်းကို တုန်ယင်သောလက်ဖြင့် ပိတ်ကာ မော်ကွန်းကို အားနာကြည့်လေးဖြင့် မော့ကြည့်ကာ

''ငါ အိမ်ကို အမြန်ပြန်မှဖြစ်မယ် မော်ရယ်၊ ဖေဖေလေ ဆီးချိုတွေအရမ်းတက်နေလို့တဲ့၊ ငါ ငါလေ ဒီအချိန်မှာ ခုလို မိုက်ရူးရဲလုပ်လို့မဖြစ်ဘူး၊ ငါ့ကိုနားလည်ပေးပါနော် မော်''

ခဲယယ တောင်းပန်တိုးလျှိုးကာ ပြန်ရန်ပြင်လိုက်သော ကမ္ဘည်းကိုကြည့်ပြီး မော်ကွန်းအံတစ်ချက် ကျိတ်နေအောင်ကြိတ်လိုက်ပြီး

''ဒါ နှင့်အဖြေလား ကမ္ဘည်း၊ ငါ့နောက်ကို နှင်မလိုက်တူးပေါ့''

ပြတ်သားစွာမေးလာသော မော်ကွန်းကို ကမ္ဘည်း အကြည့်ချင်းဆုံရဲ၊ မျက်လွှာချကာ မရဲတရဲ ခေါင်းညိတ်လိုက်ပြီး

''ငါ့ရဲ့သတ္တိမရှိမှုလို့ သဘောထားပြီး နားလည်ပေးပါနော် မော်ရယ်၊ ငါ သွားတော့မယ်''

ဆိုင်လေးထဲမှ ချာခနဲ လှည့်ထွက်သွားသော ကမ္ဘည်း၏နောက်



www.burmeseclassic.com

ကျောပြင်ကိုကြည့်ပြီး မော်ကွန်း နာကျင်စွာပြုံးလိုက်သည်။

ကျောခိုင်းသွားတာ နင်ပါ ကမ္ဘည်းရယ်။

■ ■ ■



## အခန်း (၇)

"မေမေ သားကို စနိုးလင်းနဲ့အမြန်ဆုံးလက်ထပ်ပေးပါ"

ဘယ်လိုမှ ထင်မှတ်မထားသော တောင်းဆိုမှုကြောင့် ဒေါ်ဘေဘီမိုး မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်ကာ မော်ကွန်းကို တအံ့တသြကြည့်သည်။

"ဘယ်လို သားကို စနိုးလင်းနဲ့ အမြန်ဆုံးလက်ထပ်ပေးရမယ် ဟုတ်လား"

မယုံကြည်နိုင်လွန်း၍ နားကြားများလွဲမလားဟု သေချာရန်ပြန်မေးလိုက်သည်။

"ဟုတ်တယ် မေမေ"

"ဒါက ဘယ်လိုဖြစ်တာတုန်း၊ သား စနိုးလင်းကို ဘယ်တုန်းက



www.burmeseclassic.com

ချစ်သွားတာလဲ"

"ခုချိန်မှာ ချစ်ဖို့ဆိုတာထက် သားမာနနဲ့သိက္ခာတရားတွေ မြေကြီးပေါ်က သူများတွေ တံတွေးစက်ထဲ ပက်လက်မမျောအောင် ကြိုတင်အဖတ်ဆည်ဖို့အတွက်က အရေးကြီးတယ် မေမေ"

တည်ငြိမ်စွာပြောနေသော သား၏ဆန္ဒသည် အမှန်ပဲဆိုတာကိုတော့ ဒေါ်ဘောဘီမိုး ယုံလိုက်ပါသည်။

"သား ဘာတွေဖြစ်နေလဲ မေမေ့ကိုအရင်ဆုံးပြောပြစမ်း ရင်ထဲကအချစ်မပါဘဲ မိန်းကလေးတစ်ယောက်ကို လက်ထပ်ရင် တစ်ဖက်မိန်းကလေးရဲ့ဘဝကို မွမွကြေအောင် ဆုတ်ဖြဲလိုက်သလိုဖြစ်မှာပေါ့။ ဒါဟာ သားအတွက်ရော စန္ဒီလင်းအတွက်ရော တရားမျှတမှုရှိပါ့မလား"

စန္ဒီလင်းနှင့်သားကို စိတ်ထဲက ရည်မှန်းထားပေမယ့် ကိုယ့်သား၏အတွင်းစိတ်ကို မသိနိုင်သေးဘဲနှင့်တော့ ပေးစားဖို့မစွန့်စားရဲ။ တော်ကြာ လက်ထပ်ပြီးမှ တစ်မျိုးထပ်ပြီး စိတ်ပြောင်းသွားလျှင် လူကြီးတွေ မျက်နှာပျက်ကြရမှာ။

"သား သူ့ကိုမချစ်နိုင်ပေမယ့် ဘဝလက်တွဲဖော်အဖြစ်တော့ တွဲနိုင်ပါတယ် မေမေ၊ ပြီးရင် သားတို့နိုင်ငံခြားသွားမယ်၊ ဟိုမှာအလုပ်ကိုကြိုးစားလုပ်ပြီး အောင်မြင်တဲ့စီးပွားရေးသမားတစ်ယောက်ဖြစ်ရင် မြန်မာပြည်ကိုပြန်လာပြီး အခြေချမယ်"

"ဘုရားရေ ငါ့သား ဘယ်တုန်းကတည်းက အကြံကြီးသွားတာလဲ"





"သားကို လိုက်တောင်းပေးမှာလား မေမေ"

"မင်း ကမ္ဘည်းကို မေ့နိုင်လို့လား။ မင်းတို့ချင်း ငယ်ပေါင်းရည်းစားတွေဆိုတာ တစ်ရပ်ကွက်လုံးသိတယ်နော်"

"သိပ်မကြာခင်မှာ သားဟာ အသည်းကွဲသမားတစ်ယောက်အဖြစ် ချစ်သူရဲ့စွန့်ပစ်ခြင်းကို ခံရတော့မှာကိုလည်း တစ်ရပ်ကွက်လုံးသိသွားမှာပါ၊ အဲဒီလို အများက သနားတဲ့အကြည့်နဲ့ ကရုဏာသက်ခံရမယ့်ဘဝမျိုးထက်စာရင် ကိုယ်ကအရင် သူ့ကိုချန်ထားခဲ့လိုက်ရင် သားအသည်းကွဲရကျိုးနပ်မှာပါ မေမေ"

ယောကျ်ားတန်မဲ့ မျက်ရည်တွေဝဲတက်ကာ မျက်နှာတစ်ခုလုံးနီးလာသော သားဖြစ်သူကိုကြည့်ပြီး ဒေါ်ဘောဘီမိုး ရင်ထဲမှာလည်းနင့်ပါသွား။

"အင်းလေ သားက စန္ဒီလေးကို တစ်ဘဝလုံးသစ္စာရှိရှိပေါင်းမယ်ဆိုမှတော့ သားဖေဖေနဲ့တိုင်ပင်ပြီး မိသားဖသားပီပီ သွားတောင်းပေးပါ့မယ်ကွယ်"

မေမေ့ဆီမှ ကတိစကားကြောင့် ကျေနပ်ပျော်ရွှင်ခြင်းဟု ပြောရသော မာနတစ်ခုက ရင်ထဲမှာ ပို၍ခိုင်မာသွားသည်။

ကိုယ့်ရင်ကို ကိုယ်ကိုယ်တိုင် ဓားထက်ထက်နှင့်ထိုးခွဲပြီး နှလုံးသွေးစိမ်းရှင်ရှင် ထွက်စေတဲ့အတွက် နာကျင်မိတာတော့ ပြောစရာတော့ပါပဲ။

ဘဝမှာ ဒီတစ်ကြိမ်လောက် နာကျင်ခံခက်တာမျိုး ရှိပြီးတော့

www.burmeseclassic.com



မလား။

ကမ္ဘာညီးရေ ငါက နှင့်ထက်ပိုပြီး ပြတ်သားတယ်ဆိုတာ နှင် သိလာစေရမယ်။

အဲဒါဟာ ငါ့ရဲ့မာနပဲ။ ဒါပေမဲ့ ငါ နှင့်ကိုသိပ်ချစ်တယ်။

■ ■ ■

## အခန်း (၈)

"ရှင် မော်ကွန်းက စနိုးကိုချစ်တယ် ဟုတ်လား"

မိန်းမတစ်ယောက်ကိုချစ်တယ်လို့ပြောရတာဟာ လျှာဖျားလေးပေါ်က ပြောရတာပဲ။ ဘာခက်တာမှတ်လို့။ ရင်ထဲမှာ အဲဒီအချစ်စစ်စစ်ဆိုတာကို သူတို့သိတာမဟုတ်ဘူးလေ။ သိဖို့လည်း လိုမှမလိုတာ။

"ဟုတ်တယ် စနိုး ဒါကြောင့် မိဘတွေခေါ်လာပြီး လာတောင်းခံမယ်၊ အဲဒါကို စနိုး လက်ခံမှာလား"

ထင်မှတ်မထားသော စကားလုံးတွေကြောင့် စနိုးရင်တွေ တလှပ်လှပ်တုန်လာသည်။ တစ်ဖက်သတ်ချစ်နေမိရုံနဲ့ ကျေနပ်နေမိတဲ့ စနိုးရဲ့ရင်ထဲက အချစ်တွေကို လောကကြီးက မော်ကွန်း အသိအမှတ်ပြုပေးလာအောင် ကူညီပေးလိုက်ပြီလား။ ဒါဟာ အိပ်မက်လား တကယ်လားဆိုတာတော့ မဆန်းစစ်ချင်တော့လောက်အောင် ထိုတဒင်္ဂလေးကို စနိုး

www.burmeseclassic.com

www.burmeseclassic.com



စုံမက်မိပါသည်။

သို့သော် မော်ကွန်းသစ်နှင့်ကမ္ဘည်းထင်တို့ ချစ်နေကြသည်ဆိုသည့်အကြောင်းအရာက ခေါင်းထဲဝင်လာတော့ ထိုအခြေအနေကို သံသယကင်းကင်းနှင့် လက်မခံရဲ။

"မော်ကွန်းဆီမှာ ကမ္ဘည်း ရှိနေပြီသားပဲ"

ငြင်းဆန်ခြင်းမဟုတ်သော စကားနာထိုးခြင်းဖြင့် မဝံ့မရဲ ပြန်ပြောလိုက်သည်။

"ဒီအချိန်မှာ သူနဲ့ငါနဲ့ ဘာမှမဆိုင်သလောက်ကို ဖြစ်သွားပြီ ဒါကြောင့် သူနဲ့ငါ့ကို ဘယ်တော့မှ ချစ်သူတွေလို့ တွဲမမြင်ပါနဲ့ စနိုး သူနဲ့ငါ လျှောက်လှမ်းရမယ့်လမ်း မတူဘူး"

မျက်ဝန်းတောက်တောက်ကလေးတွေဖြင့် မယုံနိုင်စွာကြည့်နေသော စနိုးအကြည့်တွေထဲမှာ သံသယတွေ ရှာမတွေ့။ ရိုးသားလိုက်သည့် မိန်းကလေး။

မခံချင်စိတ်တစ်ခုကြောင့် စနိုးကို အသုံးချမိပေမယ့် တစ်ဘဝလုံးသစ္စာရှိရှိနဲ့ အနားမှာ နေပေးသွားပါမယ်ဟု စိတ်ထဲကပဲ ကတိတွေ အထပ်ထပ်ပေးလိုက်သည်။

"ဘယ်လိုလဲ ငါ့အချစ်ကို လက်ခံလား စနိုး"

တိုးသက်သော အမေးကြောင့် စနိုး ရှက်ဝဲဝဲလေးရယ်ကာ

"ဟိုလေ ဘယ်လိုပြောရမလဲ၊ ဖြူနိုး ဖြူနိုးစားကြီးဆိုတော့ စနိုး ရှက်တယ်၊ ဒါ အိပ်မက် မက်နေတာတော့ မဟုတ်ပါဘူးနော်"





ကလေးဆန်သော အမူအရာလေးကိုကြည့်ပြီး မော်ကွန်းခြောက်ကပ်ကပ်ရယ်လိုက်ပြီး

စနိုး၏ပခုံးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး

"ဘာလဲ အိပ်မက် မက်နေတယ်ထင်လို့လား"

"အင်းပေါ့"

"ဒါဆို အိပ်မက်မဟုတ်ဘူးဆိုတာ လက်တွေ့ပြမယ်လေ"

ဇက်ရဲလက်ရဲနိုင်တာ မဟုတ်ပေမယ့် သူ့ကိုလက်ထပ်ဖို့ တကယ်ဆန္ဒရှိခဲ့ကြောင်းကို သစ္စာခံလုပ် သရုပ်တူဖို့အတွက် နှုတ်ခမ်းချင်းဖိကပ်နမ်းရှိုက်ပစ်လိုက်သည်။

"အို မော် မော်ကွန်း ဟင့်အင်း စနိုးရှက်တယ်"

ရုတ်တရက် အနမ်းခံလိုက်ရသဖြင့် စနိုးရင်တွေ တလှပ်လှပ်ဖြစ်သွားသည်။ ခံစားမှုတွေ ဖရိုဖရဲဖြစ်ကာ ရုန်းကန်ငြင်းဆန်ဖို့အင်အားမရှိ။ သေချာပါပြီ။ ဒါဟာ ရင်ဘတ်ထဲ ဟာခနဲဖြစ်သွားကာ ရင်ထဲမှာတစ်စုံတစ်ခုကို အကြီးအကျယ် လက်လွှတ်ဆုံးရှုံးလိုက်ရသလိုမျိုး သိမ်းနှုတ်ယူငင်ခံလိုက်ရသလိုမျိုး။

အဲဒါ နှင့်ကြောင့်ပဲ ကမ္ဘည်းထင်။

လောကမှာ ကိုယ်မချစ်တဲ့မိန်းကလေးတစ်ယောက်ကို နမ်းရတာလောက် အောင့်သက်သက်နိုင်ပြီး ခံစားချက်မဲ့တာ ရှိဦးမလား။

ငါဆိုတဲ့ကောင်က မာနကို ဘဝနဲ့ရင်းပြီး ထူထောင်ရတယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မင်း တကယ်ဆုံးဖြတ်လိုက်ပြီလား မော်ကွန်း"

သက်ဇော်နှင့်ရဲရင့် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေသည်။

"ဩော် မင်္ဂလာကိစ္စတောင် ရက်သတ်မှတ်ပြီးသွားပါပြီဆိုမှပဲ မယုံဘူးလား"

"ဒါ အဓိပ္ပာယ်မှမရှိတာ၊ မင်းကစပြီး ကမ္မည်းကို အစိမ်းခေါက်ခေါက်လိုက်တာပဲ"

"ဟုတ်တယ် မော်ကွန်း၊ ငါတော့ မင်းကိုနားမလည်တော့ဘူး"

"အဟက် ဟက် ခလုပ်တိုက်တဲ့လူကိုယ်တိုင်လောက် ဘယ်သူက နာကျင်မှုကို ပိုနားလည်မှာလဲကွာ၊ ဘေးကလူတွေ သိနေတာထက် ပိုပြီး ငါ့စိတ်တွေ ပိုနာကျင်နေခဲ့ရပါတယ်"





"ဒါဆို နာကျင်မှန်းသိရက်နဲ့ ဘာလို့ ဒီလမ်းကိုရွေးလဲ"

"သူထားခဲ့တော့မယ်ဆိုတာ ကြိုသိနေလို့ပဲ၊ ငါ သူ့ကိုအဆုံးရှုံးမခံနိုင်လို့ ခိုးပြေးဖို့ အကြိမ်ကြိမ်ခေါ်တယ်၊ သူ့ဘက်က ငါ့ကိုအလေးအနက်မထားတော့မှန်း သိသာလာတယ်၊ ဒါကြောင့် ငါ့နောက်ကိုမလိုက်နိုင်တဲ့ ငြင်းချက်တွေပဲ ထုတ်တယ်၊ သူ့ရင်ထဲမှာ ငါမရှိတော့တာ သေချာသလောက်ရှိနေပြီ၊ သူ မကြာခင်မှာ ဟိုကောင်နဲ့လက်ထပ်သွားတော့မှာ၊ ဒါကြောင့် ငါ့အပေါ် သူသွေးအေးနေတာ အသိသာကြီး"

မော်ကွန်းဘက်ကကြည့်လျှင် သူ ခံစားရတာ မှန်နေသည်မို့ သက်ဇော်နှင့်ရဲရင့် သက်မကိုပြိုင်တူချလိုက်သည်။

"ဒါနဲ့ပဲ သူ မထားခဲ့ခင် မင်းကသူ့ကိုအရင်ခေါက်လိုက်တဲ့သဘောပေါ့ ဟုတ်လား"

ရဲရင့်အမေးကို မော်ကွန်း ခပ်လေးလေး ခေါင်းညိတ်ပြသည်။

"တချို့အချစ်တွေက ချစ်တော့ချစ်တယ်၊ မာနတွေပါတယ်တဲ့၊ အဲဒါက မင်းကိုပြောတာဖြစ်မယ်"

သက်ဇော် စကားကြောင့် မော်ကွန်း ဟက်ခနဲရယ်လိုက်ပြီး

"ကမ္မည်းအချစ်ကရော ဘာထူးလို့လဲ၊ ချစ်တော့ချစ်တယ် ပကာသနတွေပါတယ်လေ၊ သူက အချစ်ထက် ပကာသနကိုအလေးအနက်ထားပုံပဲ၊ ဒါကြောင့် ငါ့ကိုအလေးအနက်မထားတာပေါ့"

"အေးကွာ မင်းရွေးချယ်မှု မှန်ကန်ပါစေလို့ ဆုတောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့် စိတ်မသက်မသာဖြင့် ဆုတောင်းပေး၏။

"မင်းတို့ လက်ထပ်တော့မှာကို ကမ္ဘည်း သိပြီးပြီလား"

"မသိသေးဘူး၊ ငါနဲ့သူနဲ့ကြားထဲမှာ မတွေ့ဘူး။ ဖုန်းပိတ်ထားတာက များတယ်၊ ပုံစံကြည့်ရတာ သူ့ရဲ့မင်္ဂလာပွဲနဲ့ ငါတို့မင်္ဂလာပွဲ သိပ်တော့မကွာလောက်ဘူး၊ ဒါကြောင့် သူ့မင်္ဂလာပွဲမတိုင်ခင် ငါ့မင်္ဂလာပွဲကို ကြိုပြီးစီစဉ်နေတာ"

ကလေးဆန်တယ်ဟုပဲပြောရမလား၊ တစ်ယူသန်အစွဲကြီးသည်ဟုပဲပြောရမလား၊ ချစ်သူနှင့်အပြိုင် မင်္ဂလာပွဲစီစဉ်သော မော်ကွန်းကို ကြည့်ပြီး သက်ဇော်နှင့်ရဲရင့် သက်ပြင်းကိုယ်စီချလိုက်သည်၊ သူတို့မှာ ပြောစရာစကားမရှိ၊ မော်ကွန်းစိတ်ကို တကယ်ပဲ နားမလည်တော့။

■ ■ ■

## အခန်း (၁၀)

ရှေ့လာမည့် တနင်္ဂနွေနေ့တွင် ညီလင်းပနှင့်စေ့စပ်ရမည်ဆိုသော စကားကို မေမေ အတိအလင်း ကြေညာလာတော့ ကမ္ဘည်း တော်တော်လေး တုန်လှုပ်သွားသည်။

"ဟင် သမီးဆန္ဒမပါဘဲ အဲလိုမလုပ်ပါနဲ့ မေမေရယ်၊ အဲဒီစေ့စပ်ပွဲကို သမီး လက်မခံနိုင်ဘူး"

အံ့ဩလွန်း၍ အသံတွေပင် အဖျားခတ်တုန်ယင်နေ၏။

"လူကြီးချင်း အားလုံးစကားပြောပြီးသွားပြီ သမီး၊ မေမေတို့ဆန္ဒက သမီးလေးရှေ့ရေးကောင်းစားဖို့ကို ဦးစားပေး စီစဉ်လိုက်တာပါကွယ်၊ ဒါကြောင့် မငြင်းပါနဲ့"

နောက်ဆုတ်ဖို့ လှမ်းစမမြင် ရှေ့တိုးဖို့ပဲ ဆိုင်းမြင်နေကြသော



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေကိုကြည့်ပြီး ကမ္ဘည်းရင်ထဲ လှိုက်ခနဲ ဝမ်းနည်းလာသည်။

ပါးပြင်ပေါ်သို့ မျက်ရည်တွေ တလိမ့်လိမ့်ဆင်းလာ၏။

တကယ်တမ်းကျတော့ ကမ္ဘည်း ဘယ်လိုမှ ရင်မဆိုင်ရဲ။ ဒီလောက်ထိ မြန်မြန်ဆန်ဆန်ကြီး စီစဉ်လိမ့်မည်ဟု ထင်မထား၍ ခိုးရာလိုက်ဖို့ ဖွတ်အတင်းခေါ်နေသော မော်ကွန်း၏ဆန္ဒကိုတောင် ချေးသိပ်မှုတွေနှင့် ဥပေက္ခာပြုခဲ့မိသည်။

ခုတော့ ကမ္ဘည်း ချောင်ပိတ်မိသူလို ကူကယ်ရာမဲ့သွားသည်။

ဘယ်လိုလုပ်မလဲ။ ဒီတစ်ခါတော့ ကမ္ဘည်း ပျော့ညံ့နေ၍မဖြစ်တော့။ အချစ်မပါဘဲနှင့်တော့ ဘဝတစ်ခုကို မထူထောင်နိုင်။

မော်ကွန်းကလွဲ၍ ကမ္ဘည်းဘဝကို ဘယ်သူ့ရင်ခွင်မှာမှ ခိုလှုံခွင့်မရချင်။

ရင်ထဲမှာ ဆောက်တည်ရာမရဖြစ်ကာ မေမေ့ကို ဘာမှစောဒကတက်မနေတော့ဘဲ မေမေ့ရှေ့မှ သုတ်ခနဲ ထလာကာ အခန်းထဲဝင်ကာ ချုံးပွဲချငိုလိုက်သည်။

သို့သော် ထိုသို့ငိုနေရုံနှင့်မပြီး ကမ္ဘည်းစိတ်တွေ ပြတ်သားရတော့မည်မို့ ပါးပြင်မှ လိမ့်ဆင်းကျနေသော မျက်ရည်တို့ကို လက်ဖမိုးနှင့် ဆွဲသုတ်လိုက်သည်။ ဒီနေ့ ကြာသပတေး ဓေ့စပ်ရမှာက တနင်္ဂနွေမို့ ကြားထဲမှာ နှစ်ရက်အချိန်ရသေးသည်။

ထိုနှစ်ရက်သည် မော်ကွန်းနောက် လိုက်ဖို့ ပြင်ဆင်ချိန်ကောင်းကောင်းရသေးသည်။

ဇျူး၁၁၆ပ



ခုတော့ ဟန်မပျက်နေပြီး မေမေတို့ သံသယကင်းအောင် အလိုက်အထိုက် နေပြရမှာပင်။

မေမေတို့လစ်တာနှင့် မော်ကွန်းဆီဖုန်းဆက်ပြီး လာခိုးလှည့်ပါတော့ဟု ပြောလိုက်တော့မည်။

သူ့ဆန္ဒပြည့်ပြီမို့ မော်ကွန်း ပျော်သွားမှာ မြင်ယောင်ကာ မျက်ရည်ပြည့်မျက်ဝန်းမှာ ရင်ခုန်စွာဖြင့် ပြုံးယောင်သမ်းသွားသည်။

ငါ နင့်ကိုတကယ်ချစ်တယ်ဆိုတာ နင် မကြာခင်သိရတော့မှာပါ မော်ရယ်။ ငါလေ နင့်ကိုဘယ်လိုနည်းနဲ့မှ မခွဲနိုင်ဘူး၊ နင်နဲ့သာဝေးရရင် ငါ့ဘဝက ဘာအဓိပ္ပာယ်မှရှိမှာမဟုတ်တော့ဘူး မော်။

ဒီညပဲ လာခိုးပါတော့လို့ ဝမ်းသာအားရ ဖုန်းဆက်လိုက်ချင်ပေမယ့် မေမေတို့ရိပ်မိမည်စိုး၍ သိပ်အတင့်ရဲ၍မဖြစ်သေး။

ခိုးရာလိုက်ရမည့်အရေးကို မျှော်တွေးကာ ရင်ထဲမှာ တလှပ်လှပ်နှင့် လှိုက်ဖိုမောလာသည်။

မော်ရယ် ငါတို့ ဒီတစ်ခါ မဝေးတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

၄

လက်ဆွဲသေတ္တာကို ပြတင်းပေါက်မှ ခြံထဲရှိ ပန်းခြုံထဲ အရင်ပစ်ချထားလိုက်ပြီမို့ လူချည်းပဲသက်သက် အခန်းထဲမှ ခြေသံခပ်ဖွဖွနင်းပြီး လှေကားထစ်ပေါ်မှ ဆင်းလာလိုက်သည်။

ညဆယ့်နှစ်နာရီတိတိတွင် ခြံရှေ့မှာ လာစောင့်နေပါဟူသော တိုတိုတုတ်တုတ် အမှာစကားကိုပဲ ပြောထားသည်မို့ ဒီည ကမ္ဘည်းကို ခိုးရမှာပါလားဟု မော်ကွန်း နည်းနည်းမှရိပ်မိမှာမဟုတ်။

ကမ္ဘည်းကလည်း မော်ကွန်းပါးစပ်မလုံလျှင် ပတ်ဝန်းကျင်မှာ ပေါက်ကြားသွားမည်စိုး၍ ခိုးရာလိုက်ဖို့ကိစ္စကို ဖုန်းထဲမှာ ကြိုမပြောလိုက်။

လူချင်းတွေ့မှသာ မော်ကွန်း ပျော်ပါစေဆိုသောစိတ်ဖြင့် ကိုယ့်ကိုယ်တိုင်ပင် ရင်ထဲမှာ ဂနာမငြိမ်။ ရင်ထဲစိတ်လှုပ်ရှားလွန်းတာမှ ခြေ

ဗျူး၁၇၆ပေ



လှမ်းတွေပင် ရှက်ကိုးရှက်ကန်း ဖြစ်ရသည်အထိ။

ညသည် တိတ်ဆိတ်ငြိမ်သက်ကာ နာရီလက်သံ တချောက်ချောက်အသံမှလွဲ၍ မကြားရ။

အိမ်ရှေ့တံခါးမကြီး တံခါးလက်ကိုင်ဘုကို ခပ်ကြိတ်ကြိတ် ဆွဲလှည့်၍ဖွင့်လိုက်သည်။

ကျွန်းတံခါးနှစ်ချပ်ပွင့်သွားပြီး ညဥ့်လေပြည်အေးအေးက ကမ္ဘည်းဆံစနှင့် မျက်နှာတို့ကို လာရောက်ထိတွေ့ကြ၏။

တံခါးကို ပြန်ပိတ်ပြီး ပန်းချုံထဲတွင် အဆင်သင့်ရှိနေသော အဝတ်သေတ္တာကို ကမန်းကတန်းပြေးယူပြီး ခြံဝသို့ ခပ်သုတ်သုတ်ထွက်လာလိုက်သည်။

လက်မှနာရီကိုငုံ့ကြည့်တော့ ညဆယ်နှစ်နာရီတိတိ။

ရင်တွေတဒိန်းဒိန်းခုန်နေသည်။ ဘဝမှာ စိတ်အလှုပ်ရှားဆုံးအချိန်ဆိုလျှင် ဒီအချိန်ဟာ ကမ္ဘည်းအတွက် စိတ်အလှုပ်ရှားဆုံးအချိန်ဖြစ်သည်။

ခြံတံခါးက အဆင်သင့်ကြိုဖွင့်ထားပြီးသားမို့ လွယ်လွယ်ကူကူပင် ခြံတံခါးကို တွန်းဖွင့်ပြီး ခြံပြင်ကိုထွက်လိုက်သည်။

လမ်းမကျယ်ကြီးသည် လူသူကင်းရှင်းကာ ညမီးရောင်တွေအောက်မှာ အေးအေးငြိမ်ငြိမ် အိပ်မောကျနေ၏။

ခြံအပြင်ဘက်ရှိ အုပ်မှိုင်းမှိုင်း စိန်ပန်းပင်အောက်တွင် မော်ကွန်း သစ်ပင်ပင်စည်ကိုမှီကာ ရပ်နေသည်။

ဗျူး၁၇၆ပေ

www.burmeseclassic.com

www.burmeseclassic.com



"မော် ရောက်နေတာ ကြာပြီလားဟင်"

"အင်း"

မော်ကွန်းအသံက အေးစက်နေ၏။ ထိုအေးစက်သောအသံနှင့်အတူ ကမ္ဘည်းလက်ထဲမှ အဝတ်သေတ္တာကို မြင်လိုက်သဖြင့် မျက်လုံးအနည်းငယ်ပြူးကာ

"ဒီ ဒီအဝတ်သေတ္တာက"

"ဒီည မော့်နောက်ကိုလိုက်တော့မလို့လေ"

"ဘာ"

မော်ကွန်း မြွေကိုက်ခံရသူလို အလန့်တကြား ထခုန်လိုက်ပြီး

"အို ဘယ်လိုဖြစ်တာလဲ၊ ဖြည်းဖြည်းအော်ပါ၊ သူများတွေကြားသွားပါ့မယ်"

ကမ္ဘည်းထံမှ ရှက်ရဲရဲ သတိပေးစကားကြောင့် မော်ကွန်း ပို၍ပင် တုန်လှုပ်သွားရသည့်အဖြစ်။

"ဘာ ဘာလို့ကြိုမပြောတာလဲ"

"အို ကြိုပြောရင် မော်က ရဲရင့်တို့ကို အကူအညီတောင်းနေဦးမယ်၊ သူတို့က ပါးစပ်မလုံရင် ပတ်ဝန်းကျင်မှာ ပေါက်ကြားသွားရင် အစီအစဉ် ပျက်သွားမှာစိုးလို့"

ထင်မှတ်မထားသော အခွင့်အရေးက ကိုယ်မတောင့်တတော့သောအချိန်မှာမှ ရက်ရက်ရောရော ရောက်ရှိလာသဖြင့် မော်ကွန်းတော်တော်လေး သွေးပျက်သွားသည်။ တုန်လှုပ်လွန်း၍ ခြေအစုံပင် ယိုင်





ချင်သလိုလိုဖြစ်ကာ မတ်မတ်ပင်မရပ်နိုင်တော့။

"ဒါ ဒါနဲ့ နှင်းနဲ့ညီလင်းပဆိုတဲ့ကောင် မနက်ဖြန်ဆို စေ့စပ်တော့မယ်ဆို"

"ဟုတ်တယ်လေ ဒါကြောင့် မော့်နောက်ကို လိုက်ဖို့ဆုံးဖြတ်လိုက်တာပေါ့၊ မေမေတို့ သိပ်ရက်စက်တယ်၊ ဒီလောက် ဖြူနီးစားကြီးမစီစဉ်လောက်ဘူးထင်ပြီး မော်နဲ့မေမေတို့ကြားက လွဲမှားနေတဲ့နားလည်မှုတွေကို ညှိယူမယ်ဆိုတဲ့ ကမ္ဘည်းအစီအစဉ်တွေ အားလုံးချောင်ပိတ်မိကုန်တယ်၊ ဒါကြောင့် မော့်နောက်ကိုလိုက်ဖို့ ဆုံးဖြတ်လိုက်တာပေါ့၊ ကဲ လာ အချိန်မရှိဘူး မော်၊ သွားကြမယ်၊ တော်ကြာ မေမေတို့နိုးလာပြီး ခုလိုပုံစံတွေ့သွားရင် မော်နဲ့တစ်သက်လုံး ဝေးရမှာ"

လက်အစုံကို အားကိုတကြီး ဆုပ်ကိုင်ဆွဲခေါ်နေသော ကမ္ဘည်းကိုကြည့်ပြီး မော်ကွန်း ရင်ထဲမှာ ရှင်လျက်နဲ့သေသွားသလို ခံစားလိုက်ရသည်။

အသက်မဲ့သူလို တွေတွေကြီး ရပ်လျက် အာရုံစိတ်တွေ ဆောက်တည်ရာမရ ဖြစ်နေ၏။ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သော ဖိတ်စာသည် မော်ကွန်း၏တစ်ဘဝစာကို ချုပ်ကိုင်နှင့်နေပြီဆိုတာ ကမ္ဘည်းမှ မသိတော့တာ။

ဘယ်လိုမှ ပြင်မရနိုင်သော အမှားကြီးသည် ကိုယ့်ကိုယ်ကိုယ် မသေမချင်း မျှဉ်းသတ်တော့မည့် လူသတ်လက်နက်လို အင်အားကြီးစွာ ထိန်းချုပ်ခြောက်လှန့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မော် ဘာလို့ကျောက်ရုပ်ကြီးလို ရပ်နေတာလဲ၊ လာလေ ဖေဖေတို့မေမေတို့ နိုးလာရင် အားလုံးပြဿနာတွေတက်ကုန်မယ်"

အလောတကြီး ဆွဲခေါ်နေသော ကမ္ဘည်းကိုကြည့်ပြီး မော်ကွန်း ရင်ထဲဆို့တက်လာသည်။ ယောကျ်ားတန်မဲ့ မျက်ရည်တို့စို့လာသည်။ ဟီးခနဲ ငိုချပစ်လိုက်ဖို့ အသင့်အနေအထားမှာရှိနေဟန်ဖြင့် ကမ္ဘည်းကို တောင်းပန်တိုးလျှိုးသောအကြည့်ဖြင့် အားနာစွာကြည့်လိုက်ပြီး

"ငါတို့ အဲလိုလုပ်လို့ မရတော့ဘူး ကမ္ဘည်း"

ညမီးရောင်နှင့်အပြိုင် ကမ္ဘည်းမျက်ဝန်းလေး အံ့ဩစွာလက်သွားသည်။ နားမလည်သောအကြည့် မယုံကြည်နိုင်သောအရိပ်တွေဖြင့် ပင့်မော့လျက်

"မော် ဘာပြောတာလဲ၊ အဲဒါ ဘာကိုပြောတာလဲ"

"ငါတို့ ခုလိုလုပ်လို့မဖြစ်တော့ဘူး၊ အားလုံးလွန်ကုန်ပြီ"

မျှော်လင့်ချက်တွေအားလုံး ကမ္ဘည်းမျက်နှာပေါ်မှ ပြိုဆင်းကျလာသည်။ မယုံကြည်နိုင်ခြင်းအရိပ်တွေ မျက်နှာပေါ်ဆန်တက်လာကာ နှုတ်ခမ်းသားတို့ တဆတ်ဆတ်တုန်လာသည်။

"ငါ့ကိုရှင်းအောင်ပြောပေးပါ၊ မော် ဘာကိုလွန်ကုန်တာလဲ တကယ်ဆို ဒီအချိန်ဟာ ငါတို့နှစ်ယောက်အတွက် အကောင်းဆုံးအချိန် ကာလတစ်ခုလေ"

ကမ္ဘည်းအသံတွေသည် တိုးလျလွန်းကာ မယုံကြည်နိုင်ခြင်းတွေကြောင့် တုန်အက်နေ၏။





"နင်နဲ့ညီလင်းပ စေ့စပ်ပွဲက မနက်ဖြန်နေ့"

"အင်းလေ ဟုတ်တယ် ဒါကြောင့် ဒီည နင်နဲ့အတူ ထွက်ပြေးကြဖို့ ငါ ဆုံးဖြတ်လိုက်တာပေါ့"

"မနက်ဖြန် ငါ့မင်္ဂလာပွဲရှိတယ်"

"ဘာ"

ခြေအစုံပင် ယိုင်နဲ့သွားရလောက်အောင် ကမ္ဘည်း၏ကမ္ဘာသည် အစိတ်စိတ်အမွှာမွှာ ပြိုကွဲရလေပြီ။

"ဟုတ်တယ် ကမ္ဘည်း ဒါဟာ တကယ်တော့ ငါ့ရဲ့သေးသိမ်တဲ့ စိတ်နဲ့ နင့်အပေါ် နာကျည်းမိတဲ့စိတ်ကြောင့် နင့်ကို ငါကစပြီးထားခဲ့တာ ပါ။ ငါဆိုတဲ့ကောင်က ချစ်သူကထားခဲ့တဲ့နေရာမှာ ခပ်ကုတ်ကုတ်လေးရပ်ပြီး ကျန်မနေချင်ဘူး၊ နင် ငါ့ကိုမချစ်တော့ဘူး၊ ညီလင်းပနဲ့စေ့စပ်ဖို့ အတွက် ငါ့ကိုထားသွားတော့မယ်ဆိုတဲ့ နာကျင်စိတ်က ခုလို ငါ့ဘက်က မင်္ဂလာပွဲကို ဖြုန်းစားကြီး စီစဉ်ဖို့ တွန်းအားတစ်ခုဖြစ်ခဲ့တယ်"

ကမ္ဘည်းထံမှ အင့်ခနဲ ရှိုက်ငိုသံကို ရင်နာနာနှင့်ကြားလိုက်ရသည်။

"ခုတော့ ငါ့ဘဝကြီးဟာ ရင်လျက်နဲ့သေဆုံးသွားပြီ၊ မာနတစ်ခုကြောင့် ကိုယ်မချစ်တဲ့မိန်းကလေးကို လက်ထပ်ပြီး ငါ့ဘဝကို ငါစတေး ရတော့မယ်"

ပြောရင်းနှင့် ဟီးခနဲ ငိုချကာ ကမ္ဘည်းကို ရင်ခွင်ထဲသို့သွင်းလိုက်သည်။ မျက်ရည်ပြည့်အကြည့်တွေဖြင့် ကြေကွဲစွာ အကြည့်ချင်းဆုံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။

"ရက်စက်လိုက်တာ မော်ရယ်၊ နင် နင်မို့ ငါက နင့်ကိုမချစ်ဘူး လို့ထင်ရက်တယ်၊ ဘဝမှာ ငါအချစ်ဆုံးယောကျ်ားတစ်ယောက်ပဲရှိတယ် အဲဒါဟာ နင်ပဲ သိလား မော်"

ကမ္ဘည်း၏ရင်ထဲက စကားလုံးတွေသည် မော်ကွန်းကို မားနှင့် မွှန်းနေသလို ပြင်းပြစွာ နာကျင်ရ၏။

"ငါ မသိခဲ့ဘူး ကမ္ဘည်း။ ဒါကြောင့် နင် ငါ့ကိုခွင့်မလွှတ်ပါနဲ့ ငါ့ဘဝကို ငါမချစ်တဲ့မိန်းကလေးဘေးမှာ မြှုပ်နှံပြီး အပြစ်ပေးပါရစေ ဒါပေမဲ့ ငါ့ရင်ထဲမှာတော့ နင်ရှိနေမှာပါ ထာဝရရှိနေမှာပါ ကမ္ဘည်းရယ်"

ဆောက်တည်ရာမရဖြစ်စွာဖြင့် ကမ္ဘည်းကိုယ်လေးကို လွတ် ထွက်မတတ် တင်းကြပ်စွာပွေ့ဖက်ထားလိုက်၏။

"ငါ ယောကျ်ားကောင်းတစ်ယောက် မဟုတ်ဘူး။ ငါ အရှုံး မှားသွားတယ်၊ ငါ နင့်ကိုအရမ်းချစ်တယ်၊ တဒင်္ဂ မာနကြောင့် ငါ့ဘဝ တစ်ခုလုံး ပေးဆပ်ရတော့မယ်"

မော်ကွန်းအသံမှာ ငိုသံအက်ကာ အဆုံးသတ်မှာ တိမ်ဝင်သွား ၏။ ကမ္ဘည်း ဘယ်လိုချွေးသိပ်ရမလဲ။ မော်ကွန်းကို ချွေးသိပ်ဖို့အတွက် ကမ္ဘည်းမှာပြောစရာ ဘာတစ်ခွန်းမှမရှိတော့။

မော်ကွန်းကို စိတ်နာနာနှင့် မေ့ပစ်ရမှာလား။ ဒါမှမဟုတ် ချောင်ကောင်းကောင်းမှာထိုင်ပြီး ကြေကွဲပစ်ရမလား။

အမုန်းနှင့်လမ်းခွဲကြရမည်ဟု ထင်ထားသော ယုံကြည်ချက်



သည် ခုတော့ တက်တက်စင်အောင်ကို လွဲမှား၍နေသည်။

"ခုမှတော့ နင် ငါ့ကိုပဲ လက်ထပ်ရမယ်လို့ ဖွတ်မဆွဲဆောင် ခိုင်တော့ပါဘူး မော်၊ နင်လျှောက်မယ့်လမ်းကို ခပ်ဖြောင့်ဖြောင့်ပဲလျှောက် ပါတော့၊ ငါတို့တစ်ယောက်ကိုတစ်ယောက် ချစ်မိကြတဲ့အချစ်တွေကို ရင်ထဲ မှာပဲ ထာဝရသိမ်းဆည်းထားလိုက်ကြရအောင် မော်၊ နင် ကျေနပ်တယ် မဟုတ်လား"

မျက်ရည်တွေဖြင့် အံကြိတ်ကာ ခေါင်းတစ်ချက်ညိတ်ပြ၏။

ကမ္ဘည်း ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

ဒါဟာ ကမ္ဘည်းရဲ့အမှားလည်းပါခဲ့တာပဲ။ ကမ္ဘည်း တွေဝေခဲ့လို့ ဆုံးဖြတ်ချက်မရှိခဲ့လို့ မပြတ်သားခဲ့လို့ ခုလိုအခြေအနေမျိုးတွေ ဖြစ်ကုန်တာပါ။

ခုတော့ မလွှဲသာမရှောင်သာ လမ်းခွဲကြရအောင်ဆိုတဲ့စကား ပြောခဲ့ပြီး တခြားဘာအခွင့်အရေးမှ ထပ်မရှိနိုင်တော့။

ကြယ်တွေပြိုးပြိုးပြက်ပြက် လက်နေတဲ့ ညတစ်ညမှာ ချစ်သူ နှစ်ဦး ရင်ထဲမှာ ဒဏ်ရာဒဏ်ချက်တွေနှင့် ကျောခိုင်းကြသည့် မြင်ကွင်း ကိုတော့မှ မေ့နိုင်တော့မည် မဟုတ်။

www.burmeseclassic.com

## အခန်း (၁၂)

တိုနေ့သည် မော်ကွန်းနှင့် ကမ္ဗည်းတို့ ချစ်သူနှစ်ဦးအတွက် ဘယ်တော့မှ ပြန်မဆုံနိုင်မည့် ဆန့်ကျင်ရာအရပ်တွေဆီသို့ ဝေးကွာသွားစေမည့်နေ့ဆိုက မမှား။

မော်ကွန်း၏မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲ စည်ကားနေသလို ကမ္ဗည်း၏ စေ့စပ်ပွဲမှာလည်း အဆင့်အတန်းရှိရှိ အပေးအယူမျှမျှဖြင့် လူကြီးချင်း အောင်မြင်စွာ ရွှေလမ်းငွေလမ်းဖောက်နေကြသောအချိန်ဖြစ်သည်။

အရမ်းရင်းနှီးခင်မင်ခဲ့ကြသည့် မိသားစုနှစ်စု၏ရင်ထဲက အ… အခဲတွေသည် ရုပ်လုံးထုတ်မပြကြပေမယ့် မင်္ဂလာပွဲအတွက် လက်ဖွဲ… ကြီးပို့ပေးရုံကလွဲ၍ ဦးနောင်လတ်ရော ဒေါ်ချယ်ရီရော မော်ကွန်းမင်…





ပွဲကိုမတက်။

ကမ္ဗည်း ရင်ထဲမှာတော့ ရှုံးမတတ်ပါပဲ။

မိတ်ချင်း မင်္ဂလာစကားတွေပြောဆို ညှိနှိုင်းနေကြချိန် ညီလင်းပ၏မြွတ်နိုးသောအကြည့်တွေအောက်မှာ ထွက်ပေါက်ပိတ်မိနေသော ကမ္ဗည်းမှာ ခပ်ယဲ့ယဲ့အပြုံးတုတွေနှင့် မလှုံးသာမလွန့်သာ ရှိနေရသည်။

ရင်ထဲမှာ ကြေကွဲမိုးရွာကာ ရက်စက်လိုက်တာ မော်ရယ်ဟု ခပ်တိတ်တိတ်ညည်းတွားကြေကွဲနေရုံမှအပ လွတ်လပ်စွာ ကြေကွဲခွင့် မရှိ။

မော်ကွန်းမှာလည်း ဧည့်ပရိသတ်တွေကို သတို့သားအနေနှင့် အပြုံးတုတွေသုံးကာ လိုက်ဧည့်ခံနေရပေမယ့် ရင်ထဲမှာတော့ ကမ္ဘာပြို မတတ် ဆောက်တည်ရာမရ ဖြစ်နေတာ ကိုယ်ကိုယ်တိုင်ကလွဲပြီး ဘယ်သူ သိနိုင်မှာလဲ။

နားလည်မှုလွဲခဲ့သော အမှားတစ်ခုက ကိုယ့်ရင်ဝကို ကိုယ်ကိုယ် တိုင် မြားပြန်စိုက်မိသည့် ငမိုက်သားတစ်ယောက်၏လုပ်ရပ်မျိုးမို့ ကိုယ့် ကိုယ်ကိုယ် ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်။

ကမ္ဗည်းရယ် နောက်တစ်ကြိမ် ထပ်ချစ်ခွင့်ရဦးမယ်ဆိုရင် ငါ ဒီလ အဲဒီအချစ်ကို သွေးရှူးသွေးတန်းနဲ့ မျှော်လင့်တောင့်တနေမိမှာပါ။

ကိုယ့်ရင်ထဲက ဆန္ဒကို ကမ္ဗည်းမသိနိုင်တော့မှန်းသိပေမယ့် ဒါဟာ ကိုယ့်ရဲ့လောဘတစ်ခုပဲလေ။

ခုတော့ မော်ကွန်းသစ်နှင့်ကမ္ဗည်းထင်တို့၏အရှုံးသည် ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



တင် တစ်ခန်းရပ်လိုက်ကြရတော့၏။

ရင်ထဲမှာတော့ ဒဏ်ရာဒဏ်ချက်တွေ ဗလပွနှင့်ပါ။

■ ■ ■

## အခန်း (၁၃)

"ဟေး ကို"

"ဟဲလို ထင် ကြည့်ပါဦး၊ ကိုယ့်မိန်းမ မမြင်တာကြာလို့ အရမ်းဘိုမိုက်ပြီး လန်းလာတယ်ကွာ၊ ကြည့်ရတာ မြန်မာဆန်ပြီး ကျက်သရေနှိုလိုက်တာ"

လေဆိပ်တာဝါထဲမှ ညှော်သည်တွေကြားထဲ ထင်းခနဲလင်းခနဲဆွဲလိုက်ရသော ချစ်ဇနီးကိုမြင်တော့ ညီလင်းပ ဝမ်းသာအားရကြိုဆိုပျာဆက်ပြီး ကမ္ဘည်းထင်လက်ထဲမှ တွန်းလာသော အဝတ်သေတ္တာကိုသိမ်းယူလိုက်သည်။

"အဟင်း ကိုကလည်း ကိုယ့်မိန်းမကိုယ်ပြန်မြှောက်နေပြန်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သမီးလေးရော လာကြိုတာ ခေါ်မလာဘူးလားလို့"

သမီးလေးကိုတွေ့ချင်ဇောဖြင့် ဂျစ်တိုက်လိုက်သည်။

"ပါပါတယ် ထင်ရယ်၊ ထင့်သမီး အစားပုတ်မလေးက ဗိုက်ဆာလို့ဆိုပြီး သူ့ဘွားဘွားနဲ့ စားသောက်ခန်းမထဲမှာ ကျန်ခဲ့တယ်၊ ထင်လည်း ဗိုက်ဆာရောပေါ့၊ လာလေ သွားကြမယ်"

"ကိုတို့ ဘယ်အချိန်ကတည်းက ရောက်နေကြလို့ သမီးလေးက ဗိုက်ဆာရတာလဲ ကိုရယ်၊ သမီးလေးကို အပြင်အစားအစာတွေ သိပ်မကျွေးပါနဲ့ကွယ်"

"လေယာဉ်မဆိုက်ခင် တစ်နာရီလောက်အလိုကတည်းက ရောက်နေကြတာလေ"

"ဟယ် ဟုတ်လား အရမ်းစိတ်မောနေကြမှာပေါ့နော်"

"မမောပါဘူး၊ ကိုယ်က ကိုယ့်မိန်းမမျက်နှာလေးကို မြင်ရတော့မှာမို့ ရင်တွေခုန်နေရတာနဲ့ မောရမှန်းမသိပါဘူးဗျာ ဉာဏ်ကလေ နိုင်ငံခြားမှာဘွဲ့ယူလာတဲ့ ဆရာဝန်မကြီးမို့လားမသိဘူး ပိုပြီးခန့်ညားလာလိုက်တာ အရမ်းကျက်သရေရှိတာပဲကွာ"

"ကဲပါ ကိုရယ် ကိုယ့်မိန်းမကို ချီးမွမ်းခန်းဖွင့်ချင်ရင် အိမ်ရောက်မှဖွင့်၊ ကမ္ဘည်း သမီးလေးကိုတွေ့ချင်လှပြီ"

သမီးကိုတွေ့ချင်ဇောဖြင့် ညီလင်းပ လက်မောင်းကို ဆွဲခေါ်ပြီး သမီးလေးရှိရာ စားသောက်ဆိုင်ခန်းမဘက်သို့ လျှောက်လာကြသည်။

စားသောက်ဆိုင်အတွင်း၊ စားပွဲဝိုင်းတွင် ကုဒ်ဘူးနှင့် ဟမ်ဘာဂါ





ထိုင်စားနေသော သမီးလေးမှာ ကမ္ဘည်းကိုတွေ့တော့ လက်ထဲမှ ဟမ်ဘာဂါကိုချကာ ဝမ်းသာအားရပြေးလာသည်။

"မာမီ"

"သမီးလေး"

သမီးလေး တေးသံသာ၏ကိုယ်လုံးဝဝကစ်ကစ်လေးကို သိုင်းဖက်ကာ ပါးဖောင်းဖောင်းလေးကို တရှုံ့ရှုံ့နမ်းလိုက်သည်။

မိသားစုတွေ့ဆုံခန်းလေးကို ယောက္ခမဖြစ်သူက ဘေးမှကြည်ရင်း ပီတိတွေဖြစ်နေရှာ၏။ နောက်လျှာဆံထုံးလေးမှာ ခရမ်းရောင်သစ်ခွလေးတစ်ပွင့်ပန်ကာ ပန်းခရမ်းဖျော့ဖျော့ ချိတ်ကို မြန်မာဆန်ဆန်ဝတ်ဆင်ထားသော ကမ္ဘည်းထင်၏ဟန်သည် ပညာတတ် ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်ဆိုတာ မြင်ရုံနှင့်ပင် သိနိုင်လောက်အောင် အထက်တန်းကျကျလှလွန်းပါသည်။

"သမီးက အထူးကုဆရာဝန်မကြီး ဖြစ်လာလို့ထင်တယ်၊ အရမ်းကို တည်ငြိမ်ရင့်ကျက်တဲ့ပုံပေါက်သွားတယ်ကွယ်"

"သားမိန်းမက ဒီကမ္ဘာမှာ အလှဆုံးပဲမဟုတ်လား မာမီ"

ဇနီးအတွက် ကိုယ့်ကိုကိုယ် ဂုဏ်ယူကာပြောနေသော ညီလင်းပကို မိခင်ဖြစ်သူကြည့်ပြီး သဘောတကျရယ်သည်။

သားသိပ်ချစ် သိပ်မြတ်နိုးသော ဇနီး နိုင်ငံခြားက ပညာတော်သင်ဘွဲ့ယူပြီး ပြန်လာတာမို့ အပျော်လွန်နေသော သားအတွက် ပီတိကူဖြစ်ပေးရတာ ကျေနပ်စရာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မာမို့ချွေးမလေးက သားပြောသလို ကမ္ဘာမှာအလှဆုံးပါပဲကွယ်"

"ကိုရော မာမီရော ကမ္ဘည်းကိုမြှောက်လွန်းလို့ လေထဲမှာမြောက်နေသလိုပဲ၊ သမီးလေး မာမို့လက်ကိုဆုပ်ကိုင်ထားပါဦး၊ တော်ကြာကောင်းကင်ပေါ်တက်သွားဦးမယ်"

ကမ္ဘည်း၏ရွှတ်နောက်နောက်စကားကြောင့် သမီးလေး တခစ်ခစ်ရယ်နေ၏။ မြင်ကွင်းလေးက တကယ့်ကို ရင်အေးစရာ မြင်ကွင်းလေးပါပဲ။

ကမ္ဘည်းဘဝလေးသည် ကိုယ့်ကိုသိပ်ချစ်သော ခင်ပွန်းနှင့်ကိုယ်ကသိပ်ချစ်ရသော သမီးလေးရှိနေမှတော့ ဘာကိုမှထပ်ပြီး မတောင့်တတော့ပါ။

ညီလင်းပနှင့်လက်ထပ်လိုက်ရသည့်အတွက် ကမ္ဘည်း ဘယ်တုန်းကမှ နောင်တမရပါ။ အချစ်ကို ကိုးကွယ်သူများမဟုတ်ခဲ့ကြပေမယ့် တစ်ယောက်ကိုတစ်ယောက် ယုံကြည်လေးစားမှုနှင့် အပြန်အလှန်နားလည်မှုတွေကြောင့် ကမ္ဘည်းတို့အိမ်ထောင်ရေးသည် အရမ်းကိုသာယာခဲ့ပါသည်။

ကိုယ်ကျင်လည်ခဲ့ရသော အသိုင်းအဝိုင်းအလယ်တွင် ကမ္ဘည်းတို့ဇနီးမောင်နှံသည် သူများလေးစားအားကျရလောက်သော စံပြဇနီးမောင်နှံအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ခဲ့သည်။

ယခု ကမ္ဘည်းထင်သည် လမင်းကိုထိုင်ငေးကြည့်ပြီး ရင်ထဲက





ခံစားမှုတွေကို ကဗျာဖွဲ့ရတော့မယ့်အရွယ်လည်း မဟုတ်တော့ပါ။

အင်မတန် တည်ငြိမ်ရင့်ကျက်သော ချစ်သူနှင့်လမ်းခွဲခဲ့စဉ်တုန်းက ခံစားမှုမျိုးတွေ ရင်ထဲမှာ မြူတစ်မှုန်စာတောင် ရှိမနေတော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

F.R.C.S ဘွဲ့ယူပြီးကာစ အသက်ငယ်ငယ် ဆရာဝန်မကြီး ကမ္ဘည်းထင်၏စိတ်တို့သည် ဆေးရုံဝင်းအတွင်း ကားရပ်ပြီး ခြေချလိုက်သည်နှင့် ဒီဆေးရုံကြီးအတွင်းမှ လူနာတွေအတွက် ကိုယ်ကျိုးကို ပဓာန မထားဘဲ အတတ်နိုင်ဆုံး ပေးဆပ်မည်ဟူသော စိတ်တစ်ခုပြင်းပြစွာ ဝင်ရောက်လာပြီး လတ်ဆတ်စွာ ဖြတ်တိုက်လာသော လေပြည်တို့ကို တစ်ဝကြီး ရှူသွင်းလိုက်သည်။

စတိုင်ကျပြီး တင့်တယ်သော ခြေလှမ်းတွေဖြင့် အဆောက်အဦးကြီးထဲ ဝင်ခဲ့လိုက်သည်။ ဆေးရုံနံ့ခပ်သင်းသင်းကို အရင်ဆုံးရှူရှိုက်မိလိုက်သည်။





"ဒေါက်တာ ကွန်ဂရက်ကျူလေးရှင်းပါ"

အရိုးအကြောဌာနက ဒေါက်တာ ခင်မြတ်မွန် တရိုတသေ နှုတ်ဆက်လာသဖြင့် ဖော်ရွေသောအပြုံးချိုချိုဖြင့်

"သင့်ခယူပါ မြတ်မွန်"

ဆေးရုံထဲရှိ ဆရာဝန် သူနာပြုများအားလုံး၏အကြည့်တွေသည် လေးစားသောအကြည့် အားကျသောအကြည့်တွေဖြင့်ကြည့်ကာ ဖက်လှဲတကင်း ခရီးဦးကြိုပြုကြ၏။

အားလုံးကို လေးလေးနက်နက် ပြန်လည်နှုတ်ဆက်ရင်း ဆေးရုံအုပ်ကြီးအခန်းထဲသို့ အရင်ဆုံး ဝင်ခဲ့လိုက်သည်။

"ဟိုင်း ပြန်ရောက်နေပြီဆိုတာ သတင်းကြားတယ်၊ မနေ့က အရေးပေါ်အော်ပရေးရှင်းဝင်တာနဲ့ လာမကြိုဖြစ်လိုက်ဘူး၊ ဆောရီး ဒေါက်တာ"

ကိုယ့်အဖေအရွယ်လောက်ရှိသည့် ဆေးရုံအုပ်ကြီး ဒေါက်တာ လှဘော်၏အားနာသောစကားကြောင့်

"ကိစ္စမရှိပါဘူး ဆရာကြီးရယ်၊ အားလုံးက တာဝန်ကိုယ်စီနဲ့ ဆိုတော့ အချိန်ပိုဆိုတာ ဘယ်ရှိနိုင်ကြပါ့မလဲ"

ဆေးရုံအုပ်ကြီး ခေါင်းတညိတ်ညိတ်နှင့်ပြုံးသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ထူးချွန်ထက်မြက်သည့် ဆေးပညာရှင် ကမ္ဘည်းကို မလေးစားဘဲ မနေနိုင်။ ဒီဆေးရုံကြီးအတွက် အားကိုးအားထားပြုလောက်သည့် လက်သစ်ဖက်မို့ လိုတာထက်ပိုပြီး တလေးတစား ဆက်ဆံခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ အားလုံးအဆင်ပြေပြေရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ပြေပါတယ် ဆရာကြီး"

"ရောက်တုန်းရောက်ခိုက် တစ်ရက်နှစ်ရက်လောက် အနားယူပြီးမှ word ဆင်းလည်း ရပါတယ် ဒေါက်တာရယ်"

စေတနာနှင့်ပြောလာသောစကားမို့ အသိအမှတ်ပြု အပြုံးကိုနွေးထွေးစွာပြုံးပြရင်း

"အမြဲတမ်း အလုပ်တွေနဲ့ပဲနေသားကျနေလို့ အနားယူဖို့တောင် သတိမရပါဘူး ဆရာကြီးရယ်၊ ဟိုက ဆေးပညာတွေနဲ့ ဆေးဝါးကုသမှုအပိုင်းကဏ္ဍက နည်းပညာတွေက အံ့မခန်းတိုးတက်နေတာတွေ့ရတော့ ကိုယ့်တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာကနေပြီး အားပြည့်အတွက် အရမ်းကို စိတ်အားထက်သန်နေတော့ ဆေးရုံကို လာချင်တဲ့စိတ်တွေက ရှေ့ကိုကြိုရောက်နေတာလေ"

"ဒီဆေးရုံအတွက် ရည်ရွယ်ချက်ကောင်းကောင်းထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဆရာဝန်ကြီးနှင့်ဆေးပညာအကြောင်း ဖလှယ်နေစဉ် နာ့စ်တစ်ယောက် ပန်းစည်းကိုကိုင်ကာ ဝင်လာ၏။

"ဆရာကြီး ပန်းစည်းရောက်ပါပြီ"

"အိုကေ"

နာ့စ် လက်ထဲမှ ပန်းစည်းကိုဆေးရုံအုပ်ကြီးအား တရိုတသေလှမ်းပေး၏။ ဆေးရုံအုပ်ကြီးလှမ်းယူကာ





"ကဲ ဒေါက်တာ ကွန်ဂရက်ကျူလေးရှင်းပါ F.R.C.S ခွဲစိတ်အတူးကု ဆရာဝန်ကြီး ဒေါက်တာကမ္ဘည်းထင်ကို ဂုဏ်ပြုပန်းစည်း ပေးတာပါ"

တရိုတသေလှမ်းပေးသော ဆေးရုံအုပ်ကြီးလက်ထဲမှ အဖြူရောင် အော်စကာပန်းစည်းကိုကြည့်ပြီး အနေခက်သောအပြုံးဖြင့်ပြုံးကာ

"အိုး ရက်စ် သင့်ခယူပါ ဆရာကြီး၊ ဟိုက သင်ယူလာတဲ့ ဆေးပညာတွေအားလုံးကို ဒီမှာပြန်ပြီး မချွင်းမချန် အသုံးချပါ့မယ်"

ကမ္ဘည်းထင်၏ကတိစကားကြောင့် ဆေးရုံအုပ်ကြီး ဒေါက်တာလှဘော် ကျေနပ်အားရစွာ ရယ်လိုက်ပြီး

"ယုံကြည်ပါတယ် အရမ်းကို ယုံကြည်ပါတယ်၊ ခြော် ဒါနဲ့ ရောက်တာနဲ့ အလုပ်အော်ဒါတွေ တန်းပေးတယ် မထင်ပါနဲ့၊ ဒီနေ့ word ထဲဆင်းလက်စနဲ့ ဟောက်စ်လေးတွေကို လက်ချာပေးဖို့ အချိန်တစ်နာရီလောက်တော့ ယူရမယ်ထင်တယ်၊ ကလေးတွေက ဒေါက်တာရဲ့ သင်ကြားရေးပိုင်းကို မျှော်လင့်နေကြတယ်"

"ဟုတ်ကဲ့ပါ အချိန်ပေးရမှာပေါ့ ဆရာကြီးရယ်၊ မျိုးဆက်သစ်လေးတွေအတွက် ကျွန်မတို့မှာ တတ်ထားသိထားတဲ့ဆေးပညာတွေ ဆေးလောကအတွေ့အကြုံတွေကို ဒီကလေးတွေကို ပြန် share ပေးဖို့ နဂိုကတည်းက စိတ်ထက်သန်ပြီးသားပါ"

"ဟုတ်ပါပြီ ဒါကောင်းတဲ့ရည်ရွယ်ချက်ပါ"

"ဆေးပညာဖွံ့ဖြိုးတဲ့နိုင်ငံတွေက ယူလာတဲ့ဘွဲ့တွေရဲ့အဓိက



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်က ကျွန်မတို့နိုင်ငံလည်း တခြားနိုင်ငံတွေလို ဆေးပညာကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်တဲ့ မျိုးဆက်သစ် ဆေးပညာရှင်တွေကို မွေးထုတ်ပေးဖို့ပါပဲ''

ဒေါက်တာလှဘော် ခေါင်းတဆတ်ဆတ်ညိတ်ကာ

''အိုကေ right အရမ်းကို အားရစရာကောင်းတဲ့ စကားပါ၊ အများကြီးမျှော်လင့်ပါတယ်၊ ဒေါက်တာ ကွန့်ဂရက်ကျူလေးရှင်းပါ''

ကမ်းပေးလာသော လက်တစ်ဖက်ကို အလိုက်သင့်လေး ပြန်၍ လက်ဆွဲနှုတ်ဆက်လိုက်သည်။

တကယ်တော့ ဘဝဆိုတာ တကယ့်ကို တိုတိုလေးပါ။ အဲဒီ တဒင်္ဂတိုတိုလေးထဲမှာ ကမ္ဘာ့သည်းရဲ့ဘဝကို အဓိပ္ပာယ်ရှိရှိ ရှင်သန်ပြီး ကိုယ့် ဘက်က ရယူခြင်းမဟုတ်တဲ့ ပေးဆပ်မှုမျိုးတွေနဲ့ပဲ ရှင်သန်သွားချင်တာပါ။

အားလုံးပဲ ဘယ်သူ့ကိုမဆိုပေါ့။

■ ■ ■

အခန်း (၁၅)

''မာမီ လာကြည့်ပါဦး ဒယ်ဒီက မာမီ့စာကြည့်ခန်းကို ရှယ် ပြင်ပေးထားတယ်''

ခါးကြိုးချည်ရေခံဂါဝန်ကို ရေချိုးပြီးစ ကိုယ်ပေါ် ကပျာကယာ ဝတ်လိုက်ပြီး မွေးပွသဘက်လေးကို ရေစိုသောခေါင်းမှာပင့်ပြီး ပတ်လိုက် သည်။

ရေချိုးခန်းတံခါးလက်ကိုင်ဘုကို ဆွဲလှည့်ပြီး ဖွင့်လိုက်သည်နှင့် ရေချိုးခန်းရှေ့တွင် ခုန်ပေါက်မြူးတူးနေသော သမီးကိုကြည့်ကာ

''မာမီ့စာကြည့်ခန်းကို ဘယ်လိုရှယ်ပြင်ထားတာလို့တုန်းကွဲ့''

''ဟား အရမ်းမိုက်တယ်၊ မီးမီးတော် နောက်ဆို မာမီ့စာ ကြည့်ခန်းကို စာကျက်တဲ့အခါ လာသုံးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"အိုး ဟုတ်လား၊ ဘယ်လိုတွေပြင်ဆင်ထားလို့လဲ သမီးရဲ့"

"လာလေ ရောက်တော့ သိမှာပေါ့"

"နေဦးလေ မာမီ့ခေါင်းက ဆံပင်တွေ ရေခြောက်အောင်လုပ်ရဦးမယ်၊ နောက်မှလာကြည့်မယ်နော် သမီး"

အတင်းဆွဲခေါ်နေသော သမီးကို ချော့လိုက်သည်။

"ဟင့်အင်း မရဘူး ခုပဲလိုက်ကြည့်၊ မာမီ့ခေါင်းမခြောက်မှာ မပူနဲ့၊ မာမီ ရေချိုးခေါင်းလျှော်နေမှန်းသိလို့ ဒယ်ဒီက hair dryer အဆင်သင့်ယူထားပြီးသား"

"ဟုတ်လား ဒါဆို သမီး ဒယ်ဒီကအရမ်းအလိုက်သိလိမ္မာတာပေါ့ ဟုတ်လား"

"အင်း ဒယ်ဒီလည်းလိမ္မာတယ်၊ မီးမီးလည်းလိမ္မာတယ်၊ မီးမီးက မာမီ့ကို လိုးရှင်းလိမ်းပေးမယ်၊ မာမီဝတ်ဖို့ ညအိပ်ဂါဝန်ထုတ်ပေးမယ်"

မျက်လုံးလေးဝင့်ကာဝင့်ကာနှင့်ပြောနေသော သမီးလေး၏ အသည်းယားလွန်း၍ ပါးဖောင်းဖောင်းလေးကို နမ်းပစ်လိုက်သည်။ ချစ်စရာကောင်းလွန်းသော သမီးလေး၏စကားပြောဟန် ပြောပေါက်လေးတွေက တစ်ခါတစ်ရံ သူ့အဖေနှင့်တူသလို တစ်ခါတစ်ရံမှာ ကမ္ဘည်းနှင့် တူတတ်သည်။

ကမ္ဘည်းအပေါ်မှာထားသည့် ညီလင်းပ၏အချစ်တွေသည် သိမ်မွေ့သည်။ နူးညံ့သည် အနုစိပ်လွန်းသည်။ အသေးအဖွဲ့ကိစ္စလေးကအစ



ပ်မှန်ထက်ပို၍ လေးနက်လွန်းသည်။ အချစ်တွေကို ပုံစံအမျိုးမျိုးနှင့် အမြဲတမ်း ပေးဆပ်၏။

ကမ္ဘည်းမှာသာ အချိန်တွေကို ဆေးရုံနှင့်ဆေးကျမ်းစာအုပ်တွေထဲမှာသာ နှစ်ထားတတ်ပြီး ခင်ပွန်းနှင့်သမီးလေးအပေါ် ဂရုစိုက်မှုနည်းပါးတတ်သည်။ ပညာတော်သင်သွားနေတဲ့အချိန်ကာလတွေမှာဆိုလျှင် သူ့ဘက်က တစ်နေ့ကို သုံးလေးချိန်လောက် မေးလ်ပို့တတ်သည်။

တစ်ခါတစ်ရံ အချိန်ပေးရမှန်းသိပေမယ့် မအားလပ်သည့်အလုပ်များမှုတွေကြောင့် မိသားစုနှင့်အတူ အချိန်ဖြုန်းပြီးပျော်ရွှင်ဖို့ စိတ်ကူးထဲမှာသာ ပုံဖော်နိုင်သည်။ လက်တွေ့ကျကျ မလုပ်ဖြစ်။

ခုလည်း သားအဖနှစ်ယောက် ကမ္ဘည်းဆေးရုံက ပြန်လာကတည်းက ကြိတ်ကြိတ်ကြိတ်ကြိတ်နှင့် တစ်ခုခုကို ကမ္ဘည်းမသိအောင် ကြိတ်လုပ်နေကြပုံပင်။

"လာ မာမီ ဒယ်ဒီ စာကြည့်ခန်းထဲမှာရှိတယ်"

သမီး လက်ဆွဲခေါ်ရာနောက်သို့ ကမ္ဘည်း လိုက်သွားလိုက်သည်။

ခပ်ဟဟလေးပွင့်နေသော စာကြည့်ခန်းတံခါးကို သမီးက ဦးဆောင်ပြီး တွန်းဖွင့်လိုက်သည်။

မွှေးပျံ့သော အခန်းသန့်ဆေးရနံ့ကို အရင်ဆုံးရှူရှိုက်လိုက်ရပြီး အေးမြသော အဲကွန်းအငွေ့အသက်က ခပ်စိမ့်စိမ့်လေး လာရောက်တိုးသည်။

ပြာလွင်လွင် စာကြည့်ခန်း၏အပြင်အဆင်ကို ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဝါး ကမ္ဘည်း စာကြည့်ခန်းမှ ဟုတ်ပါတော့မလား"

အမေးဖင်းဖြစ်သွားပုံဖြင့် ပြောလိုက်သောကြောင့် ညီလင်းပနှင့် သမီး လက်ဝါးချင်း အောင်မြင်စွာရိုက်လိုက်သည်။

"အို ဘွန်စိုင်းပင်လေးတွေ ပုံစံမျိုးစုံလေးတွေပါလား၊ ချစ်ဖို့ကောင်းလိုက်တာ"

မြင့်မားသော မှန်ချပ်ကြီးတွေကာရံထားသော အခန်းနံရံနား တွင် နေရောင်ခြည်တိုက်ရိုက်ထိတွေ့စေရန် ဘွန်ဆိုင်းပင်လေးတွေကို အစီအရီ ချထား၏။

အတွင်းဘက်နံရံတွေမှာ ရေတံခွန်ပုံစံ ဖန်တီးထားပုံက စိတ် ကြည်လင်လန်းဆန်းခြင်းကိုဖြစ်စေပြီး စီးကျနေသော ရေသံလေးတွေက တောတောင်သဘာဝ၏အငွေ့အသက်အချို့ကို ပေးနေသလိုပင်၊ မျက်နှာ ကြက်တွင် မီးဆိုင်းတွေကို အသုံးမပြုဘဲ မီးအိမ်တွေကို အုပ်မိုးအသုံး ပြုထားပုံက ရှိမန့်ဆန်လွန်း၏။

ခြေနင့်နင်းထားမိသော ကျွန်းသစ်ဒီဇိုင်း မွေးပွကော်ဇော က လည်း နင်းရက်စရာမရှိ ဖွေးနုကြည်လင်နေသော ခြေအစုံ မြှုပ်ဝင်မ တတ်။

စာကြည့်စားပွဲနှင့်နံရံကပ်စာအုပ်စင်တွေ၏ဘေးတွင် ပရိုဂျက် တာဖြင့်ကြည့်ဖို့ ရောမတီဗွီကြီးနှင့် ရှုခင်းပုံတွေကိုသာ ရွေးချိတ်ထားသော ပန်းချီကားတချို့၊ ကွန်ပျူတာအလုပ်စားပွဲ၊ အားလုံး သူ့နေရာနှင့်သူ နေသားတကျ။





Recliner chair လို့ခေါ်သော ခလုပ်နှိပ်လိုက်လျှင် ခြေထောက် တွေဆန့်ထုတ်ပြီး ကိုယ်ကိုပါသက်တောင့်သက်သာ မှီလျှောထိုင်လို့ရသည့် eather ကုလားထိုင်တစ်လုံးကို ခြံထဲမှ သစ်ပင်စိမ်းစိမ်းစိုစိုနှင့် အလှ န်းခင်းများကို ကြည့်စေရန်လည်း စီစဉ်ပေးထား၏။

အားလုံးလိုအပ်ချက်မရှိအောင် စီစဉ်ပေးထားသောကြောင့် ကျေးဇူးတင်သောအကြည့်ဖြင့်ကြည့်ကာ

"သင့်ခယူပါ ကိုရယ်၊ ကမ္ဘည်း မရှိတဲ့အချိန်မှာ စာကြည့်ခန်း သစ်လေးဖြစ်အောင် ဖန်တီးပေးထားတဲ့အတွက်ပေါ့"

"ဟော့ ကမ္ဘည်း ကိုယ်တို့က လင်မယားတွေလေ၊ ကျေးဇူးဆိုတဲ့ ားပြောဖို့ လိုအပ်လို့လား"

"မာမီ မီးမီးကိုရော ကျေးဇူးမတင်ဘူးလား၊ ရေတံခွန်လေး ကြားထဲက ကျောက်ခက်ပန်းတွေက မီးမီးအိုင်ဒီယာတွေလေ"

သမီးလေးကပါ လက်မလေးတစ်ထောင်ထောင်နှင့် ချစ်စဖွယ် ာင်ယူနေသဖြင့် ကမ္ဘည်းထင် ပခုံးလေးကိုဆတ်ခနဲတွန့်ကာ

"ဟုတ်လား ဒါဆိုရင် မာမီက ကျေးဇူးတွေ တအားတင်တဲ့ နဲ့ မွှေးမွှေးတွေ တစ်ဝကြီးပေးမှာ"

ကမ္ဘည်းစကားကြောင့် သမီးလေး တခစ်ခစ်ရယ်၏။

"ဟော့ ကမ္ဘည်း ဒါတော့ မျက်နှာလိုက်တယ်ကွာ၊ သမီးကိုတော့ မွှေးတစ်ဝကြီးပေးပြီး ကိုယ့်ကိုတော့ မပေးဘူးပေါ့"

အရယ်အရွှန်းဖောက်ကာ ဝင်ပြောလိုက်သောကြောင့် ကမ္ဘည်း



www.burmeseclassic.com

www.burmeseclassic.com



သမီးရှေ့မှာမို့ ရှက်အမ်းအမ်းဖြစ်ကာ

"ကို ဘာတွေလျှောက်ပြောနေတာလဲ၊ သမီးရှေ့မှာ ရှက်စရာကြီး၊ အပြောအဆိုဆင်ခြင်ပါ ပလီစ်"

"ဟာ မာမီကလည်း ဒယ်ဒီ့ကို မီးမီးကိုပေးသလို မွှေးမွှေးပေးလိုက်ပါ၊ ဒယ်ဒီကျတော့လေ မာမီ နိုင်ငံခြားမှာစာသွားဖတ်တုန်းကဆိုရင် ညအိပ်ခါနီးတိုင်း မီးမီးကို မွှေးမွှေးပေးတယ်၊ ပြီးရင် မာမီ့ဓာတ်ပုံကို အကြာကြီးစိုက်ကြည့်ပြီး မွှေးမွှေးတွေပေးရော"

"ဟောတော် ကို မလွှယ်ပါလား၊ သမီးက ဒါတောင်သိနေပါလား"

ကမ္ဗည်း မျက်ဝန်းအဝိုင်းသားနှင့် ညီလင်းပကို လှမ်းကြည့်ပြီး မျက်စောင်းခပ်လက်လက်လေး ထိုးလိုက်သည်။

"အဟဲ ဒါ ဒါတော့ ကိုယ်လည်းမသိဘူးလေ၊ ကိုယ်က သမီးအိပ်နေတယ်ထင်လို့ပေါ့ အဟဲ ဟဲ ဟဲ"

"သွားပါ တကယ်ကို ပိုတယ်"

ပန်းနုရောင် နီစွေးစွေးလေးက ထင်းခနဲ။

သမီးသည် အလိုက်သိသလို အခြေအနေကိုလည်း သုံးသပ်တတ်သူမို့

"ဒယ်ဒီ မာမီ့ရဲ့ရေစိုဆံပင်တွေကို dryer နဲ့မှုတ်ပေးလိုက် မီးမီးက ကူးကူးကို ကော်ဖီသွားဖျော်ခိုင်းလိုက်မယ် ဘိုင့်ဘိုင်"

သမီးလေး အခန်းထဲမှ လှစ်ခနဲ ထွက်သွားသည်။





"ကဲ ကိုယ်တို့သမီး ဘယ်လောက်ပါးနပ်လိုက်သလဲ"

ညီလင်းပ လက်အစုံက ကမ္ဗည်း၏ရေချိုးဆပ်ပြာနံ့သင်းနေသော ကိုယ်လေးကို မက်မပြေစွာ ဆွဲသိမ်းဖက်လိုက်ပြီး မျက်နှာအနှံ့အနမ်းတွေကို အလွမ်းပြေစွာ ခြွေချလိုက်သည်။

"အို ကို သမီးဝင်လာမယ်ကွာ"

"ဟင့်အင်း ဝင်မလာပါဘူး၊ ကိုယ်သိပါတယ်၊ ကိုယ်တို့အနမ်းတွေ ဖလှယ်ပြီး တော်တော်လေးကြာမှ သမီးလေး ဝင်လာမှာ"

သိမ်မွေ့သော အနမ်းရှည်တို့သည် ကမ္ဗည်းအတွက် အသက်ရှူမှားမတတ်ပါပဲ။

လောကမှာ ပညာဂုဏ် ငွေကြေးဓနေ၊ အလှအပြင် သိပ်ပြီး နူးညံ့သိမ်မွေ့နက်နဲသော အချစ်တွေကိုပိုင်ဆိုင်ရသော ကမ္ဗည်းလို မိန်းမမျိုး ဘယ်နှစ်ယောက်များ ရှိပါလေစ။

ဘဝမှာကျေနပ်စရာတွေနှင့် ရင်ခုန်သံတွေက အမြဲတမ်း သစ်လွင်နေတော့တာပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

လူနာမိန်းကလေး၏မျက်နှာမှာ ဖြူဖျော့နေ၍ ကမ္ဘည်းထင်စိတ် ထဲ သိပ်အားမရ။ သားအိမ်ထဲမှ အလုံးကိုခွဲထုတ်ပြီးတာတွေ့ောင်နောက် ဆက်တွဲဝေဒနာတွေက ရှိနေသေးသည်မို့ သိပ်တော့မလွယ်လှ။

ဒီတော့ လူနာ၏ကိုယ်ရေးမှတ်တမ်းကို နောက်ကြောင်းပြန်လှန်ရတော့၏။

"လင်းလင်းရေ ဒီလူနာရဲ့သွေးစစ်ချက်မှတ်တမ်းမှာ HIV Positive ဖြစ်နေတဲ့အတွက် သိပ်တော့မလွယ်ဘူး"

ဆရာဝန်မလေး လင်းလင်းသာကိုကြည့်ပြီး လူနာ၏အခြေအနေကို ခပ်တိုးတိုးပြောလိုက်သည်။

ဒီနေ့ word ထဲ round ပြီး ကြည့်သည့် လူနာတွေထဲမှာ ထို





အမျိုးသမီးကို သိပ်အားမရ။ Medical Chart ကို လှန်လှောကြည့်သည်နှင့် ရောဂါလက္ခဏာတွေက မနည်းမနော။

"ဟုတ်တယ် ဒေါက်တာ၊ သာလာစီးမီးယားကပါ ခေတ်ခံရှိနေတော့ သွေးက မပြတ်သွင်းနေရတယ်"

"အိုကေ အခြေအနေထူးရင်တော့ ကိုယ့်ကိုလာပြောပါ၊ ဒါနဲ့ အော်ပရေးရှင်းဝင်ဖို့ လူနာရော အဆင်သင့်ဖြစ်ပြီလား"

"နောက်နာရီဝက်လောက်ဆိုရင် ဝင်လို့ရပါပြီ"

"အိုကေ ကဲ အရိုးအကြောဘက်က လူနာတွေဆီ round လိုက်ကြရအောင်"

အဆောင် A ထဲမှထွက်ပြီး အဆောင် B အရိုးအကြောဆောင်သို့ ထွက်လာခဲ့လိုက်ကြသည်။ ထိုစဉ် ဖုန်းမြည်လာ၍ ဂျူတီကုတ်ထဲမှဖုန်းကိုထုတ်ပြီး ထူးလိုက်သည်။

"ဟဲလို ကို ပြောကွယ်၊ ကမ္ဘည်း round နေလို့မအားဘူး"

လုပ်ငန်းခွင်ထဲမှာမို့ ကိုယ်ရေးကိုယ်တာကိစ္စ သိပ်မပြောချင်။ အထူးသဖြင့် ကိုယ့်လက်အောက်ငယ်သား တပည့်တွေရှေ့မှာ ပို၍တည်ည်တံ့တံ့နေချင်သည်။

"ဪ ညစာစားပွဲက ညနေခြောက်နာရီဆိုရင် အမြန်ပြန်လာခဲ့မယ်၊ ဒါပဲနော် ကို"

တိုတိုတုတ်တုတ်ပြောပြီး ဖုန်းကိုပိတ်လိုက်သည်။

အနောက်မှ နှစ်တစ်ယောက် လက်ထောက်ဆရာဝန် လင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းနှင့် တခြားဟောက်စ်လေးတွေ သုံးလေးယောက်လောက်ပါသည်မို့ သူတို့ကတော့ ကိုယ့်ကိုဘယ်လိုမြင်မလဲမသိ။

ကမ္ဘည်းကတော့ ဂျူနီယာလေးတွေရှေ့မှာ ခင်ပွန်းဖြစ်သူနှင့် ဖုန်းပြောရမှာကို ဝန်အလေးဆုံးဖြစ်သည်။

သူတို့အကြည့်တွေထဲမှာတော့ ကမ္ဘည်းထင်ကို အားကျသော အကြည့်တွေ စွန်းထင်းနေကြသည်ဆိုတာကို ကမ္ဘည်းကောင်းကောင်း သိသည်။

ဒေါက်တာ ကမ္ဘည်းထင်နှင့်ဟိုးဘယ်လုပ်ငန်းရှင် ဦးညီလင်းပ တို့နှစ်ဦး ရေ့သွားနောက်လိုက်ညီကာ တစ်ဦးနှင့်တစ်ဦး သိပ်ချစ်ကြတာ အားလုံးအသိ။

■ ■ ■

အခန်း (၁၇)

"ဝါး ကိုယ့်မိန်းမက ခုလိုလေး ပါတီပွဲတက်မယ့်ဝတ်စုံလေး နဲ့ကျတော့ အရမ်းကို ပိုငယ်သွားသလိုပဲကွာ၊ F.R.C.S ခွဲစိတ်ပါရဂူကြီးလို့ ဘယ်သူက ထင်မှာလဲ၊ ခုခေတ်မော်ဒယ်တွေ နားထားလိုက်"

ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေသော ကိုကိုကြည့်ပြီး မပွင့်တစ်ပွင့်လေး ရယ်လိုက်သည်။ ကိုသည် ကမ္ဘည်းထင်အား ဘယ်လိုအချိန် ဘယ်လို နေရာမျိုးမှာဖြစ်ဖြစ် မရိုးနိုင်သော ချီးမွမ်းခြင်းများဖြင့် အမြဲပြောတတ်သူ ဖြစ်သည်။

"ကို ကမ္ဘည်းကို မလှဘူးပြောတဲ့အချိန်ရော ရှိသေးလို့လား၊ တစ်ရေးနိုးလို့ ရေထသောက်တာတောင် ငါ့မိန်းမက အိပ်နေလည်း လှတာ ပဲလို့ ချီးမွမ်းခန်းဖွင့်နေတာ ကမ္ဘည်း မသိဘူးထင်လို့လား ဟွန်း"

www.burmeseclassic.com



"ဒါအမှန်တရားပဲလေ၊ ကိုယ့်မိန်းမကြောင့် ကိုယ့်အသိုင်းအဝိုင်းတွေအလယ်မှာ ဘယ်လောက်ဂုဏ်တက်ခဲ့ရလဲ၊ ဒါ နည်းတဲ့ကုသိုလ်ကံ အကျိုးပေးမဟုတ်ဘူး။ ကိုယ်တော့ ကမ္မည်းရဲ့ခင်ပွန်းလုပ်ရမယ်ဆိုရင် နောက်ဘဝတစ်ရာဆက်တိုက်လုပ်လိုက်ချင်ပါတယ်"

"ကဲ ကို ညစာစားပွဲက ခြောက်နာရီဆို၊ ခုလိုပဲ ကိုယ့်မိန်းမကို ချီးမွမ်းခန်းထိုင်ဖွင့်တော့မှာလား။ တကယ်ပဲ လူကို အနေခက်အောင် အမြဲလုပ်တယ် အဟင်း ဟင်း"

"ဟင့်အင်း ကိုယ်က ကိုယ့်မိန်းမရဲ့အလှကို အမြဲတမ်းပုံဖော်နေရတာကိုက အင်အားက အလိုလိုပြည့်နေတာ"

"တင်းတောင် တင်းတောင်"

ခြံတံခါးဘဲလ်သံကြောင့် ကူးကူး အတွင်းခန်းထဲမှ ကပျာကယာ ထွက်လာသည်။

"ဘယ်သူလဲ သွားကြည့်စမ်း ကူးကူး"

"ဟုတ်ကဲ့ ဦးဦး"

ဆယ့်ငါးနှစ်အရွယ်လေး ကူးကူးမှာ ကျွန်းတံခါးမကြီးကို ဆွဲဖွင့်ကာ ခြံဝကို ကသုတ်ကရိုက်ထွက်သွား၏။

တစ်အောင့်ကြာတော့ ပြန်ဝင်လာသည်။

"တီတီ ဟိုဘက်တိုက်က ဦးလေးတစ်ယောက်ပါ"

ကူးကူးစကားပင် မဆုံးလိုက် အနောက်မှလိုက်ဝင်လာသော လူကို ကမ္မည်း လှမ်းကြည့်လိုက်သည်။





အုံ့ဩခြင်းတွေသည် ရင်ထဲက ဆွေးမြေ့စွာပြတ်ကျန်ခဲ့သော ဒဏ်ရာဟောင်းကို ဒိန်းခနဲ လာဆောင့်၏။

"ဟင် မော်ကွန်း"

"ကိုမော်ကွန်းသစ်"

ထပ်ဆင့်အံ့ဩရသည်က ညီလင်းပပါ မော်ကွန်းသစ်ကို သိနေခြင်းဖြစ်သည်။ ညီလင်းပ ကမ္မည်းကို လှည့်ကြည့်ပြီး

"ကမ္မည်း အသိလား"

တအံ့တဩ မေးလာသော ညီလင်းပစကားကြောင့် ဖရိုဖရဲဖြစ်သွားသောစိတ်တို့ကို ငြိမ်အောင်စုစည်းပြီး

"ဟုတ်တယ် ကို၊ အဲဒါ ကမ္မည်းရဲ့ငယ်သူငယ်ချင်းလေ"

"သြော် ဟုတ်လား၊ ကြုံမှကြုံတတ်ကြလေတယ်၊ ကဲ လာ ကိုမော်ကွန်းသစ် ဘယ့်နှယ်လဲ ရောက်တာမကြာသေးဘူးဆိုပေမယ့် နေရ ထိုင်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ကိုညီ၊ ကျေးဇူးတင်တယ်၊ ကိုညီကြောင့် ဒီလို ဆိတ်ငြိမ်အေးချမ်းတဲ့နေရာလေးမှာ နေခွင့်ရတာ"

"ကိုနဲ့မော်ကွန်းက ဘယ်တုန်းကတည်းက မိတ်ဆွေဖြစ်သွားကြတာလဲ"

ဧည့်ခန်းရှိရာဘက်သို့ သုံးယောက်သား ပြန်လျှောက်လာခဲ့ပြီး ဧည့်ခန်းထဲရှိကျွန်းဆက်တီခုံကြီးတွေမှာ ဝင်ထိုင်လိုက်ကြသည်။

မော်ကွန်းနှင့်ကမ္မည်း အကြည့်ချင်း ဖျတ်ခနဲ ဆုံလိုက်ကြသည်။

www.burmeseclassic.com



မော်ကွန်းကပင် စတင်၍ အကြည့်လွှဲသွားသည်။

ကမ္ဘည်းရင်ထဲမှာလည်း တစ်ချိန်ကပတ်သက်ခဲ့ဖူးသည့်ချစ်သူ ဟောင်းဆိုသည့်အသိကလွှဲ၍ ထူးပြီးရင်ခုန်စိတ်လှုပ်ရှားခြင်းမဖြစ်တော့။

ဖြစ်ဖို့လည်း လိုတော့တာမှမဟုတ်ဘဲ။ ကိုယ့်ဂုဏ်ကိုယ့်အဆင့် အတန်း ကိုယ့်တာဝရပ်တည်မှုထဲမှာ ကိုယ့်ကိုသိပ်ချစ်သော ကိုရယ် သမီး လေးရယ်ရှိနေတော့ အတိတ်က ဖတ်လမ်းဆိုတာ တဖြည်းဖြည်း ပျောက် ကွယ်သွားခဲ့တာ ကြာခဲ့ပြီပဲ။

"ကိုယ်နဲ့ ကိုမော်ကွန်းသစ်နဲ့က လုပ်ငန်းပါတနာတွေလေ ကမ္ဘည်း ပညာတော်သင်သွားနေတုန်း ဘိုးဘွားပိုင်မြေကွက်တစ်ခုရဲ့ လေလံပွဲကိုသွားရင်းနဲ့သိကြတာ၊ လေလံအောင်သွားတာက ကိုယ်ဆိုပေ မယ့် အဲဒီမြေကွက်ပေါ်မှာဆောက်မယ့် အိမ်ရာစီမံကိန်းပရောဂျက်ထဲမှာ ရှယ်ယာထည့်မယ့် ကိုယ့်ရဲ့ပါတနာပေါ့"

"သြော်"

လောကကြီးက တကယ့်ကို ကျဉ်းကျဉ်းလေးပဲ။ ဘယ်တော့ ပြန်မဆုံတော့ဘူးဟု ထင်ထားသည့် မော်ကွန်းကို ခုလိုပြန်တွေ့ရတော့ ကမ္ဘည်း အံ့သြမိသည်။

"ကိုညီအမျိုးသမီးက ဆရာဝန်တစ်ယောက်ဖြစ်ပြီး နိုင်ငံခြား F.R.C.S ဘွဲ့သွားယူနေတယ်ဆိုတာသိပေမယ့် နှင်မှန်းမသိခဲ့ဘူး ကမ္ဘည်း ငါတို့သူငယ်ချင်းနှစ်ယောက် ခုလိုပြန်ဆုံရတာ အရမ်းဝမ်းသာတယ်"

"ငါလည်း နင်နဲ့အိမ်နီးချင်းပြန်ဖြစ်ခွင့်ရလို့ ဝမ်းသာပါတယ်





ဒါနဲ့ နင်နဲ့စနိုး ကလေးဘယ်နှစ်ယောက်ရသွားပြီလဲ"

ကမ္ဘည်းအမေးကြောင့် မော်ကွန်း မျက်နှာကွက်ခနဲ ပျက်သွား သည်။ ပြီးမှ သက်ပြင်းခပ်မျောမျောချကာ

"ငါနဲ့သူ အိမ်ထောင်သက်တစ်နှစ်ပြည့်တဲ့နေ့မှာ သူ ကား အက်စီးဒင့်ဖြစ်ပြီးဆုံးသွားတယ်"

"သြော် ဟုတ်လား"

ထင်မှတ်မထားသောကိစ္စမို့ မေးလိုက်မိသော ကိုယ့်အမှားအ တွက် မော်ကွန်းကို ပြန်ပြီးအားနာသွားသည်။

"ငါ စိတ်မကောင်းလိုက်တာ မော်ကွန်းရယ်"

ဟိုးအရင် ချစ်သူဘဝတုန်းက ခေါ်ခဲ့သလို မော်ဟု မခေါ်မိ အောင် နှုတ်ကို မနည်းထိန်းရ၏။

"သူဆုံးတာ ဒီမှာမဟုတ်ဘူး၊ အမေရိကားမှာလေ၊ ငါလည်း အဲဒီမှာပဲ အခြေချပြီး အလုပ်တွေဖိပြီးလုပ်ပစ်လိုက်တယ်၊ ခုတော့ မြန်မာ ပြည်ပြန်လာပြီး နောက်အိမ်ထောင်ထူလိုက်ပါပြီ"

"သြော်"

တအံ့တသြ နားထောင်ပေးရုံမှအပ ကမ္ဘည်းမှာ သိပ်ပြောစရာ စကားမရှိ။ ညီလင်းပ ကြားဝင်ဖြတ်ပြီး

"သြော် ထူးဆန်းတာတစ်ခုရှိသေးတယ် ကမ္ဘည်းရဲ့"

"ဟင် ဘာများလဲ ကို"

မော်ကွန်းရှေ့မှာ ကိုယ့်ခင်ပွန်းပြောစကားကို ဂရုစိုက် နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်လိုဟန်ဖြင့် စိတ်ဝင်တစားမေးလိုက်သည်။

"ကိုမော်ကွန်းရဲ့ဖနီးက အမှတ်မထင်ကြည့်လိုက်ရင် ကမ္ဘည်းနဲ့ တော်တော်တူတယ်၊ ကိုယ်တောင် စပြောင်းခါစက ကမ္ဘည်းနဲ့မှားတော့ မလို့"

သဘောရိုးနှင့်ပြောနေမှန်းသိပေမယ့် တကယ်တမ်း စိတ်မလုံ သူက ကမ္ဘည်းရယ်ပါ။ မော်ကွန်းကို ဖျတ်ခနဲ ငေ့ကြည့်တော့လည်း မော်ကွန်း အမူအရာက ဘာမှမထူးခြား။ သူ့မျက်နှာပေါ်မှာ အတိတ်က အရိပ်တွေကို လုံးဝရှာမတွေ့တော့။

တကယ်ပဲ မရှိတော့တာလား တမင်ပဲ ဟန်ဆောင်ထိန်းချုပ် ပြီး မေ့ချင်ဟန်ဆောင်နေသလားဆိုတာတော့ ကာယကံရှင်ကလွဲပြီး ဘယ် သူမှသိနိုင်မှာလဲ။

"ဟုတ်လား"

"ခုလည်း သူ နေမကောင်းလို့ ကိုညီအမျိုးသမီး ပြန်ရောက် နေပြီကြားလို့ ဆရာဝန်လာပင့်တာပါ၊ အင်း ပုံစံကြည့်ရတာ ဝတ်ကောင်း စားလှတွေနဲ့ဆိုတော့ အပြင်သွားကြမလို့လား"

ကမ္ဘည်း၏ထင်းနေအောင်လှသော ဝတ်စားပြင်ဆင်ထားပုံ ကြည့်ပြီး မေးလိုက်သည်။

"ဟုတ်တယ် ညစာစားပွဲတစ်ခုသွားမလို့"

"ဟုတ်လား၊ ဒါဆိုရင်တော့ ရပါတယ်၊ ကိစ္စမရှိပါဘူး"

"နှင့်အမျိုးသမီးက ဘာဖြစ်တာလဲ"





"ဖျားတာပါ၊ ဒီအနီးအနားမှာလည်း ဆေးခန်းမရှိဘူးလေ၊ အခု ကယောင်ကတမ်းတွေဖြစ်နေတယ်"

ကိုယ့်ကိုအားကိုးတကြီးလာခေါ်မှ မလိုက်ပြန်လျှင်လည်း ဆရာ ဝန်တစ်ယောက်၏ကျင့်ဝတ်နှင့်မညီပြန်မို့

"ဒါဆို ဒီလိုလုပ်ပါလား ကမ္ဘည်း၊ ညစာစားပွဲကို ကိုယ်ပဲသွား လိုက်တော့မယ်လေ၊ ကမ္ဘည်းနေခဲ့ပြီး ကိုမော်ကွန်း အမျိုးသမီးကို လိုက် ကြည့်ပေးလိုက်ပါ"

အလိုက်တသိဖြင့် အစီအစဉ်ပြောင်းနိုင်းလိုက်သော ညီလင်းပ ကားကြောင့် မော်ကွန်းသစ် အားတုံ့အားနာနှင့် ပျာပျာသလဲဖြစ်ကာ

"ဟာ မဟုတ်တာ အဲလိုမလုပ်ပါနဲ့၊ ရပါတယ် ကိစ္စမရှိပါဘူး။ သွားစရာရှိတာသွားပါ"

မော်ကွန်း ပျာပျာသလဲငြင်းသည်။

"ညစာစားပွဲက အလွန်ဆုံးကြာ နှစ်နာရီလောက်ပါပဲ၊ အဲဒီက ပြန်လာရင် ငါလာကြည့်ပေးမယ်လေ မော်ကွန်း ဖြစ်လား"

"အင်း ဖြစ်ပါတယ်၊ ဖြစ်တယ် ငါ့ကြောင့် နင် စိတ်အနှောင့် အယှက်ဖြစ်သွားရပြီ အားနာတယ်ဟာ"

"ရပါတယ် အားနာရမယ့်သူတွေမှမဟုတ်တာ၊ ကိုမော်ကွန်း ရယ်"

ဖက်လှဲတကင်း တရင်းတနှီးနှင့်ပြောဆိုတတ်ပြီး ခင်စရာ ကောင်းသော ကိုညီကို မော်ကွန်း ကျေးဇူးတင်သောအကြည့်ဖြင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး

"ကျေးဇူးပဲ ကိုညီ၊ ဒါဆို ကျွန်တော့်ကိုခွင့်ပြုဦး၊ ကမ္မည်း ငါ
သွားတော့မယ်"

"အေးပါ ကောင်းပါပြီ"

မော်ကွန်းသစ် အိမ်ကြီးထဲမှ ထွက်သွားတော့မှ ညီလင်းပ
နာရီကိုကြည့်ကာ

"သွားကြရအောင် ကမ္မည်း၊ ကိုယ်တို့ကိုမျှော်နေလောက်ပြီ"

ကမ္မည်းစိတ်ထဲမှာ မရှင်းသလိုကြီး ခံစားနေရကာ ထိုင်ရာမှ
ထလိုက်သည်။

မရှင်းလင်းသော ခံစားမှုကြီး၏အဓိပ္ပာယ်ကိုလည်း မဖွင့်ဆို
တတ်ပြန်။

■ ■ ■

## အခန်း (၁၈)

မော်ကွန်းစိတ်တွေ ဂနာမငြိမ်ဖြစ်နေသည်။ ဧည့်ခန်းထဲတွင်
ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်မှာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ။

ညီလင်းပရှေ့မှာ ဟန်ဆောင်နေထိုင်ပြောဆိုနေရပေမယ့်
ဘယ်တမ်း ကမ္မည်းနှင့်ခုလိုပြန်တွေ့ရတော့ အတိတ်ကအရိပ်တွေသည်
နေ့တစ်နေ့ကလိုပင်။

ခံစားမှုတွေကလည်း ဘာမှမပြောင်းလဲ။

ကမ္မည်းထင် တော်တော်လှလာတာပဲ။

ဝေးခဲ့ကြစဉ်ကာလတစ်လျှောက် ကိုယ့်ဘက်က ဘဝတွေတစ်
ပြီး တစ်ဆစ်ချိုးကွေ့ပြောင်းလဲခဲ့ပေမယ့် ကမ္မည်းကတော့ တွေ့ခွ
များ ပြောင်းလဲခဲ့ပုံမရပေါ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်မကြီးဖြစ်ပြီး တည်ငြိမ်ရင့်ကျက်ပုံပေါက်တာကလွဲပြီး ကမ္ဘည်း ဖြတ်သန်းခဲ့သည့်ဘဝက အင်မတန်ရိုးရှင်းခဲ့ပုံပင်။

ကိုယ့်မှာသာ ကမ္ဘည်းနှင့်ပတ်သက်သည့်အတွက် ရခဲ့ရသည့် နောင်တတွေကြောင့် ထင်မှတ်မထားသော လောကဓံတွေကို တစ်မျိုးပြီးတစ်မျိုး ခံစားခဲ့ရ၏။

မြန်မာပြည်ကို ပြန်ရောက်တော့လည်း ကမ္ဘည်းအကြောင်း စုံစမ်းပြီး ကမ္ဘည်းနှင့်ပြန်၍ နီးစပ်ချင်၍ ညီလင်းပကို ရင်းနှီးသော လုပ်ငန်းပါတနာဖြစ်အောင် ငွေတွေအများကြီး ရင်းနှီးမြှုပ်နှံပစ်လိုက်ရ သည့်နည်းနှင့် ချဉ်းကပ်ခဲ့ရသည်။ ဒါ့အပြင် တစ်ဆင့်တက်၍

ကမ္ဘည်းနှင့်အိမ်နီးနားချင်းဖြစ်အောင် ကြိုးစားခဲ့ရသည်။

မပေါင်းဖက်လိုက်ရသည့် ချစ်သူ၏အငွေ့အသက်အချို့နှင့် ကျန် ရှိနေသော အချိန်တွေကို ကုန်ဆုံးစေချင်သည်။

"သူငွေး ဟိုဘက်အိမ်က ဆရာဝန်မကြီးလာနေပါပြီ"

"ဪ အေး လာပြီ"

အိမ်အကူ အိအိ လာပြော၍ အတွေးစကိုဖြတ်ကာ အခန်းထဲ မှ ထွက်လာခဲ့လိုက်သည်။

ယခုမှ ရင်ခုန်ဖူးသောသူတစ်ယောက်နှယ် စိတ်တွေလှုပ်ရှား နေ၏။

ဧည့်ခန်းဆိုဖာ ဆက်တီတွင်ထိုင်နေသော ကမ္ဘည်းကိုတွေ့လိုက် ၍ ရင်ထဲမှာပျော်သလိုလို ဝမ်းနည်းသလိုလိုကြီး ဖြစ်လာသည်။ ကိုယ်က





အိအိတွေးတွေးလေးကို လွမ်းခဲ့သမျှ အတိုးချပြီး ပြေးဖွေ့လိုက်ချင်သေးသည့် အခြေအနေနှင့်အချိန်အခါအရ ထိုသို့မလုပ်သင့်မှန်း သတိကပ်ကာ ရင်ထဲ က ဆန္ဒတွေကို ထိန်းချုပ်လိုက်ပြီး ကမ္ဘည်းနားသို့လျှောက်လာခဲ့လိုက် သည်။

"ကမ္ဘည်း ရောက်နေတာ ကြာပြီလား"

"ခုပဲရောက်တယ်"

မော်ကွန်း ကမ္ဘည်းရှေ့မှာဝင်ထိုင်လိုက်သည်။

"မထိုင်နဲ့တော့လေ၊ နှင့်အမျိုးသမီးကို သွားကြည့်ရအောင်"

ထိုင်မည့်ဆဲဆဲ ကမ္ဘည်းစကားကြောင့် မထိုင်တော့ဘဲ

"အင်း ဒါဆို သွားကြရအောင်လေ၊ ဒါနဲ့ ကိုညီရော ပင်ပန်း သွားလို့ လိုက်မလာတော့ဘူးထင်တယ်"

"မဟုတ်ပါဘူး ပြင်သစ်က သူ့မိတ်ဆွေတစ်ယောက်နဲ့ လုပ်ငန်း ကိစ္စမေးလ်ပြောနေလို့ပါ"

"ဪ"

မော်ကွန်း ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ့ဇနီး ချိုချိုဆက် ရှိရာ အခန်းဆီသို့ ရှေ့မှဦးဆောင်ပြီး လျှောက်လာလိုက်သည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ဖြုန်းခနဲ ရပ်ကာ နောက်ကိုပြန် အလှည့် နောက်မှကပ်ပါလာသော ကမ္ဘည်းနှင့်မျက်နှာချင်းဆိုင်ဝင်တိုက် မိမလိုဖြစ်သွား၍ ဝင်သက်ထွက်သက်ခြင်း ပွတ်ကာသီကာလေး လွဲတွေ့ သွားကြသည်။ ရုတ်တရက်မို့ ကမ္ဘည်း နောက်ကိုယိုင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆော ဆောရီး ကမ္မည်း၊ ဟို ငါလေ နင့်လက်ထဲက ဆေးအိတ်ကိုယူဖို့ သတိရသွားပြီး လှည့်လိုက်တာ"

ယိုင်သွားသော ကမ္မည်း၏ကိုယ်လေးကို အချိန်မီလှမ်းထိန်းရင်း အထင်မလွဲစေရန် ကပျာကသီတောင်းပန်တိုးလျှိုးလိုက်သည်။

"ရပါတယ် ငါ့ဖာသာပဲ ကိုင်ပါမယ်၊ နင်က ငါ့သူငယ်ချင်းပဲ"

လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သော မော်ကွန်းလက်ထဲမှ ဣန္ဒြေရရ ရှန်းထွက်ကာ ဘာမှမဖြစ်သလို တည်တည်ငြိမ်ငြိမ်ပြောလိုက်သည်။

မော်ကွန်းမှာသာ သတိရလွှမ်းဆွတ် တမ်းတခဲ့ရသော အထိအတွေ့နွေးနွေးကို သာယာကာ လူက ဂနာမငြိမ်ဖြစ်သွားသည်။

ကမ္မည်း၏ကိုယ်သင်းနံ့တို့သည် လွန်ခဲ့သော ခုနစ်နှစ်ရှစ်နှစ်ခန့်ကလိုမျိုး ခပ်သင်းသင်းလေး မွှေးပျံ့နေပြီး မော်ကွန်းကို ဆွဲဆောင်နေဆဲပါလားဆိုတာ မော်ကွန်း နှလုံးသားက မှတ်မိနေဆဲ။ ယခုတိုင်နွေးမြနေဆဲဖြစ်သည်။

■ ■ ■

## အခန်း (၁၉)

"အိုး ကိုယ်ပူရှိန်တွေ တအားတက်နေတာပဲ၊ လူနာကို ရေအေးပတ်တိုက်ပေးမှရမယ်၊ ခုလောလောဆယ် ငါ ဆေးတစ်လုံးတိုးပေးခဲ့မယ်၊ တစ်အောင့်နေရင်တော့ ကိုယ်ပူကျသွားလိမ့်မယ်"

သွေးပေါင်ချိန်တွေတိုင်းကာ ဖြူဖျော့ပြီး လူမှန်းမသိအောင် ကိုယ်ပူရှိန်တွေ တက်နေသော ချိုချိုသက်ကို ဆေးတိုးပေးလိုက်သည်။

ကမ္မည်း၏လှုပ်ရှားမှုတွေကို အသေးစိတ်ကြည့်နေသူက မော်ကွန်း။ သူ့မျက်နှာပေါ်တွင် ဖနီးသည်အတွက် စိုးရိမ်ပူပန်ခြင်းအလျဉ်းမရှိ။

တအင်းအင်း ညည်းညူနေသော ချိုချိုဆက်ကို ဘေးကနေ



www.burmeseclassic.com

www.burmeseclassic.com



အားပေးနှစ်သိမ့်မှုပင်မဆို။ သူ့အာရုံတွေက ကမ္ဘည်းထံမှာ တဝဲလည်လည်။

"ချွေးထွက်တာနဲ့ နောက်ထပ်ချွေးစုတ်မယ့်ချည်သားအင်္ကျီလေး တစ်စုံ ထပ်ထပ်လဲပေးပါ"

"မအိ ကြားတယ်နော်၊ ဒီည နင့်မမလေးဘေးမှာ နင်စောင့်အိပ်ရမှာ"

"ဟုတ်ကဲ့ပါ"

ခပ်လှမ်းလှမ်းတွင်ရပ်နေသော မအိကို တာဝန်လွှဲပေးနေသော မော်ကွန်းကို ကမ္ဘည်း ဘာရယ်မဟုတ် မျက်လုံးဖွေ့ကြည့်လိုက်သည်။

"ငါ နင့်ကိုခြေကြွခနဲ့ ဆေးဖိုးဝါးခ ပေးပါရစေ ကမ္ဘည်း၊"

အားတုံ့အားနာ ပြောလာသော မော်ကွန်းကို ပြုံးကြည့်ပြီး

"အဟင်း နင်တော်တော် အူကြောင်ကြောင်နိုင်တာပဲ မော်ကွန်းရယ်၊ ငါ အခု နင့်အမျိုးသမီးကိုလာကြည့်ပေးတာ ခြေကြွခနဲ့ဆေးဖိုးဝါးခလိုချင်လို့လို့ ထင်နေလား"

"အာ ဒီလိုလည်း မဟုတ်ပါဘူး။ နင့်ဘက်က သူငယ်ချင်းကရွာနဲ့ လာကြည့်ပေးတာမှန်း ငါသိပါတယ်၊ ဒါပေမဲ့ ငါ့ဘက်ကလည်း တာဝန်သိတဲ့အနေနဲ့ မေးရတာပါ၊ မမေးသင့်မှန်းတော့ သိပါတယ်၊ ဒါပေမဲ့ နောက်တစ်ခါဆိုရင် ငါ အားနာသွားပြီလေ"

"မလိုပါဘူး မော်ကွန်းရယ်၊ နင့်အတွက် ဒီဆေးဖိုးဝါးခပေးမှနေသာတယ်ဆိုရင်လည်း ငါ့ကိုဆေးဖိုးဝါးခပေးတယ်လို့ သဘောထား





ပြီး ကိုယ့်ကိုယ်ကိုယ် စိတ်သက်သာသလိုနေ ဟုတ်ပြီလား။ ကဲ ငါသွားတော့မယ်၊ အရေးအကြောင်းဆို ငါ့ဆီဖုန်းဆက်ပေါ့"

"ကျေးဇူးအရမ်းတင်တယ် ကမ္ဘည်းရယ်၊ ငါ့ဘေးမှာ နင် ရှိနေတဲ့အတွက် ငါ အရမ်းအားရှိသွားပြီ"

"ဟုတ်ပါပြီ ငါတို့က သူငယ်ချင်းတွေပဲ၊ တစ်ယောက်ကိုတစ်ယောက် ကူညီရမှာပေါ့"

လက်ထဲမှ ဆေးသေတ္တာကို မော်ကွန်း လှမ်းယူသည်။

"ပေး ငါ့ကိုဆေးသေတ္တာ"

"ရပါတယ်"

"မဟုတ်တာ ပေးပါ ကမ္ဘည်းရယ်၊ သာမန်ဆရာဝန်မဟုတ်တဲ့ သမားတော်ဆရာဝန်ကြီးက ကိုယ့်ဆေးသေတ္တာကိုယ်ဆွဲပြီး အလကားပဲ နင်း ဆေးလာကုပေးရတာ ဒီလောက်တော့ ခွင့်ပြုပါ"

လက်ထဲမှ ဆေးသေတ္တာကို အတင်းဆွဲယူနေသော မော်ကွန်း၏ လက်က ကမ္ဘည်းလက်ကို ဆုပ်ကိုင်သလိုဖြစ်သွား၏။ နှစ်ဦးသား အကြည့်ချင်းဆုံသွားကြသည်။

ကမ္ဘည်း ဆက်ငြင်းမနေတော့ဘဲ ဆုပ်ကိုင်ထားခြင်းခံရသော မော်ကွန်းလက်ထဲမှ လွှတ်စေရန် ဆေးသေတ္တာကို အသာတကြည် ပေးလိုက်သည်။

"ဆောရီးဟာ"

ကမ္ဘည်း ဘာမှမသိသလိုဟန်ဖြင့် ရှေ့မှထွက်လာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘည်း နောက်ကျောမှ ကပ်ပါလာသော မော်ကွန်း၏အကြည့်တွေသည် ပေါက်ကွဲခွင့်မရသော အချစ်တွေကို ရင်ထဲမှာ နှစ်ရှည်လများသိမ်းထုပ်ထားရသဖြင့် လွတ်လပ်ဖွာ ပေါက်ကွဲပစ်ချင်စိတ်တွေ ရင်ထဲမှာ မီးညွှန့်တစ်စလို တဟုန်းဟုန်း တောက်လောင်နေသည်။

ကိုယ့်စိတ်ကို ချိုးနှိမ်သည့်အနေဖြင့် သက်ပြင်းတွေအကြိမ်ကြိမ်ချလျက် ကမ္ဘည်းနောက်မှ တိတ်တိတ်လိုက်လာခဲ့လိုက်တော့သည်။

ခုလိုအချိန်မှာ ကမ္ဘည်းအား သူ့အကြောင်းတွေ ပြောပြဖို့အချိန်မတိုင်သေး။ သူငယ်ချင်းချစ်သူဆိုပေမယ့် ရင်ထဲက ဒဏ်ရာတွေကိုယ်စီရှိနေကြဆဲမို့ စိတ်တွေမတည်ငြိမ်ကြသေးသဖြင့် ဖွင့်ပြောပြ၍မဖြစ်။

တဖြည်းဖြည်းနှင့် ကမ္ဘည်း ခြံဝနားရောက်လာသည်။

"နင် အိမ်ထဲဝင်ဦးမလား"

ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်လာသော မော်ကွန်းက ကမ္ဘည်းအမေးကြောင့် ခေါင်းမော့ကြည့်ပြီး

"မဝင်တော့ပါဘူး မိုးအရမ်းချုပ်နေပြီ၊ ကိုညီ အနားယူပါစေ"

"အိုကေ ဒါဆို ဂွတ်နိုက်"

ဆေးသေတ္တာကိုလှမ်းယူပြီး နှုတ်ဆက်လိုက်သည်။

မော်ကွန်း ခေါင်းတစ်ချက် ဆတ်ခနဲညိတ်ကာ

"ဂွတ်နိုက်ပါ"

ခြံဝမှာပင် နှစ်ယောက်သား ကျောခိုင်းလှည့်ထွက်ခဲ့ကြသည်။





ကမ္ဘည်းရင်ထဲမှာတော့ ထွေထွေထူးထူး ခံစားချက်တို့ ရှိမနေ။

မော်ကွန်းအဖို့တော့ ဒီတစ်ညကို ဘယ်လိုခံစားပြီး ကျော်ဖြတ်ရပါ့မလဲ။ မျှော်လင့်ချက်တို့ ဆိတ်သုဉ်းစေမည့်အတွေးတို့ စိမ့်ဝင်လာသဖြင့် လျှောက်နေသော ခြေလှမ်းတွေယိုင်ကာ ရုတ်ချည်းဆိုသလို မျက်လုံးတို့ပြာဝေလာသည်။

သို့သော် ဒီအချိန်မှာ မော်ကွန်းယိုင်လဲသွားလို့မဖြစ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဒါက ဘာလဲ မော်ကွန်း"

ကိုယ့်ရှေ့မှာချလိုက်သော သစ်သီးတွေဖြင့် ဒီဖိုင်းဖော်ထားသော ခြင်းကိုကြည့်ပြီး မေးလိုက်သည်။

"ဒါ လက်ဆောင်လေ၊ နင်နဲ့ငါနဲ့ သူငယ်ချင်းအဖြစ် ပြန်ဆုံတဲ့ အထိမ်းအမှတ်ပေါ့"

"ကျွတ် နင်ကလည်းလေ အပိုအလုပ်တွေ သိပ်လုပ်တာပဲ ဒီလောက်သစ်သီးတွေအများကြီး ကုန်အောင် ဘယ်လိုစားမလဲ"

"ရေခဲသေတ္တာထဲ ထည့်စားပေါ့"

တန်ဖိုးရှိပြီး အရည်အသွေးအမြင့်ဆုံး သစ်သီးတွေဖြစ်ဟန်တူ သည်မို့ ကမ္ဘည်းလက်မခံချင်။





"နင် မငြင်းပါနဲ့နော်၊ ငါ့ကိုခင်သေးတယ်ဆိုရင် လက်ခံပေးပါ"

ဖွတ်အတင်းတောင်းဆိုနေသော မော်ကွန်းကို စိတ်မသက်သာ စွာကြည့်ပြီး

"နင် ငါ့ကိုလာဘ်ထိုးတာတော့ မဟုတ်ပါဘူးနော် မော်ကွန်း"

"ဟာ လာဘ်ထိုးတာမဟုတ်ပါဘူး"

"ဒါနဲ့ နင့်အမျိုးသမီးရော နေကောင်းသွားပြီလား"

"နင့်လက်နဲ့ထိပြီး နင်ကိုယ်တိုင်ကုပေးမှတော့ နေပြန်မကောင်း ပဲရှိပါမလား။ အဲဒီညကတည်းက အဖျားငွေ့ငွေ့ပဲကျန်တော့တယ်၊ မနက် ကျတော့ နင်ပေးခဲ့တဲ့ဆေးတွေပဲ ဆက်တိုက်တော့ လုံးဝကောင်းသွား တယ်၊ နင် တကယ့်ကို လူနာတွေအားကိုးရလောက်တဲ့ သမားကောင်း တစ်ယောက်ပဲ"

"မြှောက်မနေနဲ့"

ကမ္ဘည်း ရယ်ရင်းပြောသည်။

"တကယ်ပြောတာ ဒါနဲ့ ကိုညီရော"

"ကုသမှုအောင်သွားပြီလေ၊ သမီးလေးက ကျောင်းသွားပြီ"

"သြော် နင့်သမီးလေးက အရမ်းချစ်ဖို့ကောင်းတယ်နော်၊ ငါ လည်း အဲလိုသမီးလေးမျိုး ရှိချင်တယ်"

"ဒါဆိုရင် နင့်အမျိုးသမီးကို မွေးခိုင်းပေါ့"

ကမ္ဘည်းစကားကြောင့် မော်ကွန်း နာနာကျင်ကျင်ဖြင့် ပြက်ခနဲ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ"

"နင်က ငါ့ဘ၀ကို နင့်လိုအေးချမ်းတဲ့မိသားစုလေး တည်ဆောက်နိုင်မယ်လို့ ထင်နေတာကိုး"

မော်ကွန်း စကားကြောင့် ကမ္ဘည်း နားမလည်ဟန်ဖြင့် မော်ကွန်းကို လှမ်းကြည့်ကာ

"နင်တို့အိမ်ထောင်ရေး အဆင်မပြေဘူးလား"

၀တ္တရားအရ မေးလိုက်ရပေမယ့် ဒီမေးခွန်းကို အမှန်ပင်မမေးချင်ပါ။

"ပြေပါတယ် ဒါပေမဲ့ မိသားစုဘ၀လေးတော့ မဖန်တီးနိုင်ဘူး"

"ဘာဖြစ်လို့လဲ၊ နင့်အမျိုးသမီးမှာ ချို့ယွင်းချက်ရှိလို့လား"

"ဟုတ်တယ် ငါ့အမျိုးသမီး ချိုချိုဆက်မှာ အမြင်အာရုံချို့တဲ့တဲ့ရောဂါရှိတယ်လေ၊ ဒါကြောင့် သူ ကလေးမယူတာ"

"အို စိတ်မကောင်းလိုက်တာဟယ်"

"နင်နဲ့လက်ထပ်ပြီးမှ ဒီရောဂါဖြစ်တာလား"

"မဟုတ်ဘူး ငါ အမေရိကားကပြန်လာတော့ နှင်းတောထဲမှာ ကောင်မလေးတစ်ယောက်နဲ့ လမ်းလျှောက်နေတဲ့သူ့ကို တွေ့တယ်၊ ရုတ်တရက်ဆိုတော့ ငါ့စိတ်ထဲမှာ နင်လို့ထင်သွားပြီးကားပေါ်က ဆင်းပြီးလိုက်ခေါ်တယ်"

"အို"

"ဒါပေမဲ့ နင်မဟုတ်ဘူး၊ နင်နဲ့တော်တော်တူတဲ့ မိန်းကလေး





တစ်ယောက်၊ ဒါကြောင့် နင့်အလွမ်းပြေဆိုပြီး ငါ သူ့ကိုလက်ထပ်နိုင်အောင်ကြိုးစားခဲ့တယ်၊ သူ မျက်စိမမြင်တာကို သိသိကြီးနဲ့ပေါ့"

"ဘုရားရေ ဒါဆို ချိုချိုဆက်က နင်နဲ့လက်မထပ်ခင်ကတည်းက အမြင်အာရုံချို့ယွင်းနေခဲ့တာပေါ့"

"ဟုတ်တယ် ကမ္ဘည်း"

ကမ္ဘည်း မအံ့သြဘဲမနေနိုင်။

"မော်ကွန်းရယ် နင် ရူးနေလား။ မချစ်ပဲနဲ့များ ငါနဲ့တူရုံနဲ့ မျက်မမြင်တစ်ယောက်ကို လက်ထပ်ခဲ့ရလားဟယ်"

"ငါ့ရဲ့ကံပေါ့၊ စိတ်ကူးလေးတစ်ချက်လွဲချော်သွားခဲ့လို့ မထားသင့်တဲ့မာန ထားခဲ့မိတယ်၊ ခု အဲဒီနောက်ဆက်တွဲ ပြဿနာတွေအားလုံးကို ငါ ရင်စည်းခံလို့မပြီးသေးဘူး"

"ပြီးပြီးသားကိစ္စတွေကို ပြန်ပြောမနေပါနဲ့တော့ မော်ကွန်းရယ်၊ ကိုယ်စီကိုယ်စီ ဘ၀တွေလည်း နေသားကျနေပြီပဲ၊ ဒါတွေပြန်ပြောနေလို့လည်း ဘာမှထူးပြီး ခံစားရတော့တာမှ မဟုတ်တာ"

"နင်ကတော့ ဟုတ်တာပေါ့၊ နင့်ဘေးမှာ နင့်ကိုသိပ်ချစ်တဲ့ကိုညီလင်းပ ရှိနေတယ်၊ နောက်ပြီးနင်တို့ရဲ့ရတနာလေးဖြစ်တဲ့ သမီးလေးလည်းရှိနေပြီ၊ အများက ဦးညွှတ်လေးစားရတဲ့ ပညာဂုဏ်ကလည်းပြည့်စုံအောင်ရှိနေပြီဆိုတော့ နင့်ဘ၀ထဲမှာ နင်ပျော်မွေ့နေတာ ဆန်းတော့ဆန်းပါဘူးလေ၊ ငါ ၀မ်းသာပါတယ်"

"မငယ်ကြတော့တဲ့ ငါတို့အသက်အရွယ်မှာ လေးစားကြီးကို



www.burmeseclassic.com

www.burmeseclassic.com



အကျိုးဖြစ်ထွန်းစေမယ့် ကောင်းသောအလုပ်တွေနဲ့သာ မွေ့လျော်ကြ
တော့မှာမဟုတ်လား။ အတိတ်က ဓာတ်လမ်းတွေက ခုချိန်မှာ ညအိပ်ရ
ဝင်ပုံပြင်လောက်တောင် စိတ်ဝင်စားစရာမကောင်းတော့ပါဘူး မော်ကွန်
ရယ်၊ ဒါတွေပြန်တွေးပြီး သက်မတွေအခါခါချနေလို့ရော အရာရာက
ပြန်ပြီး သစ်လွင်တောက်ပလာမှာမို့လား၊ ဒါကြောင့် နင့်အိမ်ထောင်ရေ
သာယာအောင်ဖန်တီးနိုင်ဖို့ နင် အကောင်းဆုံးကြိုးစားပါ''

ကမ္ဘည်းစကားကို ဆန့်ကျင်သည့်အနေနှင့် မော်ကွန်း ခပ်လေ
လေး ခေါင်းခါသည်။

''ဒါက နင့်ဘက်ကအမြင်လေ၊ နင်က လောကကြီးထဲမှ
ကောင်းတဲ့အရာတွေကိုပဲ ပိုင်ဆိုင်ထားရတော့ အတိတ်က အကြောင်
အရာတွေကို ဘယ်လာမက်မောတော့မလဲ၊ ငါကတော့ အဆိုးဆုံးတွေကို
ပိုင်ဆိုင်ခဲ့ရတော့ ငါ့ခြေလှမ်းတွေကို ရှေ့ဆက်တိုးဖို့ မဝံ့ရဲတော့ဘူး။ ဒါ
ကြောင့် အတိတ်ကိုပဲ ပြန်လှည့်ချင်နေတဲ့သူဖြစ်နေတယ်''

ကမ္ဘည်း သက်မတစ်ချက် မသိမသာရှိုက်လိုက်သည်။

''စန္ဒီးလင်း အမေရိကားမှာ ဘာကြောင့်သေသွားရသလဲဆိုတာ
သိရင် နင် ပိုအံ့ဩသွားလိမ့်မယ်''

''ငါနဲ့ပတ်သက်ပြန်ပြီလား မော်ကွန်း''

သိပ်မအံ့ဩတော့သည့် အမူအရာနှင့် သွေးအေးစွာမေးလိုက်
သည်။

''စန္ဒီးလင်းကို ငါလက်ထပ်လိုက်ရတာဟာ မာနကြောင့်ဆိုတာ





နင်သိတယ်နော်၊ ငါ့မာနနဲ့လွဲမှားတဲ့အတွေးဆိုးကြောင့် ငါ နင့်ကိုဆုံးရှုံး
ခဲ့ရတယ်၊ အဲဒီအတွက် ငါ့ကိုယ်ငါ ဘယ်တော့မှခွင့်မလွှတ်ခဲ့ဘူး၊ နင့်ကို
မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးလိုက်ရတဲ့အတွက် ငါ့ဘဝကို ငါ ရေစုန်မျောလိုက်ဖို့
စိတ်ကူးလိုက်တယ်၊ စန္ဒီးလင်းနဲ့လက်ထပ်ပြီးပေမယ့် ငါ့စိတ်တွေ စန္ဒီးလင်း
ဆီမှာ မရှိဘူး၊ ငါ့ကိုယ်ငါ အပြစ်ပေးတဲ့အနေနဲ့ နင်နဲ့ဝေးရာကို ငါ
ထွက်သွားခဲ့တယ်၊ အမေရိကားကိုရောက်တော့ငါ့ဘဝကို အလုပ်ထဲမှာပဲ
မြှုပ်နှံမယ်ဆိုပြီး အရာအားလုံးကို မေ့နိုင်အောင် ကြိုးစားမယ်ပေါ့''

ပြောနေရင်းမှ သက်မတစ်ချက် ခပ်မှျင်းမှျင်းချပြီး ကမ္ဘည်းကို
သုမ်းကြည့်သည်။

''အဲဒီရောက်တော့ နင့်ကိုငါ ပိုပိုလွမ်းလာတယ်၊ နင့်ကိုဆုံးရှုံး
လိုက်ရပြီဆိုတဲ့အသိက ငါ့ဘဝဟာ ရှင်လျက်နဲ့သေသွားသလိုပဲ၊ ဒါကို
စန္ဒီးလင်း ရိပ်မိလာတယ်၊ လက်ထပ်ပြီးစာတောင် သူ့ကို ငါ လက်ဖျားနဲ့
တို့ခဲ့တော့ သူ သောကတွေပိုလာတယ်၊ ငါ နင့်ကိုအချိန်ပြည့်လွမ်းနေ
တာ သိပေမယ့် သူ မျိုသိပ်ခဲ့ပုံရပါတယ်၊ တစ်နေ့ ငါ အရက်တွေမူးပြီး
အိမ်ပြန်လာတော့ စန္ဒီးလင်းကို နင်လို့ပဲမြင်ပြီး နင့်ကိုပြေးဖက်ပြီး ငါ
ဘယ်လောက်ချစ်ကြောင်း ရင်ဖွင့်ပိုကြွေးမိတယ်ထင်ပါရဲ့ အဲဒီမှာ စန္ဒီးလင်း
ဟာ အိမ်အပြင်ကို ဝမ်းပန်းတနည်း ပြေးထွက်သွားတယ်၊ ငါ လိုက်
ခေါ်မိဘူး၊ အဲဒီညမှာ စန္ဒီးလင်း ကားတိုက်ခံရပြီး ဆုံးသွားတယ်၊
ဒါတွေအားလုံး ငါ့အပြစ်တွေပါ၊ ငါ့ကြောင့် နင် အရှုံးခံစားသွားရတယ်၊
ငါ့ကြောင့် စန္ဒီးလင်း သေခဲ့ရတယ်၊ အဲဒီအချိန်ကတည်းက ငါ့ဘဝတွေကို



www.burmeseclassic.com

လည်း အဆက်အသွယ်မလုပ်တော့ဘူး၊ ငါ့ကိုယ်ငါ အပြစ်ပေးတဲ့အနေ
ပေါ့၊ ခုတော့ ဖေဖေရော မေမေရော ဆုံးသွားပါပြီ''

ပြောရင်းနှင့်မော်ကွန်း အသံမှာ ဝမ်းနည်းသံကြီးပေါက်လာက
အသံတိမ်ဝင်သွားသည်။

ဒီအချိန်မှာ စိတ်မကောင်းဖြစ်ပေးရုံကလွဲပြီး ကမ္ဘည်းကဘ
ဘာများတတ်နိုင်ဦးမှာလဲ။

အရင်လို ရင်းရင်းနှီးနှီး နှစ်သိမ့်ပေးဖို့ဆိုတာလည်း ဖြစ်မှမဖြ
နိုင်တော့တာပဲလေ။

''ငါ့အဖြစ်က တောင်ပေါ်ကို တစ်လှမ်းချင်း တက်နေရသလို
တက်နေရင်းနဲ့ တောင်တွေတစ်ခုပြီးတစ်ခုပေါ်လာလို့ အမောဆို့တဲ့အ
ဆက်တက်နေရတဲ့သူတစ်ယောက်လို ဖြစ်နေတယ်၊ ရပ်နေလို့လည်
မရဘူး၊ ဆက်တက်ပြန်ရင်လည်း အမောဆို့ပြီး သေဖို့ပဲရှိတော့တဲ့အ
အထားမျိုးပေါ့''

''ဘယ်လိုပဲဖြစ်ဖြစ် နင် အချောမွေ့ဆုံးလမ်းတစ်ခုကို အ
ဆုံးဖြတ်ရွေးချယ်နိုင်မှာပါ မော်ကွန်းရယ်၊ စိတ်ဓာတ်မကျပါနဲ့''

ထိုမျှလောက်အထိပဲ နှစ်သိမ့်ပေးနိုင်တော့သည်။

လူတစ်ယောက်ရဲ့ခံစားချက်ကို စာရွက်တစ်ရွက်လို ခြေ
လှွင့်ပစ်လို့ရမယ်ဆိုရင် မော်ကွန်း ခံစားချက်ဟာ တကယ့်ကို မခြေ
လောက်ပါဘူး။

ခုတော့ သူ့ရင်ထဲက ဒဏ်ရာကို သူကိုယ်တိုင်ပြန်ပြန်

ဗျူး ၁၁၀ပ



ဘက်တော့ သူ့ရဲ့အကြောင်းတရားက ဆင့်ကဲလာတဲ့အကျိုးတရားတစ်ခု
ပဲလေ။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၁)

ဒီနေ့ဂျူတီ off မို့ သမီးလေးနှင့် တစ်နေ့တာအချိန်ဖြုန်းမည်ဟု စိတ်ကူးပြီး ခြံထဲတွင်ရှိသော ထိုင်ခုံလေးတွေမှာထိုင်ပြီး ပန်းပုသူဇာ ပုံပြင်စာအုပ်ကို ဖတ်ပြနေလိုက်၏။

သမီးလေး တေးသံသာသည် ကမ္မည်း ဖတ်ပြနေသော ပုံပြင်ကို စိတ်ဝင်တစား ငြိမ်၍နားထောင်နေသည်မှာ အလွန်ချစ်စရာကောင်း၏။

ဒုတိယတန်းကျောင်းသူဆိုပေမယ့် ILBC မှာ ထား၍ ကလေး၏ ဉာဏ်ရည်ဉာဏ်သွေးသည် ပုံမှန်ထက်ပို၍ ဖွံ့ဖြိုးကာ အရာရာ အကင်းပါးသူလေးဖြစ်သည်။

"မာမီ ပန်းပုသူဇာပုံပြင်ထဲကလို မီးမီးရဲ့အရုပ်ကလေးတွေ





ရော အသက်သွင်းလို့ရသလားဟင်"

ရှာရှာပေါက်ပေါက် မေးနေသော သမီးလေးအမေးကြောင့် ကမ္မည်း စာဖတ်ပြနေရင်းမှ သဘောကျစွာ ရယ်လိုက်သည်။

"အဟင်း သမီးရယ် ဒါက စတိုရီမို့လို့ စာရေးဆရာက ဖတ်ကောင်းအောင်ရေးတာပေါ့ သမီးရဲ့၊ ဟိုးရှေးရှေးခေတ်တုန်းကလူတွေက မေတ္တာတရားကို တန်ဖိုးထားကိုးကွယ်ကြတာလေ ဒီတော့ ပုံပြင်ထဲကလို ပန်းပုရုပ်ကို ဂီတသံနဲ့ အသက်သွင်းလို့ရကောင်းရပေမယ့် ဒီဘက်ခေတ်မှာတော့ ဒါကိုဖတ်ကောင်းတဲ့စတိုရီတစ်ပုဒ်အဖြစ်ပဲ နားလည်ခံစားလို့ရတော့မှာလေ"

မျက်ဝန်းဝိုင်းလေးဖြင့် ခေါင်းတညိတ်ညိတ်လေးလုပ်ကာ နားထောင်နေသော သမီးလေးနဖူးကို ကမ္မည်းထင် အချစ်သည်းစွာ နမ်းရှုံ့လိုက်သည်။

"ဟိုးခေတ်က မေတ္တာတရားကို တန်ဖိုးထားတဲ့လူတွေရှိသလို ဒီခေတ်မှာလည်း မေတ္တာတရားကို တန်ဖိုးထားနေဆဲလူတွေရှိပါသေးတယ်လေ"

သားအမိနှစ်ယောက် ပန်းပုသူဇာ စတိုရီလေးပြောနေရင်းမှ ကြားဖြတ်ဝင်လာသော အသံရှင်ကြောင့် ကမ္မည်းထင် အသံလာရာကို လှမ်းကြည့်လိုက်သည်။

"ဟယ် တီတီလေး မီးမီးဆီ လာလည်တာလား"

"ဟုတ်တယ် သမီးရဲ့မာမီက ဟိုနေ့က တီတီလေးကို ဆေးကု

www.burmeseclassic.com



ပေးသွားလို့ ကျေးဇူးတင်စကား လာပြောတာပါ''

တေးသံသာ ထိုင်ခုံမှဆင်းကာ စမ်းတဝါးဝါးလျှောက်လာသော ချိုချိုဆက်၏လက်ကိုတွဲကူ၏။

''လာ တီလေး ထိုင်ပါ၊ မာမီ တီလေးက မျက်လုံးမမြင်ရဘူး မာမီရဲ့''

ချက်ချက်ချာချာလေး မိတ်ဆက်ပေးနေသော တေးသံသာ၏ လူကြီးဆန်သော အမူအရာလေးကြောင့် ကမ္ဘည်းထင် ချိုချိုဆက်ကို အသိအမှတ်ပြုသည့်အပြုံးဖြင့် ပြုံးပြ၏။

''အာ မာမီကလည်း ပြုံးပြနေလို့ တီတီလေးက မာမီ့အပြုံးကို မြင်ရတာမှ မဟုတ်တာ''

''ဩော် အေးပါကွယ် ဆောရီးပါ၊ လာ ညီမ ထိုင်ပါ''

ချိုချိုဆက် ထိုင်ခုံတစ်လုံးမှာ စမ်းတဝါးဝါး ဝင်ထိုင်လိုက်သည်။

''မမ ညီမလေးကို အရေးတယူ ဂရုစိုက်ပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်''

ဒုတိယအကြိမ်ထပ်ပြော၍

''ကျေးဇူးတင်ဖို့မလိုပါဘူးကွယ်၊ မမတို့အလုပ်က လူနာတွေ ဆေးကုဖို့လေ''

မျက်တောင်မခတ်သော ကြောင်စီစီ မျက်ဝန်းအစုံနှင့် ကမ္ဘည်း ရှိရာကို မှန်းပြီး နားစွင့်နေ၏။ ကမ္ဘည်းနှင့်ရုပ်ချင်းဆင်ပေမယ့် သူမသည် လည်း တစ်မျိုးလှသည်ဆိုတာကိုတော့ စိတ်ထဲမှ မှတ်ချက်ချလိုက်ပြီ





''သမီးရေ ကူးကူးကိုသွားပြောပါလား၊ ညီ့သည်အတွက် တစ် ခုခုစီစဉ်ခဲ့ဖို့''

''ဟုတ် မာမီ၊ ခုပဲ သွားပြောလိုက်မယ်''

သွက်လက်ချက်ချာသော သမီးလေးအနားမှ ခုန်ပေါက်ပြေး လွှား၍ အိမ်ထဲဝင်သွားသည်။

''သမီးလေး တေးသံသာက အရမ်းလိမ္မာတယ်နော်၊ အသံ လေးကလည်း ဆည်းလည်းသံလေးလို သာယာတယ်၊ မျက်နှာလေးက လည်း သိပ်ချစ်ဖို့ကောင်းမှာပဲ၊ ချို မြင်ဖူးချင်လိုက်တာ၊ မမကိုလည်း အရမ်းမြင်ဖူးချင်တယ်''

''မမက ချို့လောက် သိပ်မလှပါဘူးကွယ်''

''ဟင့်အင်း ကိုမော်က ပြောတယ်၊ မမက ချိုနဲ့ဆင်တယ်တဲ့၊ ဒါပေမဲ့ ချို့ထက် မမက ပိုလှတယ်လို့ပြောတယ်၊ ကိုမော်ပြောတာ ဟုတ် မှာပါ၊ မမ အသံလေးက အရမ်းသာယာတယ်၊ အထက်တန်းကျပြီး သိမ်မွေ့တယ်''

နှစ်လိုဖွယ်ကောင်းအောင် ပြောတတ်သော ချိုချိုဆက်ကို ကရု ဏာသက်စွာ ကြည့်လိုက်ပြီး

''အဲဒီ မော်ကွန်းကလေ ငယ်ငယ်ကတည်းက အကျင့်အတိုင်း လူတစ်ဖက်သားကို မခံချင်အောင်ကိုပြောတုန်းပဲ၊ ဒီလောက်ချောတဲ့ ခိုးချောလေးကိုများ သူငယ်ချင်းနဲ့နှိုင်းရတယ်လို့''

''အဟင်း သူပြောတာ ဟုတ်မှာ မမရဲ့၊ ချိုစိတ်ထဲမှာ မမ

www.burmeseclassic.com



အသံနဲ့မှန်းပြီး ရုပ်လုံးဖော်ကြည့်တာ မမပုံစံက အရမ်းလှနေတယ်၊ ဒါ ကြောင့်လည်း ကိုမော့်ရင်ထဲမှာ ယနေ့အထိရှိနေသေးတာ''

ပြီးခဲ့ပြီးသော အတိတ်ကဇာတ်လမ်းကို သိနေဟန်ဖြင့် ပွင့်ပွင့် လင်းလင်း ပြောလိုက်သောစကားကြောင့် ကမ္ဘည်း နှုတ်တို့ဆွံ့အသွားသည် အထိ အံ့သြရသည်။

''မော်ကွန်း ဘာတွေလျှောက်ပြောထားတာလဲကွယ်၊ မဟုတ် တာ''

ချိုချိုဆက် မျက်စိမမြင်၍သာ ကမ္ဘည်း အနေခက်သွားတာကို မသိတာ။ စိတ်ထဲမှာ မော်ကွန်းသာအနီးမှာရှိလျှင် ကောင်းကောင်းအပြစ် တင်စကားဆိုလိုက်ချင်၏။ ပြီးခဲ့ပြီးသား ဒဏ်ရာဟောင်းကို ဘာဖြစ်လို့ ပြန်ပြန်ဆွနေရသလဲ။ မော်ကွန်းကို တကယ်ပင် နားမလည်နိုင်။

''မမကို ကိုမော် ခုချိန်ထိ ချစ်နေတုန်းပဲ၊ ချို့ကို လက်ထပ်ခဲ့ တာ ချစ်လို့မဟုတ်ဘူး မမနဲ့တူလို့တဲ့''

ချိုချိုဆက်၏လေသံသည် တိုးဖျော့အားလျော့နေ၏။ ကမ္ဘည်း ထင် တော်တော်လေး အနေခက်လာကာ

''ဒီအချိန်မှာ ဒါတွေမပြောပါနဲ့တော့လား ချို၊ အတိတ်ကအ ကြောင်းတွေကို အတိတ်မှာထားခဲ့တာကြာပြီ၊ မမရင်ထဲမှာ မော်ကွန်း ကို သူငယ်ချင်းဆိုတဲ့အသိကလွဲပြီး တခြားဘာမှမရှိတော့ဘူး''

ကမ္ဘည်း၏အသံသည် မလိုလားသောကြောင့် အဖျားခတ်မှာ မာဆတ်ဆတ်ဖြစ်သွားသည်။





''ဆော ဆောရီးနော် မမ၊ ကျေးဇူးတင်စကားလာပြောတာ မမကို စိတ်အနှောင့်အယှက်လာပေးသလို ဖြစ်နေပြီ၊ တောင်းပန်ပါတယ်''

ထိုအချိန်တွင် ကမ္ဘည်းတို့အနားသို့ ကူးကူး ဇော်မိုးဗန်းကိုင်ပြီး ထွက်လာသဖြင့် စကားစပြတ်သွားကြသည်။

ကမ္ဘည်းရင်ထဲမှာ မော်ကွန်းကို တော်တော်လေး ဒေါသထွက် နေ၏။

မော်ကွန်းနှင့်ပြန်ဆုံရတာ ကမ္ဘည်း စိတ်ထဲမှာ လုံးဝမပျော်ပါး တာ အမှန်ပင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မိုးတွေသည်းထန်စွာရွာနေသဖြင့် ရှေ့ကိုတောင် သဲသဲကွဲကွဲ မမြင်ရ။ ဝေဝါးနေသော မိုးရေစက်တွေကြားက မီးထိုးကာ သတိထား မောင်းနေရ၏။

"ကျွတ် မိုးကကွာ ညနေဆေးရုံကပြန်ချိန်ဆို အချိန်ကိုမှန် နေအောင်ရွာပေးတယ်"

"ကျို"

ရုတ်တရက် ကားကထိုးရပ်သွားသဖြင့် ကဗ္ဗည်း ပို၍စိတ်ရှုပ် သွားသည်။

"ဟ ကားက ဘာဖြစ်ပြန်ပြီလဲ၊ ဒုက္ခပါပဲ"

ကားစက်ကို ပြန်နှိုးကြည့်သည်။ လုံးဝကိုမနှိုးတော့။





ထို့ကြောင့် လက်ကိုင်အိတ်ထဲမှဖုန်းကိုထုတ်ကာ ကို့ဆီကို ဖုန်း ဆက်ပြီး ကားတစ်စီးလွှတ်ပေးဖို့ ပြောမည်ဟု အကြံရသွားသည်။

"ဟာ ကျွတ် အရေးထဲ ဘက်ထရီဒေါင်းနေရတယ်လို့"

လုံးဝအားမရှိတော့သော ဖုန်းကို လက်ကိုင်အိတ်ထဲပြန်ထည့် ကာ စိတ်ပျက်စွာဖြင့် သက်မတစ်ချက်ကို ဖူးခနဲ မှုတ်ထုတ်လိုက်သည်။

မိုးကတအားရွာနေ၍ ကားမှန်တွေ အကုန်တင်ကာ ကားထဲ မှာတင် ထိုင်နေလိုက်တော့သည်။ လက်မှာပတ်ထားသော နာရီကိုကြည့် လိုက်တော့ သမီးနှင့်ကို အိမ်ပြန်ရောက်နေလောက်ပြီ။

မိုးတအားရွာနေ၍ စိတ်ပူနေကြလိမ့်မည်။

ရုတ်တရက် တစ်ဖက်မှ ကားမှန်တံခါးလာခေါက်၍ အတွေးနယ် ချဲ့နေရာမှ မိုးရေငွေ့တွေဖြင့် မှုန်မွှားနေသောမှန်ကို လက်ဖြင့်အသာပွတ် ပြီး အပြင်ကိုကြည့်လိုက်သည်။

"ဟင် မော်ကွန်း"

တံခါးဖွင့်ဖို့ လက်ဟန်ခြေဟန်ဖြင့် ပြနေသောကြောင့် တံခါး လော့ခ်ကိုဆွဲတင်လိုက်သည်။

မော်ကွန်း တံခါးကိုဆွဲဖွင့်ပြီး ကိုယ်ကို ကိုင်းညွှတ်ကာ

"ကမ္ဘည်း ကားဘာဖြစ်လို့လဲ"

"မသိဘူး မောင်းနေရင်းနဲ့ ထိုးရပ်သွားတာပဲလေ၊ ငါလည်း မိုးတွေတအားသည်းနေတာနဲ့ ဆင်းမကြည့်ဘဲ ထိုင်နေတာ"

"ကဲ လာ ငါ့ကားနဲ့လိုက်ခဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘည်း ငြင်းဆန်မနေတော့ဘဲ လက်ကိုင်အိတ်ကိုယူပြီး ကားထဲမှ ထွက်ခဲ့လိုက်သည်။ ကမ္ဘည်း မိုးစိုမှာစိုး၍ မော်ကွန်း ထီးမိုးပေးထား၏။

ကားတံခါးလော့ခ်ကိုချခဲ့ပြီး စိတ်ချရလောက်သည့်အနေအထားရောက်မှ မော်ကွန်း၏ကားဆီသို့ လျှောက်လာကြ၏။

ထီးတစ်ချောင်းထဲ နှစ်ယောက်အတူဆောင်းလာရ၍ ကမ္ဘည်း စိတ်ထဲသက်တောင့်သက်သာမရှိ။

မော်ကွန်း ကားတံခါးဆွဲဖွင့်ပေး၍ မိုးရေစက်တွေကြားထဲမှ ကားထဲကပျာကသီ ဝင်ထိုင်လိုက်သည်။

မော်ကွန်းတစ်ဖက်မှပတ်ကာ ကားထဲဝင်ထိုင်လိုက်ပြီး ထီးကိုပိတ်ကာ ကားထိုင်ခုံဘေးမှာ ထည့်ထားလိုက်ပြီး ကိုယ်ပေါ်မှ မိုးကာဂျာကင်ကိုဆွဲချွတ်လိုက်သည်။

"ဗျူး တော်ပါသေးရဲ့ ကမ္ဘည်းရယ်၊ ငါတွေ့လို့ပေါ့၊ နို့မို့ဆို မိုးရေထဲမှာ ကားကို ဘယ်လောက်ကြာကြာ ရပ်ထားမလဲမသိဘူး။ ကိုညီကိုရော ဖုန်းဆက်မထားဘူးလား"

"ဆက်တယ် ငါ့ဖုန်း ချာဂျင်ကုန်နေတာနဲ့ ငါလည်း ထိုင်နေလိုက်တော့တာ"

မော်ကွန်း ကားစက်နှိုးလိုက်သည်။ မိုးရေထဲမှာ ကားကို ဖြည်းဖြည်းခနဲ မောင်းထွက်လိုက်၏။

ကားမောင်းနေရင်းမှ သူ၏ကိုယ်ကို ကိုင်းပြီး ကမ္ဘည်းဘက်မှ



တံခါးလော့ခ်ကို လှမ်းချသဖြင့် ခန္ဓာကိုယ်ချင်း မထင်မှတ်ဘဲ ပွတ်ကာသွားသည်။

"ဆောရီးနော် ကမ္ဘည်း"

မလုံမလဲဖြင့် တောင်းပန်လာသော မော်ကွန်းကို ဘာမှပြန်မပြောမနေတော့ဘဲ ကျောမှီကိုကပ်ကာ ကိုယ်ကိုကျုံ့နိုင်သမျှ ကျုံ့ထားလိုက်၏။

မော်ကွန်းကိုယ်မှ အယ်လ်ကိုဟောအနံ့က စူးခနဲ နှာခေါင်းထဲတိုးဝင်လာသည်။

ထို့ကြောင့် ဘာစကားမှ ထွေထွေထူးထူး မပြောတော့ဘဲ ခပ်တိတ်တိတ်သာ ငြိမ်၍လိုက်လာလိုက်သည်။

"ကမ္ဘည်း တိတ်လှချည်လား၊ ငါ့ကို စကားလေး ဘာလေးမပြောတော့ဘူးလား၊ နင်က အသံတိတ်နေတော့ ကားမောင်းရတာပျင်းစရာကြီးဟာ၊ မိုးကရွာတော့ အိပ်မငိုက်အောင် မောင်းနေရတယ်"

ရွှဲပြောလိုက်သော မော်ကွန်းစကားကြောင့် အပြင်ကိုငေးရင်းလိုက်လာသော ကမ္ဘည်း မော်ကွန်းကိုငဲ့ကြည့်ကာ

"နင် ဘီယာသောက်ထားတယ်မဟုတ်လား မော်ကွန်း"

"ဟင် နင်ဘယ်လိုသိလဲ"

"ငါမေးတာကိုပဲ ဖြေပါ"

"အင်း ဟုတ်တယ် နိုင်ငံခြားသားတစ်ယောက်ပါဟာ၊ သူမြန်မာပြည်ရောက်တုန်း ပြုစုပါဆိုလို့ နည်းနည်းပါ၊ ဆောရီးနော် နောက်

www.burmeseclassic.com



နင်မကြိုက်ရင် ငါမသောက်တော့ဘူး''

မျက်နှာငယ်ဖြင့် ကတိတွေ အထပ်ထပ်ပြောနေသောကြောင့် ကမ္ဘည်း စိတ်ရှုပ်ထွေးစွာဖြင့်

''မော်ကွန်း နင် ငါ့ကိုကတိတွေပေးစရာမလိုပါဘူး၊ နင်နဲ့ငါနဲ့ သူငယ်ချင်းတွေပဲဟာ၊ အယ်ကိုဟော ဝင်ထားတဲ့သူနဲ့ စကားမပြောချင်တာပဲရှိတယ်၊ ကျန်တာ ငါနဲ့မှမဆိုင်တာ''

လေသံခပ်တင်းတင်းနှင့် ပြတ်ပြတ်သားသား ပြောလိုက်သဖြင့် မော်ကွန်း အားမလိုအားမရ အကြည့်ဖြင့် ကြည့်လိုက်သည်။

''စိမ်းကားလိုက်တာ ကမ္ဘည်းရာ၊ တစ်ချိန်က ဘာမှမပတ်သက် ခဲ့ဖူးတဲ့သူစိမ်းတွေကျနေတာပဲ၊ ငါ့မှာတော့ နင့်ကိုတစ်ခဏလေးတောင် မမေ့သေးဘူးဟာ''

''ငါ့ကို ဒီအချိန်မှာ ဒါတွေလာပြောမနေပါနဲ့တော့ မော်ကွန်း ဒီစကားတွေ ပြောရမယ့်အချိန်ကာလ မဟုတ်တော့ဘူး၊ ခု ငါတို့အတွ ကားစီးနေတာဟာ သူငယ်ချင်းဆိုတဲ့ ပတ်သက်မှုတစ်ခုပဲ၊ တခြားအ ကိုမှ မတွေးပါနဲ့၊ နောက်ပြီး နင့်ကိုငါပြောစရာရှိတယ်၊ တစ်ချိန်က နင်နဲ့ငါ ချစ်သူတွေဖြစ်ခဲ့တယ်ဆိုတာ ချီချီဆက်ကို ဘာလို့ပြောရတာလဲ''

''နင့်ကို သူ ဘာလာပြောတာလဲ''

''အဲဒါကို မေးမနေပါနဲ့တော့၊ နင်နဲ့ငါနဲ့က လူလွတ်တွေမဟုတ် တော့ဘူး၊ ကိုယ့်ဂုဏ်ကိုယ့်အဆင့်အတန်း ကိုယ့်မိသားစုနဲ့ ရပ်တည်နေ ကြပြီ၊ ဒါကြောင့် လူသားဆန်တဲ့ကျင့်ဝတ်တော့ ရှိရမှာပေါ့''





ကမ္ဘည်း၏စကားလုံးစိမ်းစိမ်းတို့သည် ချစ်တတ်လွန်းသော ကိုယ့် နှလုံးသားကို ဓားနှင့်ခပ်ပါးပါးလှီးဖြတ်နေသလို ခံရခက်လှ၏။ လူသား ဆန်တဲ့ကျင့်ဝတ်တဲ့လား။

''အဟက် ငါက လူသားမဆန်ဘူးဆိုတဲ့သဘောပေါ့ ဟုတ်လား ကမ္ဘည်း၊ ဒါဟာ ငါ့ကိုရှုတ်ချသရော်လိုက်တာပဲ၊ ပျက်စီးလိုတဲ့စကားတစ် ခွန်းဟာ စိတ်ဓာတ်ကျဆင်းနေတဲ့ တစ်စုံတစ်ယောက်ကို အသေသတ်နိုင် တယ်တဲ့''

''ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် ဖန်တီးကြတာပဲလေ၊ နင်လည်း ခင်ကြိုက်တဲ့လမ်းကိုရွေးချယ်ခဲ့ပြီးမှ နေသာသည်ဖြစ်စေ မနေသာသည် ဖြစ်စေ လူ့ကျင့်ဝတ် လူ့သိက္ခာတရားအတွက် မလိုအပ်တဲ့ခံစားချက်တွေ ကို အိမ်ထောင်ရှိပြီးသား မိန်းမတစ်ယောက်ကို ရင်မဖွင့်သင့်ဘူး၊ ဒါဟာ သူ့စည်းကမ်းချိုးဖောက်တာပဲ မော်ကွန်း''

အထက်စီးနင်းဆန်သောစကားဟု ထင်ကာ မော်ကွန်း မဲ့ခနဲ ယ်လိုက်သည်။

ဒီနေ့တော့ ဒီလောက်ပါပဲ။ ကမ္ဘည်းရဲ့ရင်ခွင်မှာ ပြန်လည်နိုဝင် ဖို့ ကိုယ့်ဂုဏ်သိက္ခာတွေ အောက်ကြမ်းခင်းကိုရောက်သွားပါစေ ရှေ့ကို ခြလှမ်းတွေတစ်လှမ်းပြီးတစ်လှမ်း ဆက်တိုးရမှာပင်။

ခံနိုင်ရည်ရှိလောက်မယ်ထင်ပြီး စနိုးနှင့်လက်ထပ်မည့်ပွဲကို ကျက်ခဲ့မိ၍ ကမ္ဘည်းနှင့်ဝေးခဲ့ရသည့် ဆုံးရှုံးမှုဟာ ဘဝမှာအကြီးမားဆုံး ဆုံးရှုံးမှုကြီးတစ်ရပ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ငါ နှင့်ကိုပြန်ပြီး ပိုင်ဆိုင်ချင်တယ် ကမ္ဘာ့ညီးရယ်။ ငါ့ဝင်သက်ထွက်သက်တိုင်းဟာ နှင်မှနှင်ပါပဲ။

■ ■ ■



## အခန်း (၂၃)

"ဖြန်း ဖြန်း ဖြန်း"

"အား ချို ချို တောင်းပန်ပါတယ် ကိုမော်ရယ်"

ပါးနှစ်ဖက်လည်ထွက်သွားရအောင် ဘယ်ပြန်ညာပြန်ရိုက်ခံနေသော ချိုချိုဆက် ပါးကေးကြမ်းခင်းပေါ်တွင် ခပ်ကျုံ့ကျုံ့ထိုင်ကာ တောင်းန်တိုးလျှိုးနေရှာ၏။

"ခုမှ လာတောင်းပန်မနေနဲ့ ချိုချိုဆက်၊ နှင်နဲ့စပြီး လက်ထပ်ဲ့တတည်းက ငါသိပ်ချစ်တဲ့ချစ်သူနဲ့ တူလို့ လက်ထပ်ခဲ့တာပါလို့ ပြောီးသား။ ဒါကို နှင့်ဘက်က ကြည်ကြည်ဖြူဖြူနဲ့လက်ခံခဲ့တယ်၊ ခုမှလာ မကျေနပ်သလိုပုံစံနဲ့ ကမ္ဘာ့ညီးကိုသွားပြောစရာလိုလား၊ ငါက မင်းလို



www.burmeseclassic.com

www.burmeseclassic.com



မျက်ကန်းမတစ်ယောက်မဟုတ်ဘူး၊ ဂုဏ်သရေရှိတဲ့ အများကလေးစား အားကျရတဲ့ ဆရာဝန်မတစ်ယောက်ကွ”

ဒေါသတွေကြောင့် အသံမှာ ဟိန်းထွက်နေ၏။ ထိုအသံနှင့် ဆန့်ကျင်စွာ ချိုချိုဆက်၏ရှိုက်သံမှာ တိုးသက်လွန်းကာ ကြေကွဲစရာကောင်းနေ၏။

“ချို ကျေနပ်ပါတယ် ကိုမော်၊ ချို့လို မျက်ကန်းမတစ်ယောက်ကို အရေးတယူ လက်ထပ်တာဟာ ဒေါက်တာကမ္ဘည်းထင်နဲ့တူလို့ဆိုတာ သိပေမယ့် ချို ကျေနပ်ခဲ့တာပဲ၊ ခုဟာက ကိုမော် ဒေါက်တာ့အပေါ်မှာ မေတ္တာတွေမကုန်ဆုံးသေးဘူးဆိုတာ သိစေချင်လို့ ပြောလိုက်မိတာပါ”

“တော်စမ်းပါ နင်ကစေတနာကို ဗန်းပြပြီး ငါ ကမ္ဘည်းထင် အနားမှာပြန်နေရဖို့အတွက် အဟန့်အတားဖြစ်အောင် သတိပေးလိုက်တဲ့ သဘောဆိုတာ ငါသိတယ်”

ဘယ်လိုမှရှင်းပြ၍ နားမလည်မယ့်အတူတူ ချိုချိုဆက် ငိုရှိုက် လွဲပြီး ဘာတတ်နိုင်မှာတဲ့လဲ။

ကိုမော်ကို ချစ်လွန်းလို့ အရာရာကို ဖြည့်ဆည်းနားလည်ပေး ကာ ကိုမော် ဘာအမှားတွေပဲ ကျူးလွန်ကျူးလွန် ချိုချိုဆက် ကြည်ဖြူ ဖြည့်ဆည်းနားလည်ပေးခဲ့တာဟာ ကိုမော့်ကိုချစ်လို့ပါ။

ကိုယ်နဲ့လက်ထပ်လိုက်တဲ့ယောကျ်ားတစ်ယောက်ကို ပုံ သဏ္ဌာန်ကိုတောင် ဖြူသလားမည်းသလား မမြင်ခဲ့တဲ့လောကကြီး အလင်းအာရုံချို့တဲ့နေတဲ့ဘဝမှာ ကိုမော့်အသံလေးကို ကြားနေရ





ကျေနပ်နေရသူပါ ကိုမော်ရယ်။

ချိုလေ ကိုမော့်ကို သိပ်ချစ်တယ်။

ချစ်နေရရုံလေးကို ကျေနပ်နေတဲ့သူပါ။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၄)

"မာမီ မာမီ"

ဆေးရုံသွားခါနီး ဘုရားခန်းထဲဝင်ကာ ဘုရားဝတ်ပြုနေတုန်း ဘုရားခန်းအဝသို့ အပြေးတစ်ပိုင်း ရောက်လာပြီး ခေါ်လိုက်သော သမီး လေးခေါ်သံကြောင့် ဦးသုံးကြိမ်ချပြီး လှည့်ကြည့်လိုက်သည်။

"ဘာလဲ သမီး၊ မာမီ့ကို ဘာတွေမှာတမ်းခြွေဦးမလဲ"

ဆေးရုံသွားခါနီးတိုင်း အိမ်ကိုစောစောပြန်လာဖို့ ပြန်လာလျှင် သူစားချင်တာတွေ ဝယ်လာဖို့ တန်းစီပြီးမှာတတ်သော သမီးလေး တော သံသာကို အပြုံးဖြင့်မေးလိုက်သည်။

"ဟင့်အင်း မှာတာကတော့ အရင်နေ့တွေကမှာတဲ့အတိုင်းပဲ မာမီ ခုဟာက မာမီ့ကို အံ့ဩစရာပြမလို့"





စကားကြီးစကားကျယ်ကို အရွယ်နှင့်မလိုက်အောင်ပြောနေသော သမီးစကားကြောင့် ကမ္ဘည်း သမီးပြောမည့် အံ့ဩစရာကို စိတ်ဝင်စားသွားသည်။

"ဘာတွေများ ထူးဆန်းတာပြမလို့လဲ သမီးရဲ့"

"လာ မာမီ မီးမီးပြမယ်"

သမီးလေးဆွဲခေါ်ရာ အိမ်ရှေ့လသာဆောင်ဘက်သို့ လိုက်ခဲ့လိုက်သည်။

"ဟိုဘက်ခြံကိုကြည့်လိုက် မာမီ"

"ဟင် ချိုချိုဆက် မျက်နှာမှာ အညိုအမည်းတွေစွဲပြီး ဖူးယောင်ကိုင်းနေပါလား"

ရင်ဘတ်ဖိပြီး တအံ့တဩ ရေရွတ်မိသည်အထိ ချိုချိုဆက် မျက်နှာပေါ်မှ ဒဏ်ရာသည် မြင်လို့တောင်မကောင်း။

"တွေ့လား မာမီ အဲဒါ ဟိုဦးဦး ရိုက်ထားတာဖြစ်မှာ၊ မီးမီး တော့လေ အဲဒီဦးဦးကိုကြောက်တယ်၊ ဒယ်ဒီက မာမီ့ကို အဲလိုမလုပ်ဘူး၊ ဒယ်ဒီ အရမ်းတော်တယ် သိလား မာမီ"

ကောင်းတာနှင့်မကောင်းတာကို ယှဉ်ပြီးပြောတတ်သော သမီးလေး၏ဆံသားပျော့ပျော့ခွေခွေလေးတွေကို ခပ်ဖြည်းဖြည်း ပွတ်သပ်ပြီး

"သမီး ဒယ်ဒီက မာမီ့ကိုရော သမီးလေးကိုရော ချစ်တော့ ဒီလို ဘယ်တော့မှ ရိုက်မှာမဟုတ်ဘူး"

အိမ်အကူနှင့်အတူ ခြံထဲဆင်းလျှောက်နေသော ချိုချိုဆက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ဘာကြောင့် ဒီလိုဖြစ်ရတာလဲဟူသော မေးခွန်းတွေ ထွက်ပေါ် လာသည်။

"မာမီ တီလေးကို ဆေးသွားကုပေးလိုက်ပါလား"

"ကုပေးချင်ပေမယ့် ဒါ သူများအိမ်တွင်းရေး ပြဿနာမို့ မသွားသင့်ဘူး သမီးရဲ့"

"ဩော် ဟုတ်လား အင်း တီလေးသနားပါတယ်နော် တော်တော်နာမှာပဲ"

"ကဲ သမီး မာမီ ဆေးရုံသွားတော့မယ်၊ သမီးဒယ်ဒီ ဖုန်းပြောပြီးတဲ့အထိ မာမီ မစောင့်တော့ဘူးလို့"

"ဟုတ် မာမီ ညနေ ဒယ်ဒီဒင်နာရှိတယ် အမြန်ပြန်လာနော်"

"အိုကေ သမီး"

သမီးလေး ပါးဖောင်းဖောင်းကိုချစ်စဖွယ်နမ်းရှုံ့ပြီး လက်ဖွေ့ အိတ်နှင့် ကားသော့ယူကာ ထွက်လာလိုက်သည်။

■ ■ ■

# အခန်း (၂၅)

"ကျွီ"

ရှေ့မှပိတ်ရပ်လိုက်သော မော်ကွန်း၏ကားကြောင့် ကမ္ဘည်း ကားကိုအရှိန်နှင့်မောင်းနေရာမှ ကျွီခနဲ ရပ်လိုက်သည်။

မော်ကွန်း ကားပေါ်မှဆင်းလာပြီး ကမ္ဘည်း ကားရပ်ထားရာသို့ ခပ်သွက်သွက် လျှောက်လာ၏။

"မော်ကွန်း ဘာကိစ္စလဲ၊ ငါ ဆေးရုံသွားမလို့"

"သိတယ် ငါ အခု ဘာမှမစားရသေးဘူး။ နင် ငါ့ကိုတစ်ခုခု လိုက်ကျွေးဟာ"

ကလေးတစ်ယောက် ပူဆာသလိုမျိုး ဗိုက်ဆာကြောင်းပြောနေသော မော်ကွန်းကိုကြည့်ပြီး ကမ္ဘည်း မျက်ခုံးနှစ်ဖက်ပင့်ကာ ပြုံးလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ဩော် နင်က မောနင်းဘဲ့ရိတ်ဖတ်စ်တောင် ဝယ်မစားနိုင်တဲ့ ငမွဲတစ်ကောင်ကိုး။ သနားစရာဟယ်"

ထိုသို့ ခပ်ရွဲ့ရွဲ့ပြောတော့ မော်ကွန်း သဘောတကျရယ်၏။

"ဟုတ်တယ် ငါက နင်ဝယ်ကျွေးတဲ့ မနက်စာနဲ့ဒီနေ့ တစ်နေကုန် လန်းဆန်းချင်တယ်"

"ငါ မအားဘူး။ ဒီနေ့ အော်ပရေးရှင်းတွေရှိတယ်"

အကြောင်းပြချက်တစ်ခုကို အလွယ်တကူပေးလိုက်ပေမယ့် တကယ်လည်း များတာအမှန်။

"ကျွတ် ကမ္ဘည်းရယ် ငါ့ကိုမနက်စာကျွေးတာ ဘယ်လောက်ကြာမှာမို့လဲ၊ အလွန်ဆုံးကြာ နာရီဝက်ပေါ့လို့ လာပါ ဒီဆိုင်က မနက်စာတွေက အရမ်းမိုက်တယ်"

ကားတံခါးအတင်းဆွဲဖွင့်ပြီး ဖွတ်ခေါ်နေသဖြင့် ဆက်ငြင်း၍မကောင်းတော့ အားနာစိတ်တာတ်ခံရှိသူမို့ ငြင်းရခက်နေတာတော့အမှန်။

"လာပါ နင်ကလည်း ဆရာဝန်မကြီးဖြစ်သွားလို့ သွေးကြီးသွားတာလား"

"ကဲပါ မော်ကွန်းရယ် ကျွေးပါမယ်၊ ကျွေးပါမယ် တကာတည်းမှပဲ ကလေးမဟုတ် သူငယ်မဟုတ် လူကိုဂျစ်တိုက်စရာရှားလို့"

ကမ္ဘည်း ကားထဲမှထွက်လိုက်သည်။

Love feeling ဟူသော ရှိမ်နှံဆန်သော ဆိုင်ကလေးရှေ့အရောက်မှာ ချိန်ကိုက်ပြီး ကားရပ်စေခဲ့သော မော်ကွန်း၏အကြံကို





ကမ္ဘည်း မရိပ်မိ။

ဆိုင်ကလေးမှာ လူရှင်းနေ၏၊ ဝိတ်တာလေး အနားရောက်လာ၏။

"ပီဇာတစ်ပွဲ ဗီယက်နမ်ကော်ပီတစ်ခွက်၊ ငါးသလဲထိုးကြော်နဲ့ ထမင်းကြော်တစ်ပွဲ၊ ကမ္ဘည်း နင်ရောမှာလေ ဘာစားမလဲ"

"ဟင့်အင်း ငါ အိမ်ကစားခဲ့ပြီးပြီ"

"နင့်ယောကျ်ားနဲ့လား"

မေးပုံကြီးက တစ်မျိုးကြီးမို့ ကမ္ဘည်း အကြည့်တို့ မော်ကွန်းဆီသို့ ဆတ်ခနဲ ရောက်လာသည်။ ဝိတ်တာလေး အနားမှထွက်သွားသည်။

"အေးပေါ့ ကိုနဲ့မစားလို့ ဘယ်သူနဲ့အတူစားရမှာလဲ မော်ကွန်းရယ်"

လေသံရှည်ဖြင့်ပြောလိုက်သော ကမ္ဘည်း စကားသံကြောင့် မော်ကွန်း မချိသောရယ်ခြင်းမျိုးဖြင့် ခပ်တိုးတိုး ရယ်လိုက်သည်။

"အားကျလို့ပါဟာ၊ ဆောရီးနော်၊ ငါ ဒီလိုမပြောသင့်ဘူးဆိုတာ သိပါတယ်"

ကမ္ဘည်းဘာမှပြောမနေတော့ဘဲ ဆေးရုံကို ဖုန်းလှမ်းဆက်လိုက်၏။ ဝိတ်တာလေး စားစရာတွေ လာချပေးသည်မို့ မော်ကွန်း အားရပါးရစားနေ၏။

ကမ္ဘည်း တမင်ပင် ဖုန်းကိုအချိန်ဆွဲပြီး ပြောလိုက်သည်။ သို့သော် ဒီထက်အချိန်ဆွဲပြီး ပိုပြောစရာစကားလည်း သိပ်မရှိတော့တာမို့

www.burmeseclassic.com



ဖုန်းပြောခြင်းကို ရပ်ပြီး မော်ကွန်းကို ဘာစကားမှပြောမနေတော့ဘဲ ဆိုင်ထဲမှာ ချိတ်ထားသော ပန်းချီကားတွေဆီသို့သာ အကြည့်ပို့ထားလိုက်၏။

"ဪ ငါ နှင့်ကိုပေးစရာတစ်ခုရှိတယ်"

သိပ်စိတ်မဝင်စားပုံဖြင့် မော်ကွန်းကိုကြည့်ကာ

"ဘာပေးစရာလဲ၊ ငါ ဘာမှမလိုချင်ပါဘူးဟာ"

"နှင် မလိုချင်ပေမယ့် ငါကတော့ ပေးမှာပဲ၊ နှင် ငါ့ကိုသူငယ်ချင်းလို့ ခင်သေးတယ်ဆိုရင် မငြင်းပါနဲ့"

သူ့ကုတ်အင်္ကျီအိတ်ထဲမှ ကတ္တီပါအနီရောင်ဘူးလေးကို ထုတ်ယူပြီး ကမ္ဘည်းရှေ့မှာ ချပေးလိုက်သည်။

ကမ္ဘည်းကြည့်ရုံပဲ ကြည့်ပြီး လှမ်းမယူ မက်မောသောအရိပ်အယောင်မျိုးလည်း မပြမိ။

"ယူလေဟာ ဘာလဲ ငါကိုယ်တိုင် ဝတ်ပေးရမှာလား"

"မော်ကွန်းရယ် နှင်ဟာလေ တကယ့်ဇွတ်ပဲ၊ နှင့်ကိုငါ ခင်တယ်၊ ဒါပေမဲ့ ငါ နှင့်ဆီက ဘာမှမလိုချင်ဘူး၊ ဒီကတ္တီပါဘူးလေးထဲမှာ ဘာရှိမှန်း ငါမသိပေမယ့် ဒီထဲက ပစ္စည်းလေးဟာ ချိုချိုဆက်ကိုပဲ ပေးသင့်တာ"

မော်ကွန်းမျက်နှာ ပျက်သွားသည်။ လက်ထဲမှာကိုင်ထားသော ဖွန်းခက်ရင်းကို ပန်းကန်ပြားထဲ အသေအချာပြန်ချရင်း ပျက်သွားသော မျက်နှာကို မချိပြုံးဖြင့် ပြန်ဖုံးကာ





"နှင်က သူ့ကို ငါဘာမှတာဝန်မကျေဘူးလို့ ထင်နေပုံပဲ စိတ်ချပါဟာ၊ သူ့ကိုငါ မချစ်ဘဲနဲ့ လက်ထပ်ထားရပေမယ့် ငါ့ဘက်က သူ့ကို လိုလေသေးမရှိအောင်ကို ပြည့်ပြည့်စုံစုံ ထားပါတယ်"

"မိန်းမတစ်ယောက်ကို ပစ္စည်းဥစ္စာ လိုလေသေးမရှိအောင် ပြည့်ပြည့်စုံစုံထားပြီး အချစ်တွေမပေးနိုင်တာကတော့ နှင် တဆိတ် မလွန်ဘူးလား၊ အဲဒါဟာ မိန်းမတစ်ယောက်ရဲ့ခံစားမှု၊ မျှော်လင့်ချက်နဲ့ အနာဂတ်ကို မသေမချင်း အကြိမ်ကြိမ် သတ်နေတာနဲ့ အတူတူပဲ မော်ကွန်း၊ ဟိုခမြာမှာ အမြင်အာရုံချို့တဲ့နေရတဲ့ကြားထဲ နှင့်ဆီက ဂရုတစိုက်နဲ့ ကြင်နာမှုမပေးတော့ ဘယ်လောက်အထီးကျန်လိမ့်မလဲ"

"ငါ သူ့ကို နှင်နဲ့တူလို့ လက်ထပ်ခဲ့ပြီးပြီပဲ၊ သူ့ဘဝ ငါနဲ့လက်ထပ်မှ ခုလို လူလုံးလှလာတာမို့ ငါ့ဆီက ဂရုစိုက်မှုတွေမပေးလည်း သူ့အဖို့ နေပျော်နေတာပဲဟာ၊ အဲဒီအတွက် မပူပါနဲ့"

"ဒါဆို နှင် မနေ့က ချိုချိုဆက်နဲ့ ဘာပြဿနာဖြစ်လဲ"

ကမ္ဘည်းထင် ဒဲ့ပင်မေးလိုက်တော့သည်။ သူငယ်ချင်းတွေလို ဆက်ဆံရေးမို့ ဝေဖန်ရှုတ်ချလည်း ပွင့်ပွင့်လင်းလင်းပင် ရှုတ်ချဝေဖန်တော့မည်။

"ထွေထွေထူးထူး မဟုတ်ပါဘူး"

"ဟွန်း ထွေထွေထူးထူးသာ မဟုတ်တယ်၊ ချိုချိုဆက်မျက်နှာပေါ်မှာ နှင်ထိုးထားတဲ့ ဒဏ်ရာကြောင့် မြင်ရက်စရာမရှိဘူး မော်ကွန်း၊ နှင် တော်တော်ရက်စက်တယ်၊ အားနွဲ့တဲ့မိန်းကလေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ရုံးအားကိုးနဲ့ အနိုင်ယူဗိုလ်ကျတာဟာ ယောကျ်ားကောင်းတို့ရဲ့ လုပ်ရပ်မဟုတ်ဘူး မော်ကွန်းရဲ့၊ ဘယ်လောက် အထင်သေးစရာကောင်း လိုက်လဲ''

အားမနာတမ်း ဝေဖန်လိုက်သဖြင့် မော်ကွန်း မျက်နှာမကောင်း မှန်းသိသာ၏။

''ဒါ ငါတို့ရဲ့ အတွင်းရေးကိစ္စကြောင့်ပါဟာ၊ ကဲပါ ငါပေးတဲ့ လက်ဆောင် မယူချင်လို့ နင် စကားလမ်းလွှဲမနေပါနဲ့ ရော့ ယူပါဟာ''

ကမ္ဘည်း တုတ်တုတ်တောင်မလှုပ်။ မော်ကွန်း ကတ္တီပါဘူးလေး ကို ဖွင့်လိုက်သည်။

အထဲတွင် တဖျတ်ဖျတ်လက်နေသည့် စိန်လက်စွပ်ကလေး တစ်ကွင်း။

''ရော့ ရှေ့အပတ်ထဲမှာ နင့်မွေးနေ့မဟုတ်လား။ ဒါ ငါ့ရဲ့မွေး နေ့လက်ဆောင်ပေါ့''

ကိုယ်ကိုယ်တိုင်ပင် မေ့နေသော ကိုယ့်မွေးနေ့ကို သူ ခုချိန်ထိ သတိရသေးတာပဲ။

''နင် မအံ့ဩဘူးလား ကမ္ဘည်း''

''ဘာကိုလဲ''

''နင့်မွေးနေ့ကို ငါ ခုချိန်ထိ သတိရသေးတာကိုလေ''

''ငါတို့က ငယ်ငယ်ကတည်းက လည်ပင်းဖက်ကြီးလာတဲ့ ငယ် သူငယ်ချင်းတွေပဲ၊ နင် ငါ့မွေးနေ့ကို မှတ်မိတာ မဆန်းပါဘူး မော်ကွန်း





ရယ်''

ကမ္ဘည်းပုံစံက ဝမ်းသာလှိုက်လှဲမှုမရှိဘဲ စိတ်ရှုပ်ထွေးနေသော ပုံပင်ပေါက်နေ၏။ မော်ကွန်း ရိပ်မိပေမယ့် တမင်ပင် မရိပ်မိသောဟန် ဖြင့် စိန်လက်စွပ်ကိုယူကာ ကမ္ဘည်း လက်ချောင်းသွယ်သွယ်မှာစွပ်ပေးဖို့ ကမ္ဘည်း၏ဘယ်ဘက်လက်ကို လှမ်းဆွဲလိုက်သည်။

''အို မော်ကွန်း''

ရုတ်တရက်မို့ ကမ္ဘည်း အငိုက်မိသွားသည်။ ရုန်းပေမယ့်လည်း မော်ကွန်း လုံးဝလက်မလွှတ်။ လက်စွပ်ကလေးက ကမ္ဘည်း၏ရှည်သွယ် သော လက်သူကြွယ်မှာ စွပ်မိလျက်သား ဖြစ်နေပြီ။

''နင် လုံးဝမချွတ်နဲ့နော်၊ အဲဒါ အမြဲဝတ်ထား''

ပိုင်စိုးပိုင်နင်း ပြောနေသော မော်ကွန်းစကားကို ကမ္ဘည်း သက်မခံနိုင်ပါ။

''ငါ အမှတ်တရသိမ်းဆိုရင် သိမ်းထားမယ် မော်ကွန်း၊ ဒါပေမဲ့ သက်မှာတော့ အမြဲမဝတ်ထားနိုင်ဘူး''

ရင်းနှီးမှုတွေနှင့် ရင်ရိပ်ခိုခွင့်ကို တဖြည်းဖြည်း ဆွဲယူနေချိန်မှာ မော်ကွန်း ဒီထက်ထပ်ပြီး လောဘမတက်သင့်မှန်း ကိုယ့်ကိုယ်ကိုယ် သတိပေးကာ ကျေကျေနပ်နပ်ကြီး ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

''အိုကေ ငါ နည်းနည်းလောဘကြီးသွားတယ်၊ ဘာပဲဖြစ်ဖြစ် ငါ့လက်ဆောင်ကို လက်ခံပေးတဲ့အတွက် ကျေးဇူးတင်တယ်''

ထိုနေ့က မော်ကွန်းနှင့်လမ်းခွဲပြီး ဆေးရုံသွားသောလမ်းမှာပင်



www.burmeseclassic.com

www.burmeseclassic.com



မော်ကွန်းကိုယ်တိုင် ဝတ်ပေးလိုက်သော ထိုလက်စွပ်ကိုချွတ်ပြီး အိတ်ထဲ ထည့်သိမ်းလိုက်သည်။

ခုလိုအချိန်မျိုးမှာ မော်ကွန်းဆီမှ ဘယ်လိုအရာမျိုးကိုမှ မလို ချင်ပါ။

အမျိုးကောင်းသမီးဖြစ်ဖို့ ပေးတိုင်းမယူချင်ပေမယ့် သူငယ်ချင်း ဆိုသည့်ပတ်သက်မှုကြီးနှင့် ကိုင်ပေါက်လာတော့ ကမ္ဘည်း မငြင်းရက်ပြန်။ ဒါဟာ ကမ္ဘည်းရဲ့အားနည်းချက်တစ်ခု ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

ထိုအကြောင်းကို ကို့ကိုပြောပြလျှင် ကောင်းမလားဟု ကား မောင်းရင်း တွေးဖြစ်သေး၏။

သို့သော် သာယာနေသော အိမ်ထောင်ရေးမှာ ဘာမှအရေး မပါသည့်အကြောင်းအရာလေးကြောင့် ကို့အငြိုငြင်ကို မခံချင်ပြန်။

ကိုယ့်ဘက်က ရိုးသားတာပဲလေ။

■ ■ ■

## အခန်း (၂၆)

"တောက်"

"ဝုန်း ဒုန်း ခလွမ်"

အနီးရှိ ဆုံလည်ကုလားထိုင်ကို ဝုန်းခနဲ ပိတ်ကန်ကာ မြင်နေ သော မြင်ကွင်းကို မရှုစိမ့်နိုင်ဖြစ်နေသူက မော်ကွန်းပင်ဖြစ်သည်။

"ကိုမော် ဘာစိတ်တိုင်းမကျတာရှိလဲ၊ ချို ဘာလုပ်ပေးရမလဲ ဟင်"

ညီလင်းပနှင့်ကမ္ဘည်းထင် အကြည်ဆိုက်နေကြသောမြင်ကွင်း ကို ချိုချိုဆက် မမြင်ရ။ ဒေါသတကြီး ကန်ကျောက်နေသော ဝုန်းဒိုင်းကြွ သံကိုသာ ကြားရ၍ မေးခြင်းဖြစ်သည်။



www.burmeseclassic.com

စေတနာကို အဝေရာပာထင်နေသူ မော်ကွန်းမှာ ချိုချိုဆက် ၏အလိုက်သိမှုကိုလည်း အကောင်းမမြင်နိုင်တော့။

"မင်းနဲ့ဘာဆိုင်လို့ မမြင်မစမ်းနဲ့ လာမေးနေရတာလဲ"

ဒေါ်သတကြီး အော်လိုက်သံကြောင့် ချိုချိုဆက် မျက်ရည် ဝဲတက်လာသည်။

"ချိုက စေတနာနဲ့ မေးလိုက်တာပါ ကိုမော်ရယ်၊ မကြိုက်ရ မမေးတော့ပါဘူး"

"ဘာ စေတနာ ဟုတ်လား၊ အဲဒါ စေတနာမဟုတ်ဘူး။ ငါ့ လာနှောင့်ယှက်နေတာကွ၊ ငါ့ရဲ့ကျူးခန်းကို မင်းလာလှောင်ရယ်နေသ ခံစားရတယ်ကွ၊ ဒီမှာ မင်း ဒီလောက် ငါ့အတွက်ဖြည့်ဆည်းပေးချင် ငါ ဆုံးရှုံးလိုက်ရတဲ့ ငါ့ချစ်သူကို ငါ့ရင်ခွင်ထဲပြန်ရောက်လာအောင် လ ပေးလေ"

မဖြစ်နိုင်သည့်စကားကိုမှ ရွေးပြောလိုက်သည့်အတွက် ချို ဆက် ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။ လက်ထပ်ပြီးကတည်း ရင်ထဲကို နွေးထွေးမှုတစ်စုံတစ်ရာ မပေးခဲ့သည့် ဒီယောကျ်ားကိုမှ ပြ မြတ်နိုးနိုး ချစ်ခဲ့မိသည်။ ကိုယ့်ကိုယ်ကိုယ်သာ ရူးသွပ်သူဟုသာ အ တင်လိုက်မိသည်။

ဒါတင်မကသေး ချိုချိုဆက် သူ့ကိုယ်သူ ရူးသွပ်သူဟု ပြ ရှုတ်ချသလို မော်ကွန်းကိုလည်း အတ္တကြီးပြီး အလိုရမ္မက်ကြီးသူ မြင်မိတော့၏။

ဗျူး ၁၁၄၀



တကယ်ဆို ကိုယ့်အနီးအနားမှာရှိနေသော အချစ်ကိုသာ ရယူ ပိုင်ဆိုင်ရမည့်အရေး ဘယ်လိုမှ မသင့်တော် မအပ်စပ်တော့သည့် တစ်ပါး သူ ရင်ခွင်ထဲရောက်နေပြီဖြစ်သော အချစ်ကို မျှော်မော့နေရသည့် သူ့ ဆန္ဒမှမဟုတ်တာ။

ကမ္ဘည်းလို ဂုဏ်သိက္ခာတွေနှင့်ပြည့်နှက်နေသော မိန်းမတစ် ယောက်ကရော တစ်ချိန်က ချစ်သူတွေဖြစ်ခဲ့ကြဖူးတာနှင့် သူ့ကိုပြန်ချစ် သာနိုင်မည်တဲ့လား။

လောကကြီးကရော ရင်ထဲမှာ နင့်နင့်နဲနဲ ချစ်မိတဲ့ တစ်ဖက် သတ်အချစ်အတွက် ထိုက်တန်တဲ့အချစ်တစ်ခုကို ဘာကြောင့် ပြန်မပေး ဆပ်နိုင်ရတာလဲ။

တကယ်တော့ ချိုချိုဆက်ဟာ မော်ကွန်းအချစ်တွေနဲ့ ဘဝကို ရင်သန်နေချင်တဲ့သူတစ်ယောက်ပါ။

ဘာမှမလိုဘူး အဲဒီအချစ်ကလေးတစ်ခုပဲ။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၈)

“ဟော့ ညစာစားပွဲအတွက် အားလုံးအဆင်သင့်ဖြစ်ပြီလား”

“ဟုတ်ကဲ့ ပြင်ပြီးပါပြီ သူဌေး၊ မမချို အားလုံးစီစဉ်ခိုင်းထားလို့ ခုပဲ ပြီးတာပါ”

“အမြည်းအတွက်ရော”

မင့်မရဲ လေသံဖြင့် ဖြေနေသော အိအိသိန်းကို ထပ်မေးသည်။ အိအိသိန်း မျက်လုံးလေး ကလယ်ကလယ်ဖြင့် မော့ကြည့်ကာ

“ရှင်”

“ဟာ ငါမေးတာ နင် နားမရှင်းဘူးလား၊ ဘီယာနဲ့ မြည်းဖို့ အမြည်းတွေရော ပြည့်စုံရဲ့လားလို့ မေးတာ”

“ဟုတ်ကဲ့ ပြည့်စုံပါပြီ ကိုမော်”



အိအိသိန်း မဖြေဘဲ ချိုချိုဆက် မော်ကွန်းအနောက်မှာရောက်နေပြီး ဖြေလိုက်သည်။ ရေချိုးပြီးကာစ သနပ်ခါးမခြောက်တခြောက် မျက်နှာလေးကို မော်ကွန်း ငဲ့ကြည့်လိုက်ပြီး

“နေပါဦး မင်းကို ဝတ်ခိုင်းထားတဲ့အင်္ကျီကို ဘာဖြစ်လို့ မဝတ်တာလဲ”

ပန်းနုရောင်ဖျော့ဖျော့ ဘလောက်စ်အင်္ကျီလေးနှင့် ယဉ်ယဉ်လေးသာသော ချိုချိုဆက်ကို မျက်နှာကြောတင်းတင်းနှင့် မေးလိုက်သည်။

“ဟိုလေ အင်္ကျီက နည်းနည်းကျပ်နေလို့ပါ”

“ကျွတ် မင်းဟာလေ ဘယ်တော့မှ ငါ့စိတ်တိုင်းကျမလုပ်ဘူး၊ ဒါကြောင့် မင်းကို ငါ ဒေါသတွေအမြဲထွက်နေရတာ”

အိအိသိန်း မော်ကွန်း၏ဒေါသကို သိနေသဖြင့် အနားမှာမနေတော့ဘဲ ယောင်လည်လည်နှင့် အနားမှထွက်သွား၏။

“ဒါဆိုရင်လည်း ချို ပြန်လဲထားလိုက်ပါ့မယ်”

မော်ကွန်း၏ဒေါသတွေကို ရင်မဆိုင်ချင်၍ စကားနည်းရန်စဲပြောပြီး အခန်းရှိရာသို့ ပြန်၍လျှောက်လာခဲ့လိုက်သည်။

ဒီည မမကမ္ဘည်းတို့မိသားစုကို ထမင်းစားဖိတ်ထား၍ မော်ကွန်း တက်ကြွနေသည်။

အခန်းထဲဝင်ပြီး မော်ကွန်းရွေးပေးသောအင်္ကျီကို အဝတ်စင်မှာ ချိတ်ထားရာမှ လှမ်းယူလိုက်သည်။

“မမ ဟိုဘက်ခြံက သူဌေးမိသားစုရောက်လာပြီ”

www.burmeseclassic.com



အိအိသိန်း လာခေါ်သောအသံကြောင့် အကျီလဲဝတ်ခြင်းကို ကပျာကသီ လုပ်လိုက်သည်။ ပြီးနောက် ညေ့ခန်းထဲသို့ ထွက်လာလိုက်သည်။

ညေ့ခန်းထဲရောက်ရောက်ချင်း ဝေးသံသာ၏အသံစာစာလေးကို အရင်ဆုံးကြားရ၏။

"တီတီလေး"

"ဩော် သမီးလေး ရောက်နေပြီကိုး၊ တီလေး သမီးစားဖို့ မုန့်တွေအများကြီးဝယ်ထားတယ် သိလား"

"ဟုတ် ကျေးဇူးပဲ တီတီလေး"

"ကမ္ဘည်းရယ် နင့်သမီးလေးကို ငါတို့ပဲ မွေးစားလိုက်ရင် ကောင်းမယ်၊ ဘယ်လိုလဲ ကိုညီ ကျွန်တော့်ကိုမွေးစားခွင့် ပေးမလား"

ညီလင်းပ မော်ကွန်း၏တောင်းဆိုမှုကို ခပ်တိုးတိုးရယ်သံဖြင့် တုန့်ပြန်ပြီး

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်မှာ ချစ်စရာဆိုလို့ ဒီသမီးလေးနဲ့ ဒီဇနီးပဲရှိတာ၊ သူတို့သာမရှိရင် ကျွန်တော့်ဘဝလည်း ရှိတော့မှာမဟုတ်ဘူး"

ရင်ထဲကလာသော စကားမို့ အားမှာယုဉ်တွဲထိုင်နေသော ကမ္ဘည်းရင်ထဲ လှိုက်ခနဲ ခုန်သွားသည်။ ကမ္ဘည်း ကျေနပ်နိုင်စွမ်းရှိပေမယ့် မော်ကွန်းနားထဲသို့ တိုးဝင်လာသော ညီလင်းပ၏စကားသည် သံ ရည်ပူတွေ လောင်းထည့်ခံရသလို အကြားအာရုံမှတစ်ဆင့် ရင်ထဲထိ





ဖောက်ဝင်ကာ ပူလောင်ပြင်းပြသွားရ၏။

မေးမိသော ကိုယ့်ပါးစပ်ကို လက်သီးနှင့်သာ သွားတွေကျွတ်ကျသည်အထိ ထိုးပစ်လိုက်ချင်သည်။

"ဟင့်အင်း မီးမီးက ဦးကို ဒယ်ဒီမတော်ချင်ပါဘူး။ ဒယ်ဒီက မီးကို မရိုက်ဘူး။ ဦးဦးက တီတီလေးကို ခဏခဏရိုက်တယ်၊ တီတီလေး ချမ်းသနားဖို့ကောင်းတယ်၊ မျက်နှာမှာ လက်ဝှေ့သမားတွေလို ခဏခဏ ဒဏ်ရာရတယ်"

"အို သမီး ဘာတွေလျှောက်ပြောနေတာလဲ၊ အဲဒီလို မပြောရဘူး အဲဒါ မယဉ်ကျေးဘူးလို့ခေါ်တယ်"

သမီးကို ဟန့်တားလိုက်သော ကမ္ဘည်း အားနာရိပ်တွေလွှမ်းနေ၏။ ညီလင်းပမှာ မနေတတ်လောက်အောင်ကို အားနာသွားရကာ

"ကိုမော်ကွန်းသစ် ဆောရီးဗျာ ကျွန်တော့်သမီးက အဲလိုပဲ စိတ်ထဲရှိရာကို ပြောတတ်တဲ့အကျင့်ရှိတယ်"

"ပြောပါစေ ကိစ္စမရှိဘူး ကိုညီ၊ ကလေးဆိုတာ မြင်တဲ့အတိုင်း ပြောတတ်ကြတာ သဘာဝပဲ"

မျက်နှာမပျက်အောင် သတိနှင့်ထိန်းပြောနေသော မော်ကွန်းသစ် အရှက်ကွဲသွားတာတော့ အမှန်ပင်။ ဒါဟာ ချိုချိုဆက် မကောင်းလို့ ဖြစ်ရတာဟု အားလုံးကို ချိုချိုဆက်ပေါ် လွှဲချလိုက်သည်။

"ဦးဦး ဆောရီးပါနော်"

ကလေးမှာ ကမ္ဘည်းထင် ခပ်ကြိတ်ကြိတ်လေး ဆုံးလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com





မျက်နှာငယ်လေးနှင့် မော်ကွန်းကို တောင်းပန်ရှာ၏။ မော်ကွန်း သဘောထားကြီးသူလို အပြုံးမျိုးဖြင့် ထသွားကာ တေးသံသာလေးကို ချီမလိုက်သည်။

"ဦး သမီးလေးက အမှန်အတိုင်းပြောတာ ဦးဦး စိတ်မဆိုးပါဘူး ကလေးရယ်၊ ဦးဦးကလေ တီတီကို နာကျင်အောင်မလုပ်ချင်ပါဘူး ဒါပေမဲ့ တီတီက ဦးဦးခွင့်မလွှတ်နိုင်တဲ့အပြစ်တွေ လုပ်တဲ့အခါ ဦးဦးက အပြစ်ပေးရတာပါ"

မော်ကွန်း ရှည်ရှည်ဝေးဝေး ရှင်းပြပေမယ့် တေးသံသာလေး၏မျက်နှာပေါ်မှာ ကြောက်ရွံ့စိတ်တွေက လျော့မသွား။

ချိုချိုဆက် စိတ်ထဲမှာတော့ တေးသံသာလေးကို ကျေးဇူးတွေ အခါခါတင်မိနေသည်။

## အခန်း (၂၈)

စားသောက်ဝိုင်းလေးသည် ညီလင်းပနှင့်မော်ကွန်းသစ်တို့ လုပ်ငန်းအကြောင်းဆွေးနွေးနေကြတာနှင့် သောက်နေကြတာနှင့်မို့ တော်တော်နှင့်မပြီးနိုင်။

ကမ္ဘည်းထင်နှင့်ချိုချိုဆက်လည်း စကားတွေဖောင်ဖွဲ့အောင် ပြောကြသည်။

အားလုံး ထမင်းစားပြီး အချိုတည်းရန်အတွက် အိအိသိန်း သစ်သီးဖျော်ရည်ဗန်းယူပြီး ထမင်းဝိုင်းနားအရောက် ကမ္ဘည်းနောက်နား တွင်ရပ်လိုက်ပြီး မော်ကွန်းကိုလှမ်းကြည့်သည်။

မော်ကွန်း တစ်စုံတစ်ခုအတွက် မျက်ရိပ်ပြလိုက်သည်မို့ အိအိ



www.burmeseclassic.com

www.burmeseclassic.com



သိန်း ဗန်းထဲမှဖျော်ရည်ဖန်ခွက်တစ်ခွက်ကိုယူ၍ ညီလင်းပရှေ့သို့ ခပ်ရှိရှိချလိုက်ပြီး တေးသံသာရှေ့ကိုလည်း ချပေး၏။

ကမ္ဘည်းရှေ့သို့ ချပေးရန် ဖန်ခွက်ကို လှမ်းအချ

"ချမ္ဘလွှမ်"

"အို"

ဖျော်ရည်ခွက်မှောက်ကျပြီး ဖျော်ရည်တို့သည် ကမ္ဘည်းပေါင်ပေါ်သို့ ကျကုန်၏။

"ဟာကွာ အိအိသိန်း နင်ဘာယ်လိုလုပ်လိုက်တာလဲ၊ ကမ္ဘည်းပေါ် ဖျော်ရည်တွေမှောက်ကျကုန်ပြီ"

အပြစ်တင်သံဖြင့် ခပ်ကျယ်ကျယ်ဟောက်လိုက်သဖြင့် အိအိသိန်း နေစရာနေရာမရှိအောင် တုန်လှုပ်နေဟန်ဖြင့် ကြမ်းခင်းတွင်ပြန့်ကျဲနေသော ဖန်ခွက်ကွဲစတွေကို လိုက်ကောက်နေ၏။

"နေပါစေ ဆူမနေပါနဲ့ မော်ကွန်း၊ သူလည်း တမင်လုပ်တာမှ မဟုတ်တာ"

အကျီအောက်နားစနှင့် စကပ်ရှည်ပေါ် ဖိတ်ကျကုန်သော ဖျော်ရည်တွေကို တစ်ရှူးစနှင့် တို့သုတ်လိုက်သည်။

"လာ မမ နောက်ဖေးခန်းဘက်သွားပြီး သန့်ရှင်းရေးလုပ်ရအောင်"

"အင်း ကောင်းသားပဲ"

ချိုချိုဆက် မျက်နှာမကောင်းစွာဖြင့် ကမ္ဘည်းကို မီးဖိုခန်းထဲသို့





ခေါ်လာခဲ့လိုက်သည်။

မီးဖိုခန်းထဲရှိ ဘေစင်တွင် ကမ္ဘည်း လက်မှပေနေသော အချိုရည်တွေကို ဘုံဘိုင်ဖွင့်ဆေးလိုက်၏။

"မမ ချို မမအတွက် ဝတ်စုံတစ်စုံ သွားယူလိုက်ဦးမယ်"

"နေပါစေ မမ မလဲတော့ပါဘူး ချို"

ကမ္ဘည်း တားချိန်ပင်မရလိုက် ချိုသည် မျက်စိမမြင်သူဟု ထင်ရလောက်အောင်ကို သွက်လက်သော ခြေလှမ်းတို့ဖြင့် မီးဖိုခန်းထဲမှ ထွက်သွား၏။

"ချို ကမ္ဘည်းကို အဝတ်အစားလဲဖို့ စီစဉ်ပေးလိုက်ပြီလား"

နောက်ဖက်မှ ခါးကို သိမ်းဖက်ခံလိုက်ရသောအထိအတွေ့နှင့်အတူ မော်ကွန်း၏အသံကိုပါ တစ်ဆက်တည်းကြားလိုက်ရသဖြင့် ကမ္ဘည်း သန့်သွားသည်။ ပါးပြင်ပေါ်သို့ ဖိကပ်လာသော အနမ်းကြောင့် ကမ္ဘည်း တ်တွေ ဖရိုဖရဲဖြစ်သွားသည်။

"အို မော်ကွန်း ဒါ ဘာလုပ်တာလဲ လွှတ်"

"ဟင် ချို ချိုမဟုတ်ဘူးပဲ ဆောရီးနော် ငါက ကမ္ဘည်း အဝတ်အစားလဲနေလောက်ပြီထင်ပြီး နင့်ကိုချိုလို့ ထင်သွားတာ၊ နင်နဲ့ချို ဝတ်ထားတဲ့အကျီအရောင်က ဆင်နေတော့ ငါက ချိုလို့ထင်သွားတာ"

နှုတ်ကသာ ဆောရီးဟု အကြိမ်ကြိမ်ပြောပြီး ရှင်းပြနေပေမယ့် မော်ကွန်း၏လက်အစုံက ကမ္ဘည်း၏သေးကျဉ်သော ခါးအစုံကို မလွှတ်ဘဲ ဖက်တွယ်ထားဆဲ။

www.burmeseclassic.com



ကမ္မည်း၏လည်တိုင်ကျော့ကျော့ကို အနမ်းတို့မထိန်းနိုင် တရစပ် ခြွေချနေ၏။

"မော်ကွန်း နင် ရပ်စမ်း၊ ဒါ ဒါ ဘာလုပ်တာလဲ"

"ငါ ငါ နင့်ကိုအရမ်းချစ်တယ်၊ မမျိုသိပ်ထားနိုင်တော့ဘူး ကမ္မည်းရယ်"

"ဖယ်စမ်းလို့ ငါပြောနေတယ်နော်၊ ဒါ အောက်တန်းကျ ယုတ်မာတဲ့လုပ်ရပ်ဆိုတာ နင် တွေးမိရဲ့လား၊ ငါ့ကို ဘယ်လိုမိန်းမစားမျိုး မှတ်နေလဲ"

ကမ္မည်း ခပ်ကြိတ်ကြိတ်ပြောကာ တင်းကျပ်စွာဖက်ထားသော လက်ကို အတင်းဖြည်လွှတ်၏။

"ကမ္မည်း ခဏလေးပါ၊ သုံးစက္ကန့်လောက်လေး ဖက်ထားခွင့်ပြုပါ"

နောက်မှ သိုင်းဖက်ကာ ကမ္မည်းပခုံးပေါ် မျက်နှာအပ်ကာ ကြေကွဲစွာတောင်းဆိုလာသော ထိုအခြေအနေသည် မတော်တဆ လွဲမှားတာ မဖြစ်နိုင်။ မော်ကွန်း တမင်သိသိကြီးနှင့် လူမှားချင်ဟန်ဆောင်လိုက်တာဟု ကမ္မည်း သိလိုက်သည်။

"ငြိမ်ငြိမ်လေး နေစမ်းပါ ကမ္မည်းရယ်၊ နင် အော်လိုက်ရင် မလိုလားအပ်တဲ့ ပြဿနာတွေ တက်လာနိုင်တယ်"

တောင်းဆိုတာလား ခြိမ်းခြောက်တာလား မဝေခွဲနိုင်လောက်အောင် အရှက်တရားနှင့် ဒေါသတို့က ရင်ထဲမှာ တမြေ့မြေ့ လောင်မြိုက်



လာသည်။

စိတ်ထဲရှိသည့်အတိုင်း ပေါက်ကွဲခွင့်သာရှိမယ်ဆိုလျှင် . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

“မာမီ မာမီ”

နောက်ဖေးခန်းထဲဝင်လာသော တေးသံသာလေးကြောင့် မီး
ခန်းအဝ တံခါးအကွယ်တွင် ရပ်နေသော ချိုချိုဆက် ဆတ်ခနဲ တုန်
သွားသည်။

သမီးလေး တေးသံသာ မီးဖိုခန်းထဲဝင်လို့ မဖြစ်။ မီးဖိုခန်းထဲ
မှာ မော်ကွန်းနှင့်ကမ္ဘည်းရှိနေသည်။ မော်ကွန်း၏အထိန်းအကွပ်မရှိသော
ရမ်းကားမှုတွေကို တေးသံသာလေး မြင်သွား၍မဖြစ်။

“သမီး တေး”

“ဩော် အန်တီချို မာမီရော”

“မာမီ သန့်စင်ခန်းဝင်နေတယ်”





တေးသံသာလေး၏အသံလာရာဘက်သို့ မှန်း၍ လက်လှမ်းဆွဲ
လိုက်သည်။

“လာ သမီး”

“ဟင့်အင်း မာမီ့ဆီသွားမလို့၊ မာမီ အိုကေရဲ့လား သွားကြည့်
မလို့ပါ”

“သမီး မာမီ အိုကေပါတယ် သမီးရဲ့”

မော်ကွန်း မီးဖိုခန်းထဲမှ ထွက်လာပြီး ပြောလိုက်သည်။

ချိုချိုဆက် တေးသံသာလေးကို မရွှတ်တမ်း လှမ်းဆွဲထားလိုက်
သည်မို့ တေးသံသာ ဘာမှမသိလိုက်၍ တော်တော့သည်။ နို့မို့ဆိုလျှင်
ချိုချိုဆက် တမင် ကလေးကိုလွှတ်လိုက်သည်ဆိုပြီး ကမ္ဘည်းတို့ပြန်သွား
တာနှင့် ကောင်းကောင်း ပြဿနာအရှာခံရဦးမည်။

“ကဲ လာ တီတီ မာမီဆီလိုက်ပို့မယ်”

မော်ကွန်း မရှိတော့သည့်အတွက် မီးဖိုခန်းထဲသို့ ချိုချိုဆက်
ဝင်ခဲ့လိုက်သည်။

ကမ္ဘည်း ဘေစင်မှာ လက်ထောက်ပြီး ငူငူကြီးရပ်နေ၏။

“မမ လက်ဆေးဖို့ ဆပ်ပြာတွေ့လား”

ချိုချိုဆက် စိတ်ထဲတွေ့ကရာ ပြောပြီး အသံလှမ်းပေးလိုက်
သည်။ စိတ်ထဲမှာ မမကမ္ဘည်းကို သနားနေမိသည်။ မော်ကွန်း၏စက်ကွင်း
မှ လွတ်အောင်ရှောင်နိုင်ပါစေ။

“မာမီ ကြာလိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး အသံကြားတော့မှ မျက်ဝန်းမှ စွေတက်လာသော မျက်ရည်တို့ကို ကမန်းကတန်း ပုတ်ခတ်ထိန်းလိုက်ပြီး

"သြော် သမီး ဘာလို့ဝင်လာတာလဲ"

"မာမီ အဆင်ပြေရဲ့လားသိချင်လို့ပါ၊ ဟင် မာမီ ငိုနေတာလား မျက်ရည်တွေဖိတ်ကျလို့ နာသွားတာလား မာမီ"

အကင်းပါးလွန်းသော သမီး၏အမေးကြောင့် မျက်ရည်စအချို့ကို ကပျာကသီသုတ်ကာ ဘာမှမဖြစ်သလို အပြုံးမျိုးဖြင့်

"အို သမီးကလည်း မာမီက ဘာလို့ငိုရမှာလဲ၊ ဟိုလေ ဆပ်ပြာ ရည်က မာမီ့မျက်စိထဲဝင်ပြီး စပ်သွားလို့"

"အို ဖြစ်ရလေ မမရယ်၊ ခုရော သက်သာသွားပြီလား၊ စပ် သေးလားဟင် ဒီမှာ မမအတွက် ဝတ်စုံယူလာတယ်၊ လဲထားလိုက်ပါ လား"

ချိုချိုဆက် ဘာမှမသိသလိုဖြင့် စိုးရိမ်တကြီး မေးလိုက်သည်။ ဒါမှ မမကမ္ဘည်း အနေမခက်မှာလေ။

"မစပ်တော့ဘူး ရတယ် ချို၊ ဟို အဝတ်လည်း လဲမနေတော့ ဘူး"

"ဒါဆို လာလေ မမ ထမင်းစားခန်းထဲသွားကြရအောင်"

"အင်း သွားကြရအောင်လေ"

သမီးလေးလက်ကိုဆွဲပြီး ထမင်းစားခန်းရှိရာသို့ ထွက်လာ မယ့် ကမ္ဘည်းရင်ထဲမှာ ဂနာမငြိမ် ဖြစ်နေရသည်။





မော်ကွန်းမျက်နှာကို မကြည့်မိအောင်သတိထားမည်ဟူသော သတိပေးစိတ်နှင့်အတူ ဟန်မပျက်ပင် သမီးလေးကို လက်ဆွဲပြီး ထမင်း စားခန်းထဲ ဝင်ခဲ့လိုက်သည်။

"အဆင်ပြေလား ကမ္ဘည်း"

"အင်း ပြေပါတယ် ကို၊ ကိုတို့ပြီးပြီလား၊ သွားကြရအောင်လေ"

မျက်နှာချင်းဆက်မဆိုင်လိုတော့၍ ပြန်ရန်အကြောင်းရှာလိုက် သည်။ အလိုက်မသိသူ ကိုကတော့ ပြန်ချင်သေးပုံမရသေး။

"ဒီမှာ ပရောဂျက်အသစ်အတွက် ပလမ်ချနေတာ ကမ္ဘည်း ရဲ့ ကမ္ဘည်းနားချင်နေပြီလား"

"အင်း မနက်ဖြန် ကလေးတွေ စာသင်ဖို့အတွက် ကမ္ဘည်း စာပြန်ဖတ်ရဦးမယ် ကို"

"ကမ္ဘည်းက စာရောသင်ရသေးတယ် ဟုတ်လား"

စကားမရှိစကားရှာ ပြောလာသော မော်ကွန်း၏မေးသံထဲမှာ ရှုံ့ချက်နိုးတွေဝေနေသလိုလိုနှင့် စိတ်ထဲမှာ နည်းနည်းလေးမှ မနှစ်မြို့မိ၍ မျက်နှာပင်အနည်းငယ် တင်းသွားမိသည်။

"ဆေးရုံဆင်းတဲ့ဟောက်စ်လေးတွေကို ပြရတာပါ"

"သြော် ဒါဆိုရင် နင်တော့ ပင်ပန်းတာပေါ့"

"မပင်ပန်းပါဘူး၊ အဓိပ္ပာယ်ရှိတဲ့အလုပ်တွေ လုပ်နေသူတွေရဲ့ ဘဝနေ့တာဖြတ်သန်းမှုကို ပင်ပန်းတယ်လို့ မခံယူထိုက်ပါဘူး"

"ကိုညီ ကြားတယ်နော်၊ ဒီကမ္ဘာမှာ ခင်ဗျားလောက် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းကိုရတဲ့အတွက် ကံကောင်းတာရှိဦးမလား၊ ကျွန်တော့်သူငယ်ချင်းက ပြောစရာ အပြစ်အနာအဆာမရှိအောင်ကို ထက်မြက်တဲ့မိန်းကောင်းတစ်ယောက်ပါ''

ကမ္မည်း ထိုချီးကျူးစကားတွေကို နားမထောင်ချင်ပါ။ ဒီလိုလူမျိုးဟာ တစ်ချိန်က ကမ္မည်း သိပ်ချစ်ခဲ့တဲ့ အချစ်ဦးတဲ့လား။

လူတစ်ယောက်ရဲ့ စိတ်နေစရိုက်ကို အကဲမဖြတ်တတ်ခဲ့တဲ့ အတိတ်တစ်ချိန်က ချစ်သူဖြစ်ခဲ့ပေမယ့် ခုချိန်မှာတော့ မိတ်ဆွေအဆင့် အနေနှင့်တောင် မပတ်သက်ချင်တော့။

မော်ကွန်း သိပ်အောက်တန်းကျသည်ဆိုတာကို ကို့ကိုပြောချင်ပေမယ့် ကိုနှင့်လုပ်ငန်းအကြီးကြီးကို စပ်တူလုပ်နေကြသည့်အတွက် ကမ္မည်းကြောင့် လုပ်ငန်းမှာရန်သူကြီးတွေလို မဆက်ဆံစေချင်ပါ။

ရှယ်ယာတွေကို ပြန်ထုတ်ပေးမည်ဆိုလျှင်လည်း ပြန်အမ်းမည့်ငွေ ပမာဏက သိန်းပေါင်းနှစ်ထောင်သုံးထောင် ပတ်ဝန်းကျင်ဆိုတော့ ကို့အတွက် အခက်အခဲဖြစ်သွားနိုင်သည်။

ခုလောလောဆယ်မှာဘယ်သူ့ကိုမှ အသိမပေးဘဲနှင့် ကိုနည်းကိုယ့်ဟန်နှင့် ဒီကောင့်ကိုလွတ်အောင်ရှောင်မည်ဟုပဲ တွေးပြီး စိတ်ကိုတစ်ထစ်လျှော့လိုက်ရသည်။

ကိုကတော့ ဘာမှမသိရှာ။ လုပ်ငန်းစဉ်တွေကိုပြောကာ အကျိုးအမြတ်တွေကိုတွက်ပြီး ကျေနပ်ပီတိတွေနှင့် မော်ကွန်းကို လုပ်ဖော်ကိုင်ဖက်ပါတနာတစ်ယောက်ဟု ယုံမှတ်နေရှာ၏။





ကို့အတွက် များစွာသော ကိန်းဂဏန်းတွေဟာ အကျိုးအမြတ်တွေအဖြစ် ဂုဏ်ယူဝင့်ကြွား အားရပါးရပြောနေချိန်မှာ ကမ္မည်းရင်ထဲဘယ်လောက် ပူလောင်ပြင်းရှနေရသလဲ ကို့မှမသိတာ။ ထမင်းဖိတ်ကျွေးတယ်ဆိုတာ အကြံရှိလို့ဆိုတာ ကမ္မည်း ခုမှပင် ရိပ်မိတော့သည်။

ဒီညကို ကမ္မည်း စိတ်ထဲမှာမသန့်သလိုကြီး ခံစားနေရ၏။ အစကသာ ကြိုသိခဲ့လျှင် ကမ္မည်း လိုက်လာမိမည်မဟုတ်။

ရီဝေဝေနှင့် မကြာမကြာ လှမ်းကြည့်နေသော မော်ကွန်း အကြည့်တွေကို မနည်းလွတ်အောင် ရှောင်နေရတာဟာ ကိုများ ရိပ်မိသွားမလားဆိုသည့်စိုးရိမ်စိတ်ကြောင့် စိတ်တွေကို သက်တောင့်သက်သာ မဖြစ်ဘဲ ဖရိုဖရဲ ဂနာမငြိမ် ဖြစ်နေရသည်။

မော်ကွန်းရယ် နှင် ဘာကြောင့် ငါ့ရဲ့အချစ်ဦးဖြစ်ခဲ့ရတာလဲ။

''ကမ္မည်း ကမ္မည်း''

ရင်နာနာနှင့် အတွေးတွေ ရှုပ်ယှက်ခတ်နေဆဲမှာ ကို့ခေါ်သံကြောင့် လူက တုန်တက်သွားသည်။

''မာမီ ဒယ်ဒီခေါ်နေတယ်လေ''

လက်ထဲမှ ပန်းသီးစိတ်ကလေး လွတ်ကျသွားကာ

''ဩော် အင်း ပြောလေ ကို''

''နေသိပ်မကောင်းဘူးလား မျက်နှာညိုးနေတယ်''

အင်မတန် အကင်းပါးသော ကို့ရှေ့မှာ ဘာမှမဖြစ်သလို ဟန်မဆောင်နိုင်တာဟာ ကမ္မည်းဇာပိရိစ္ဆာ မလိမ်တတ်သော အားနည်းချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပင်ဖြစ်သည်။

"ဟုတ်တယ် ကို၊ စားထားတာ နည်းနည်းများသွားလို့ထင်တယ်၊ အီလည်လည်ကြီး ဖြစ်နေတယ်"

"ဒါဆိုရင် သမီးနဲ့ပြန်နားလိုက်ပါတော့လား၊ ကိုယ် ဒါလေးလက်ကျန်ဖြတ်ပြီး ပြန်လာခဲ့မယ်လေ"

ထွက်ပေါက်တစ်ခုရသွားသူလို ကမ္ဘည်း ရင်ထဲ ထိတ်ခနဲ ဝမ်းသာသွားသည်။

"အင်း ဒါဆို ကမ္ဘည်းပြန်နားတော့မယ်"

"ဒယ်ဒီ အများကြီးမသောက်နဲ့နော်"

လူကြီးတစ်ယောက်လို မှာတမ်းချွေသွားသော သမီးကို ညီလင်းပ သဘောကျနှစ်ခြိုက်စွာကြည့်ပြီး

"ဟုတ်ကဲ့ပါခင်ဗျာ"

"ဦးဦး ဘိုင့်ဘိုင်"

"ဘိုင် ဝွတ်နိုက်ပါ သမီးရေ"

ကမ္ဘည်း ချိုချိုဆက်ကို နှုတ်ဆက်ပြီး သမီးနှင့်အတူ မော်ကွန်းတို့အိမ်ထဲမှ ထွက်လာခဲ့လိုက်သည်။

ချိုချိုဆက် အိမ်ပေါက်ဝမှ လက်ပြနှုတ်ဆက်ပြီး ရပ်ကျန်းသည်။

ချိုချိုဆက် ရင်ထဲမှာရော ဘာတွေဖြစ်နေတယ်ဆိုတာ ဘယ်သူသိနိုင်မှာလဲ။

■ ■ ■



## အခန်း (၃၀)

တစ်ရေးနိုးမှ ဖုန်းထမြည်လာသဖြင့် ဖုန်းဝိတ်ပြီး မအိပ်မိသောကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်သည်။

သေးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ညီလင်းပမှာန်းသံကိုမကြား။

ခုတင်ထက်မှနေ၍ စာကြည့်စားပွဲမှာတင်ထားသော ဖုန်းကိုသိမ်းယူလိုက်သည်။

"ဟဲလို ဒေါက်တာကမ္ဘည်းထင်ပါ အမိန့်ရှိပါရှင်"

ဆေးရုံမှ အရေးပေါ်ဖုန်းဝင်သည်ဟုပဲထင်၍ ယဉ်ကျေးပျူငှာ ဖုန်းထူးလိုက်ခြင်းဖြစ်သည်။

"ကမ္ဘည်း ငါပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မော်ကွန်း"

ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသည့် အောက်နှုတ်ခမ်းကိုဖိကိုက်လိုက်ပြီး

"နင် ဘာဖြစ်လို့ ဒီအချိန်ကြီး ဖုန်းဆက်ရတာလဲ နင်နဲ့ဖုန်းပြောစရာ ဘာအကြောင်းမှမရှိဘူး မော်ကွန်း"

"နင်က ပြောစရာ အကြောင်းမရှိပေမယ့် ငါက ပြောစရာရှိတယ် ကမ္မည်း။ ငါ နင့်အပေါ် အမှားတစ်ခုလုပ်မိလိုက်သလိုဖြစ်သွားလို့ ခုချိန်ထိ အိပ်လို့ကိုမရဘူး"

စိတ်ပျက်စွာဖြင့် ကျွတ်ခနဲ စုတ်သတ်လိုက်သည်။

"ကြိုတင်အကွက်ချထားတဲ့အမှားတစ်ခုကို ကျူးလွန်ပြီးမှ ထပ်ပြီးဟန်ဆောင်ပြမနေနဲ့ မော်ကွန်း"

ဒေါသကြောင့် အသံအနည်းငယ် ကျယ်သွားမှန်း ကိုယ့်ကိုယ်ကိုယ် သတိပြုမိကာ အိပ်ပျော်နေသော ကို့ဘက်ကို မလုံမလဲစိတ်ဖြင့် စောင်းငဲ့ကြည့်လိုက်သည်။

ညီလင်းပ တရှူးရှူးနှင့်အိပ်ပျော်နေပုံများ တုတ်တုတ်တောင် မလှုပ်။ ပညာရှိသတိဖြစ်ခဲဆိုသလို ခုတင်ထက်မှထကာ အိပ်ခန်း၏လေသာဆောင်ဘက်သို့လျှောက်လာပြီး လေသာဆောင်တံခါးလော့ခ်ကို ဆွဲဖွင့်လိုက်သည်။

ပြင်ပညချမ်းမှ လေနုအေးတို့ ဝေ့ခနဲ အေးမြစွာတိုးဝင်လာသည်။ ညချမ်းသည် ကြယ်ရောင်စုံသော ကောင်းကင်အောက်မှ





အေးမြငြိမ်သက်ပြီး ငြိမ်းချက်နေသလောက် ကမ္မည်းရင်ထဲမှာတော့ ဒေါသတွေ ဗောင်ဗင်ရိုက်ခတ်နေသည်။

"ငါ တကယ်ပြောနေတာပါ၊ ဒါဟာ တိုက်ဆိုင်သွားတာပါ၊ မညီရွယ်တဲ့အမှားတစ်ခုဆိုပေမယ့် အဲဒီအမှားကို ငါ မြတ်နိုးတယ်၊ ငါ့အခု ရင်တွေအရမ်းခုန်နေတယ်၊ ငါ့ရဲ့ရင်ခုန်သံတွေကို ငါတို့ချစ်သူတွေဖြစ်ခဲ့ကြတုန်းက ရင်ခုန်သံတွေနဲ့ ညီမျှခြင်းချမိတော့ ခုရင်ခုန်သံကပိုပြီး တပ်မက်စရာကောင်းနေသလိုပဲ"

အမှားတစ်ခုကျူးလွန်တာပါဟု ဝန်ခံပြီးကာမှ နောက်ထပ်အမှားတွေကျူးလွန်ဖို့ တွန်းအားပေးနေသော စကားတွေကြောင့် ကမ္မည်းပို၍ပင် ဒေါသဖြစ်မိပြန်သည်။ ဒါ လူမဆန်တာပဲ။

"အဲဒီမှာ လဲသေလိုက်စမ်း မော်ကွန်း၊ နင်က ငါ့ရဲ့အချစ်ဦးဖြစ်ခဲ့ပေမယ့် ခုချိန်မှာ ငါ အမုန်းဆုံးလူတစ်ယောက်ဖြစ်နေပြီ၊ ဒါကို နင်သိရဲ့လား"

တင်းမာပြတ်သားသော ခပ်ကြိတ်ကြိတ် စကားကြောင့် တစ်ဖက်ဖုန်းထဲမှ မော်ကွန်း၏ ခနိုးခနဲ့ရယ်သံကို အမြင်ကတ်စွာ ကြားလိုက်ရသဖြင့် ပို၍ပင် ဒေါသဖြစ်ရပြန်သည်။

"အဟက် လောကမှာ အဆိုးနဲ့အကောင်းဟာ ဒွန်တွဲနေကြတယ်ဆိုတာ သဘာဝကျသလို အချစ်နဲ့အမုန်းဟာလည်း လောကကြီးသက လူသားတွေအတွက် မရှိမဖြစ်ပဲလေ၊ အချစ်ပြီးရင် အမုန်းသောသလို အမုန်းပြီးရင်လည်း အချစ်ဖြစ်သွားတာပဲ၊ ဒါ ဘာဆန်းလဲ ကမ္မည်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ငါ သိပ်ချစ်တဲ့ယောကျ်ားရယ် သမီးရယ် ရှိနေပြီလေ ကာမပိုင်လင်ယောကျ်ားရှိနေတဲ့ မိန်းမတစ်ယောက်ကို နင် ပြစ်မှားနေတဲ့ အတွက် နင့်အဆင့်ကို နင်ပြန်ကြည့်စမ်း"

"နိုး နိုး နိုး ငါ အဲဒီအထိ ငါ့အတွေးတွေကို အရှည်ကြီးမ တွေးခိုင်းဘူးဟ၊ ဒီမှာ အချစ်ဆိုတာ ရင်ဘတ်တစ်ခုထဲကို လွယ်လွယ် ဝင်လာခွင့်ရှိတဲ့အရာမဟုတ်ဘူး၊ ဘကယ်အချစ်စစ်မှသာ ဝင်ခွင့်ရတာ ကမ္ဘည်းရဲ့၊ နင်နေတဲ့ နင့်ကမ္ဘာမှာ နင်ကြင်နာသူ နင်မေတ္တာထားသူ ဘယ်နှစ်ယောက်ရှိနေရှိနေ ငါနေတဲ့ ငါ့ကမ္ဘာမှာတော့ ငါ ကြင်နာတာ နင်တစ်ယောက်တည်းပဲ၊ အဲဒါကိုတော့ နင် လုံးဝယုံကြည်လိုက် ကမ္ဘည်း"

"ဒီလောကကြီးထဲမှာ နင့်ပါးကို နမ်းပြီး နင့်ရင်ခွင်မှာ ခိုဝင် ခဲ့ဖူးတဲ့ ပထမဆုံးလူက ငါပါဟ၊ အခြေအနေကြောင့် နင်နဲ့ငါနဲ့ လမ်း ခွဲရပေမယ့် ငါ့ရင်ထဲမှာ ငါ့ဝင်သက်ထွက်သက်တိုင်းမှာ နင်ကလွဲပြီး ဘယ်မိန်းမမှရှိမနေသေးဘူး"

"ဒီမှာ နင်ရူးနေပြီလား မော်ကွန်း၊ နင့်ဘက်က စပြီး လမ်းခွဲ ခဲ့ပြီး ခုမှလာပြီး ချစ်ပါတယ်လို့ အာသာငမ်းငမ်းပြောနေတဲ့ နင့်အဖြစ် က ဘယ်သူနဲ့တူလဲ သိလား၊ သေပြီးသားခွေးသေတစ်ကောင်ကို ပြန်ပြီး အသက်သွင်းနေတဲ့ ခပ်ကြောင်ကြောင်အရူးတစ်ယောက်နဲ့ တူနေတယ် သိလား"

"ဟ နင်မို့ ငါ့ရင်ထဲကအချစ်တွေကို ခွေးသေကောင်နဲ့နှိုင်းရ တယ်လို့ နင့်စိတ်တွေ ဘယ်တုန်းကတည်းက ခုလို မာကြောသွားရတာလဲ





ကမ္ဘည်းရာ၊ ငါ အခု နင့်ကိုတောင်းဆိုနေတာ နင့်အချစ်တွေကို နင့် ယောကျ်ားမသိဘဲ တိတ်တိတ်ကလေး ပြန်ပေးစေချင်တယ်၊ ငါလည်း ငါ့ရင်ထဲက အချစ်တွေကို နင့်ယောကျ်ားမသိအောင် တိတ်တိတ်လေး နင့်ဆီကို ပြန်ပေးချင်တယ်၊ ဒါလေးပဲလေ အဲဒီအတွက် နင့်ဂုဏ်သိက္ခာ တစ်ပြားမှ မလျော့စေရဘူး၊ ငါ့အသက်နဲ့ရင်းပြီး တာဝန်ယူတယ်"

"တော်ပြီ မော်ကွန်း၊ နင်ခုလိုပြောနေတာတွေက ငါ့ကို ကာရိုက် တာပျက်တဲ့မိန်းမတစ်ယောက်ဖြစ်အောင် မြူဆွယ်နေတာပဲ၊ ငါက နင့် စကားကိုနားယောင်ပြီး ငါ့အချစ်တွေ လူမသိသူမသိ ပြန်ပေးရလောက် အောင် နိမ့်ကျတဲ့မိန်းမတစ်ယောက် မဟုတ်ဘူး၊ ခုကစပြီး နင်နဲ့ငါနဲ့ ဘရားဝင်သူငယ်ချင်းအဖြစ်က ရပ်စဲကြတာပေါ့၊ ငါ့ဘဝထဲမှာ နင်ဟာ သူငယ်ချင်းအဖြစ်နဲ့တောင် ရှိနေခွင့်မပေးတော့ဘူး"

ပြတ်သားစွာ ပြောလိုက်ပေမယ့် တစ်ဖက်မှ မော်ကွန်း၏ မမှု သောရယ်သံက နားကွဲမတတ် ထွက်ပေါ်လာပြန်သည်။ ရယ်သံနှောသော အသံဖြင့်ပင်

"နင် အရမ်းလှတယ် ကမ္ဘည်းရယ်၊ ငါ ခုလိုဖုန်းဆက်လိုက် ရတာ နင့်ရဲ့တစ်ရေးနိုးအလှလေးကို ကြည့်ချင်လို့ဟ၊ ငါအခု ဘယ်မှာ ရှိနေလဲဆိုတော့ ငါတို့တိုက်ခေါင်မိုးပေါ်က ငါ့အပန်းဖြေအခန်းလေးထဲမှာ ပဲ ကဲပါ နင် အိပ်ရေးတွေအရမ်းပျက်သွားမယ် ဒါပဲနော် ဘိုင့်ဘိုင် အိပ်တော့ အိပ်တော့"

ထိုသို့ပြောပြီး မော်ကွန်းဖုန်းချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားတွေ တဆတ်ဆတ်တုန်ကာ ဒေါသမျက်ဝန်းဖြင့် မော်ကွန်းရှိနေသော တိုက်အမိုးပေါ်ကို ခပ်ရူးရူး လှမ်းကြည့်လိုက်မိသေးသည်။

ညမီးရောင်အောက်မှာ မော်ကွန်း လက်လှမ်းပြငေါ်။

ကမ္ဘည်း ချာခနဲလှည့်ထွက်ကာ အိပ်ခန်းထဲပြန်ဝင်ပြီး လေသာဆောင်တံခါးကို ပိတ်လိုက်သည်။

ဒေါသတွေနှင့်ပြည့်နှက်နေသော ထိုညကို ကမ္ဘည်း ဘယ်လိုကုန်လွန်ပစ်လိုက်ရမလဲ။

ဂနာမငြိမ်သောစိတ်ဖြင့် သက်ပြင်းတွေ အခါခါချကာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

ရင်တွင် မပေါ့ပါးသော စိုးရိမ်မှုတွေက တင်းခဲကျုပ်ဆို့ကာ ရင်ဘတ်ထဲက ဒေါသကြောင့် အခုန်မြန်နေသော နှလုံးခုန်သံတွေကို အသားကြိတ်စက်ထဲ ထည့်ကြိတ်လိုက်သလို မွမွကြေလျက်။

ပြီးပါပြီလို့ ဆိုင်းဘုတ်တပ်ပြီးကာမှ . . ။

■ ■ ■

## အခန်း (၃၁)

"ဟင် ကို ဒူဘိုင်းကို သွားမယ် ဟုတ်လား။ ဘာကိစ္စလဲ ကိုရယ်"

ချစ်ခင်ပွန်းကို မခွဲနိုင်မခွာရက်ဖြင့်ကြည့်ကာ စိတ်မသက်သာသလို မေးလိုက်သည်။

"ကိုလည်း မသွားချင်ပါဘူး ကမ္ဘည်းရယ်၊ ဒါပေမဲ့ အဲဒီမှာ ဒယ်ဒီ့မိတ်ဆွေတစ်ယောက် စည်သွပ်ဘူးစက်ရုံ ထောင်ထားတယ်လေ၊ တော်တော်လေးလည်း အောင်မြင်နေတယ်၊ ခု အဲဒီကုမ္ပဏီက ရှယ်ယာရှင်တွေ ထပ်ခေါ်နေတယ်ဆိုတော့ ကိုယ်တို့အတွက် စီးပွားရေးနေ့အိပ်ခြေတစ်လှမ်း တိုးခွင့်ရတာပေါ့"

အလုပ်လောဘကြီးပြီး အင်မတန်မှ စီးပွားရေးလာဘ်မြင်သော

www.burmeseclassic.com



ကို့ကို မလွယ်ဘူးဆိုသောအကြည့်ဖြင့် မျက်ဝန်းလေးထောင့်ကပ်ကြည့်ကာ ချစ်စဖွယ်ဟန်ဖြင့် မဲ့လိုက်သည်။

ညီလင်းပ အသည်းယားသွားကာ ကမ္မည်း၏ကိုယ်လေးကို သူ့ ရင်ခွင်ထဲ ဆွဲသွင်းကာ မျက်နှာပေါ်ကို အနမ်းမိုးတို့ ရွာချလိုက်သည်။

"ဟေ့ ကို အိပ်ခန်းပြတင်းပေါက်တွေ ပွင့်နေတယ်ကွ"

လှိုက်ဖိုမိန်းမောသောအသံဖြင့် သတိပေးလိုက်ပေမယ့် ကမ္မည်း၏လက်အစုံက ညီလင်းပကို မလွှတ်တမ်းဖက်ထား၏။

"မမြင်ရပါဘူးကွာ မသကာ ကိုယ်တို့ကို ချောင်းကြည့်မယ့်သူတွေက ဟောဟိုကောင်းကင်မှာ မြင်နေရတဲ့ ကြယ်လေးတွေလောက်ပဲ ရှိမှာပါ"

"ဟင့်အင်းကွာ အဲဒီကြယ်လေးတွေကလည်း ကဲ့ရဲ့တတ်တယ် ကမ္မည်း ရှက်ပါတယ်"

"ရှက်ရင် မျက်စိမှိတ်ထား"

အနမ်းတွေ ပိုစိပ်လာသဖြင့် ကမ္မည်း ဘာမှထပ်ပြီးငြင်းမနေတော့ ကိုနှင့်ပတ်သက်လာရင် ရင်ခုန်သံတွေက ရိုးတယ်လို့မှမရှိတာ။

ထိုစဉ် ဖုန်းမြည်လာသည်။

"ဟာကွာ အရေးထဲ ဘယ်ကဖုန်းက မြည်လာပြန်တာလဲ"

မွတ်သိပ်သော အနမ်းတွေထဲမှ ရုန်းထွက်ကာ ဖုန်းကိုထယူလိုက်သော ချစ်ဇနီးကိုကြည့်ပြီး စိတ်မသက်သာစွာ ညည်းလိုက်သည်။

ကမ္မည်းမှာသာ ဖုန်းနံပါတ်ကိုကြည့်ပြီး ကြည်နူးနေသော





အပျော်စိတ်ကလေးတွေပျောက်ကာ ဒေါသတို့တိုးဝင်လာပြန်၏။ ထို့ကြောင့် ဖုန်းခလုပ်ကို ပိတ်လိုက်သည်။

"ဘယ်သူ့ဖုန်းလဲ"

"မသိပါဘူး ကိုရယ်၊ ဖုန်းမှားဝင်တာ နေမှာပေါ့၊ ကဲ ကိုရေ သမီးလေး ဂိမ်းဆော့နေတာ ပြီးပြီလား သွားကြည့်ပါဦး ပြီးမှ ညစာစားကြရအောင်လေ"

"အိုကေ ကိုယ့်မိန်းမ မျက်နှာလေးကို အနမ်းခြွေနေတာနဲ့တင် အလိုလိုဗိုက်ပြည့်နေလို့ ထမင်းစားဖို့တောင် မေ့နေပြီ"

ကမ္မည်း၏မေးစေ့လုံးလုံးလေးကို ချစ်စနိုးဆွဲဖဲ့ပြီး အခန်းထဲမှ ထွက်သွားတော့မှ ကမ္မည်းရင်ထဲက တင်းခဲကျုပ်ပိတ်နေသော စိုးရိမ်စိတ်တို့ လျော့ကျသွားတော့၏။

ဖုန်းက နောက်တစ်ကြိမ်ထပ်မြည်လာပြန်သည်။ ဒီတစ်ကြိမ်လည်း မော်ကွန်း၏ဖုန်းနံပါတ်ပင်။

မကိုင်၍မဖြစ်တော့ပြီမို့ ခပ်ဆောင့်ဆောင့်လေသံဖြင့် ဖုန်းထူးလိုက်သည်။

"ဟဲလို နင်ဘာလို့ ဖုန်းတဂွမ်ဂွမ် ဆက်နေရတာလဲ မော်ကွန်း"

"အရမ်းကြည်နူးနေကြတယ်ပေါ့ ဟုတ်လား ကမ္မည်း၊ ညီလင်းပနဲ့နင်နဲ့ ဒီလိုပုံစံမျိုး အကြည်စိုက်နေတာကို ငါတွေ့ရတော့ ငါ့ရင်ကိုဓားနဲ့ခွဲပြီး ယမ်းစိမ်းတွေပစ်ထည့်နေသလိုပဲ တော်တော်လေး ခံရခက်တယ်ဟ၊ နောက်နောင် ငါ့ရှေ့မှာ ဒီလိုပုံစံမျိုး ငါမမြင်ချင်ဘူး၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးပေါ်ကကြည့်နေတာ ကြာပြီ၊ ညီလင်းပနေရာမှာ ငါသာဖြစ်လိုက်ရင်ဆိုတဲ့စိတ်ကြီး ဝင်ဝင်လာလို့ ငါ့စိတ်တွေ ဆောက်တည်ရာမရ ဖြစ်နေတယ်၊ နှင် အနေအထိုင် ဆင်ခြင်ပါ၊ ငါ ဒါပဲပြောချင်တယ်''

သူနှင့်ဘာမှ သက်ဆိုင်ခြင်းမရှိဘဲနှင့် ကိုယ့်လင်ကိုယ့်မယား ကလူကျီစယ်တာကို သူက မနှစ်မြို့ရဘူးရယ်လို့၊ ဒီကောင် ဘာဖြစ်သွားပြီလဲ၊ ရူးသွားပြီလား။

ကမ္မည်း ပြန်ပြောမည်အလုပ် မော်ကွန်းဘက်မှ ဖုန်းပိတ်သွား၍ ဘာမှပြန်မပြောလိုက်ရ။

''တောက် လူယုတ်မာ''

တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ပြီး မော်ကွန်းတို့အိမ်အပေါ်ဆုံး ခေါင်မိုးထပ်ကို ခပ်စူးစူးလှမ်းကြည့်လိုက်သည်။

မော်ကွန်း နှင် တော်တော်လေးကို တရားလွန်လာပြီ။

■ ■ ■

အခန်း (၃၂)

''မာမီ ဒယ်ဒီက ဘယ်တော့ပြန်လာမှာလဲဟင်''

အိပ်မပျော်သေးဘဲ ကမ္မည်းရင်ခွင်ထဲ ငြိမ်နေသော သမီးလေး အမေးကြောင့် ကမ္မည်း ပြုံးကြည့်ကာ

''နောက်သုံးလေးရက်လောက်ဆို ပြန်လာတော့မှာပါ သမီးရဲ့''

''ဒယ်ဒီမရှိတော့ ပျင်းလိုက်တာ မာမီရယ်၊ ဒယ်ဒီကလေ ညဆို မီးမီးနဲ့ဂိမ်းအတူတူဆော့ပေးတာ၊ မာမီကကျတော့ ဂိမ်းလည်းမဆော့ပေးဘူး''

ကြေးတိုက်ကာ ပြောနေသော သမီးလေးနှုတ်ခမ်းကို ခပ်ဖွဖွနမ်းလိုက်ပြီး

''သမီးလေး စာမေးပွဲဖြေပြီးရင် မာမီက သမီးလေးနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ဂိမ်းဆော့ပေးမှာပေါ့၊ ကဲပါ အိပ်တော့နော် သမီး၊ မနက်ဖြန် ကျောင်းတက်ရမှာဆိုတော့ အားရှိအောင် အိပ်လိုက်နော် သမီး''

''ဟုတ် မာမီ ဂွတ်နိုက်နော်''

''အိုကေ ဂွတ်နိုက်''

လိမ္မာလွန်းသော သမီးလေးသည် ကမ္ဘည်းက အိပ်တော့ဆိုတာနှင့် မျက်ဝန်းလေးနှစ်ဖက်ကို ဖျတ်ခနဲ ပိတ်ပြီး အိပ်လိုက်သည်။

သမီးလေး၏ကိုယ်လုံးလေးကို ဖက်ထားရာမှ ဆံစပျော့ပျော့လေးတွေကို ပွတ်သပ်လိုက်သည်။

သိပ်မကြာလိုက်ပါ သမီးလေး တကယ်အိပ်ပျော်သွား၏။ ညအိပ်မီးသီးကို ချိန်းပြီး ထွန်းပေးခဲ့ကာ သမီးလေးအခန်းထဲမှ ခြေသံခပ်ဖွဖွ နင်းပြီး ထွက်ခဲ့လိုက်သည်။

ဆေးရုံက အလုပ်တွေပါလာသဖြင့် ကမ္ဘည်းအိပ်၍ မဖြစ်သေးထို့ကြောင့် စာကြည့်ခန်းရှိရာဘက်သို့ ထွက်လာခဲ့လိုက်သည်။

စိတ်ထဲမှ ကော်ဖီသောက်ချင်စိတ်ရှိသွား၍ မီးဖိုခန်းဘက်သို့ ဝင်လာကာ ကော်ဖီကို ကိုယ်တိုင်ပင် ဖျော်လိုက်တော့သည်။

ကူးကူးကိုလည်း ဖျော်ခိုင်းမနေတော့ ခုချိန်လောက်ဆိုလျှင် ကူးကူးလည်း အိပ်ပျော်နေလောက်ပြီ။

ကိုယ့်စိတ်ကြိုက် ကော်ဖီခါးခါးကိုဖျော်ယူကာ စာကြည့်ခန်းထဲသို့ ဝင်လာလိုက်သည်။

''ဟင် မီးက ဘယ်လိုဖြစ်ပြီး မှောင်နေရတာလဲ''





တစ်ယောက်ထဲ ခပ်တိုးတိုးညည်းပြီး မီးခလုပ်တွေရှိရာဘက်သို့ ကော်ဖီခွက်ကိုင်ကာ လျှောက်လာပြီး လက်ဖြင့်အသာစမ်း၍ ဖွင့်လိုက်သည်။

စာကြည့်ခန်းတစ်ခုလုံး မီးရောင်တွေ ထိန်ညီးသွားသည်။

''ဟောကြည့် ကူးကူးတို့ အရမ်းပေါ့တယ်ကွယ်၊ စာကြည့်ခန်းထဲက ပြတင်းပေါက်တွေ ပိတ်ပါလို့ ပြောထားရက်နဲ့ မပိတ်ဘူး''

ပေါ့လျော့သော ကူးကူးကို တစ်ကိုယ်တည်း ကြားသာရုံ အပြစ်တင်ပြီး ကော်ဖီခွက်ကို ကွန်ပျူတာစားပွဲပေါ်တင်ကာ ပြတင်းတံခါးကို ခပ်ဖြည်းဖြည်း ဆွဲပိတ်လိုက်သည်။

အရင်ဆုံး ဆေးကျမ်းစာအုပ်တစ်အုပ် ဖတ်မည်ဟူသောစိတ်ကူးရသွား၍ စာအုပ်စင်မှ ဆေးကျမ်းစာအုပ်အထူတစ်အုပ်ကို ဆွဲထုတ်လိုက်သည်။

ကော်ဖီခွက်ကို လှမ်းယူပြီး စာဖတ်ရန် စားပွဲမှာဝင်ထိုင်လိုက်သည်။ အငွေ့တထောင်းထောင်း ထနေသော ကော်ဖီကိုတစ်ငုံချင်းသောက်ပြီး အာရုံတွေက ဆေးကျမ်းထဲမှာ နစ်ဝင်သွားသည်။

ညသည် ဆေးကျမ်းစာရွက်လှန်လျှောသံနှင့် တိုင်ကပ်နာရီမှ နာရီလက်တံ တချက်ချက်မြည်သံကလွဲ၍ ပကတိ တိတ်ဆိတ်လို့နေ၏။

ချစ်လင်ကို လွမ်းမိသည်မှအပ ထိုညလေးသည် တိတ်ဆိတ်ငြိမ်ချမ်းလွန်းနေ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

မျက်ဝန်းတို့ ဖျတ်ခနဲ ပွင့်လာသည်နှင့် ဒါဟာ စာကြည့်ခန်း
ပါလားဆိုသော အသိက ဖျတ်ခနဲ ဝင်လာသည်။

စာဖတ်ရင်း အညောင်းပြေအညာပြေ ကျောဆန့်၍ရရန် စီစဉ်
ပေးထားသော ဆိုဖာခေါက်ခုတင်ပေါ်တွင် ကမ္ဘည်း အိပ်ပျော်နေသည်ပဲ

နာရီကိုလှမ်းကြည့်လိုက်တော့ မနက်လေးနာရီပင် ထိုးတော့
မည်။ စာဖတ်ကော်ဖီသောက်ရင်း ဘယ်လိုအိပ်ပျော်သွားမှန်းမသိလိုက်

ခုတင်ထက်မှထကာ အိပ်ခန်းထဲသို့သွားရန် တံခါးလက်ကိုင်း
ကို လက်လှမ်းအရွယ်

"နိုးပြီလား ကမ္ဘည်း"





"ဟင်"

လေသံမှုသော မေးသံကြောင့် ကမ္ဘည်း လှည့်ကြည့်လိုက်သည်။
အံ့သြတုန်လှုပ်ခြင်းတွေက အိပ်ချင်စိတ်တွေ ပျောက်ဆုံးကာ မျက်လုံး
အစုံပြူးကျယ်သွားသည်။

"နင် နင် ဒီအခန်းထဲ ဘယ်လိုရောက်နေတာလဲ မော်ကွန်း"

"ငါ ဘယ်လိုရောက်လဲဆိုတာထက် နင် အိပ်ပျော်နေတဲ့ တစ်
ချိန်လုံး နင်နဲ့ငါ ဘာတွေဖြစ်ခဲ့ကြလဲဆိုတာက ပိုပြီးစိတ်ဝင်စားစရာ
မကောင်းဘူးလား ကမ္ဘည်းရာ"

ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

"ဘာ ဘာပြောတယ် နင်နဲ့ငါ ဟုတ်လား"

အလန့်တကြား မေးခြင်းကို မှုသောအပြုံးဖြင့် တုန့်ပြန်ပြီး

"ဟာ ဆောရီး နင့်ရင်ဘတ်က အင်္ကျီကြယ်သီးတွေ စကာဒ်
ဖစ်တွေ ငါ ပြန်မတပ်ပေးမိဘူး"

ထိုသို့ပြောကာ မော်ကွန်း ရှေ့သို့တိုးလာသည်။ မော်ကွန်းပုံစံ
သည် သွေးအေးလူသားလို အမှားတွေဆက်တိုက် ကျူးလွန်ဖို့ လုံးဝ
ဝန်မလေးသော ပုံစံမျိုးဖြစ်သည်။

ကမ္ဘည်းမှာသာ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ကာ အရှက်တရား
တို့က ခန္ဓာကိုယ်ထဲမှ ဝိညာဉ်ကို အရှင်လတ်လတ်သိမ်းနှုတ်သွားသလို
ခံစားလိုက်ရကာ ရပ်နေသော ခြေအစုံပင် နောက်သို့ယိုင်သွားသည်။

ကမ္ဘည်း၏အင်္ကျီမှာ ကြယ်သီးတွေ ပြုတ်ထွက်နေသည်။ ဒါတင်

www.burmeseclassic.com



မကာသေး စကာဒ်ဖစ်မှာလည်း ဖရိုဖရဲဖြစ်နေ၏။

အသားတွေ တဆတ်ဆတ် တုန်လာကာ ဘဝတစ်ခုလုံး သုံ
စားလို့မရအောင် စုတ်ခြေခံလိုက်ရပြီဆိုသောအသိက အသက်ပင်ဆက်
မရှူနိုင်တော့ပါ။

"မော်ကွန်း နင် နင် လူယုတ်မာ၊ ယုတ်မာလိုက်တာဟယ်"

ပါးပေါ်မှ မျက်ရည်တွေပြိုဆင်းလာပြီး ပြုတ်ထွက်နေသော
ကြယ်သီးနှင့် စကာဒ်ဖစ်ကို တုန်ယင်နေသော လက်အစုံဖြင့် ကပျာကယ
ဖြင့် ပြန်တပ်လိုက်သည်။

"အဲဒါ ယုတ်မာတာ မဟုတ်ဘူး၊ ချစ်တာ၊ ငါ နင့်ဆီက
အချစ်ကို လူမသိသူမသိ တိတ်တိတ်လေးတောင်းဆိုခဲ့ဖူးသားပဲ၊ နင်က
ပေးမှမပေးတာ၊ နင်သာ ငါ့ဆန္ဒကို လိုက်လျောခဲ့ရင် ငါနဲ့နင် ဣန္ဒြေ
လေးနဲ့ တိတ်တိတ်လေး ချစ်လို့ရတယ်"

"တော်စမ်း နင့်ရဲ့အဆင့်မရှိတဲ့ပါးစပ်နဲ့ အချစ် အချစ်ဆိုတာ
ကြီး ထည့်မပြောနဲ့၊ မတန်ဘူး၊ နင့်လို မုဒိမ်းကောင်က အချစ်ဆိုတ
သိမ်မွေ့နက်နဲတဲ့အရာနဲ့ ထိုက်တန်လို့လား"

ငိုသံပါကြီးနှင့် ဒေါသတကြီး ပြောဆိုပစ်လိုက်ပေမယ့် မော်ကွ
ပုံစံက လုံးဝမမှု။ မထိမဲ့မြင်ဆန်သောအမူအရာတွေကိုသာ ကမ္မည
ဒေါသမထွက်ထွက်အောင် ဆွပေးနေသလို ဖြစ်နေ၏။

"ပြောစမ်း နင် နင် ငါ့ကို ဘာလုပ်လိုက်သလဲ၊ စာဖတ်ရင်း
လူမှန်းသူမှန်း မသိ အိပ်ချင်လာအောင် နင်တစ်ခုခုလုပ်လိုက်တ





ဟုတ်လား"

"ဒါပေါ့ နင်က အချစ်ကို ကြည်ကြည်ဖြူဖြူမှ မပေးတာ၊
...င်း ညက နင့်ကော်ဖီသောက်ပြီး အိပ်ပျော်သွားအောင် ငါ အကွက်
...လိုက်တာ၊ နင်အိပ်ပျော်သွားတော့ နင့်ကိုငါ နမ်းတယ် နမ်းတာမှ
...င့်ခန္ဓာကိုယ်အနှံ့ပေါ့"

ကမ္မည်း တစ်ကိုယ်လုံး ကျဉ်တက်သွားသည်။

"ပြီးတော့ ငါတို့အတူနေကြတယ်၊ ဟောဒီ နင့်ခုတင်ကျဉ်း
...ကျဉ်းလေးပေါ်မှာ နင့်ကို ငါ့ရင်ခွင်ထဲထည့်ပြီး ငါ တစ်ရေးတစ်မောအိပ်
...ယ်၊ နင်နဲ့အတူရှိနေတဲ့ ငါ့ဆန္ဒတွေကို စိတ်ကြိုက်ဖြည့်ဆည်းခွင့်ရတဲ့
အချိန်လေးကို အလဟဿမဖြုန်းချင်တာနဲ့ ငါ အကြာကြီး မအိပ်ဘူး"

"နင် လိမ်နေတာ၊ နင်နဲ့ငါနဲ့ ဘာမှမဖြစ်ဘူး"

မော်ကွန်း တမင်လိမ်ပြောနေတာဟုပဲ ကိုယ့်ကိုယ်ကိုယ် ယုံ
ကြည့်လိုက်သည်။

"အဟက် ကမ္မည်းရယ် နင်က ဆရာဝန်တစ်ယောက်လေ၊
...ဲ့မှားခဲ့ဘူး မှားခဲ့တယ်ဆိုတာ နင့်ကိုယ့်ခန္ဓာကို နင်ပြန်စစ်ကြည့်လို့
...နေတာပဲ"

"အဲဒါမှ မယုံဘူးဆိုရင်လေ ဟောဒီက ဗီဒီယိုဖိုင်ထဲမှာ နင်နဲ့ငါ
...တူနေထားတဲ့မြင်ကွင်းတွေ အများကြီးရှိတယ်၊ ကြည့်မလား ရော့"

ကမ်းပေးလာသော ဗီဒီယိုကင်မရာကို ရှုံ့ရှာစက်ဆုပ်စွာကြည့်
...ပြီး မော်ကွန်းအား မီးပွင့်မတတ်သောအကြည့်ဖြင့် ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"လူယုတ်မာ နင့်ကိုတရားစွဲမယ်"

"ဘာ တရားစွဲမယ် ဟုတ်လား အဟက် ဟား ဟား ဟား ဟား ခု ငါရောက်နေတာ နင့်အခန်းထဲမှာ၊ နောက်ပြီး ဒီဗီဒီယိုဖိုင်ထဲမှာ ငါပြုသမျှကို နင်က အဲသာတကြည် လက်ခံနေတဲ့ပုံတွေ အများကြီးပဲ ဒီတော့ ဘယ်လိုတရားစွဲမလဲ၊ နင့်လို သမားတော်ခွဲစိတ်ဆရာဝန်မကြီး က အိမ်ထဲဝင်ပြီး မုဒိမ်းကျင့်ခံရတယ်ဆိုရင် ဘယ်သူက ယုံမှာလဲ မသကာ နောက်မီးလင်းတယ်ဆိုရင်တော့ ယုံလိမ့်မယ်"

မော်ကွန်း မခံချင်အောင် ပြောပြီး ကမ္ဘည်းကိုယ်ခလေးကို ဆတ် ခနဲ လှမ်းဆွဲပြီး ရင်ခွင်ထဲ နှစ်ထားလိုက်၏။ ရုတ်တရက်မို့ ကမ္ဘည်းမှာ ရှောင်တိမ်းချိန်မရလိုက်။

အနမ်းမိုးတို့ အဆက်မပြတ် ရွာသွန်းခံရပြန်သည်။

"လူယုတ်မာ လွှတ် နင် ငါ့ကိုလွှတ်နော်"

အသက်ရှူများမတတ် အနမ်းတို့ကို ရှန်းပေမယ့် အင်အားခြင်း မမျှတော့ ဘယ်လိုမှ ရုန်းမထွက်နိုင်။

ရင်ဘတ်ချင်း ပူးကပ်နေကြပေမယ့် ခံစားမှုတွေက ထပ်တူ မကျဘဲ ရင်ခုန်တပ်မက်ခြင်းတွေနှင့် ရွံရှာစက်ဆုပ်သောအမုန်းတရား နှစ်ပင်လိမ်ကြိုးလို ရှုပ်ထွေးနေကြ၏။

ရှိသမျှ အင်အားနှင့်တွန်းထိုးရုန်းကန်ပြီး မော်ကွန်းကို ရိုက်ပု ထုနှက်ပေမယ့် မော်ကွန်း၏ရမ္မက်နှင့်အထိအတွေ့တွေက နောက်ကိုဆု မသွား ပို၍ပင်ကြမ်းလာ၏။



"ချစ်လို့ပါ ကမ္ဘည်းရယ်၊ ညီလင်းပ မရှိတဲ့အချိန်မှာ ငါ နင့်ကို အဲလိုချစ်ချင်တာ၊ ငါ့ကိုခွင့်လွှတ်ပါ၊ ငါ နင့်ကိုထပ်ပြီး အဆုံးရှုံးမခံချင် တော့လို့ ငါ့ကိုယ်ငါ လူယုတ်မာတစ်ယောက်အဖြစ် နင့်အချစ်ကို လုမဆန် စွာ လုယူခဲ့မိတာပါ"

"လွှတ် လွှတ်တော့ ငါ အော်လိုက်မှာနော်"

နှစ်ယောက်သား လှိုက်မောသော စကားသံတွေနှင့် လုံးထွေး သတ်ပုတ်နေကြသည်။

ကမ္ဘည်း ရုန်းကန်ရလွန်း၍ ခန္ဓာကိုယ်မှာ အင်အားတွေ ဆုတ် ယုတ်လာသည်။ ဝမ်းနည်းလာသည်။ စက္ကူတစ်ရွက်လို ဆုတ်ဖြဲခံနေရ သော အရှက်နှင့်ဂုဏ်သိက္ခာတွေ အမုန်းတရားနှင့်နာကျင်ခြင်းတွေဟာ ကမ္ဘည်း၏စိတ်ဒဏ်ရာတွေကို ဘယ်သောအခါမှ အကောင်းအတိုင်း ပြန် ဖြစ်မလာနိုင်တော့။

"နင်အော်ရင် နင့်သမီးက နင့်ဆီပြေးလာမှာပေါ့၊ နင်နဲ့ငါရဲ့ မြင်ကွင်းကို သမီးလေးကို မြင်စေချင်ရင် နင် အကျယ်ကြီးအော်လိုက်၊ သမီးလေး သိသွားရင် သမီးလေးရဲ့အဖေအသစ်မို့ မာမီနဲ့အတူရှိနေတာ ပါလို့ ပြောလိုက်ရုံပဲ"

ကမ္ဘည်း ဘာလုပ်ရမလဲ။ မော်ကွန်းဟာ ယုတ်မာလက်စနှင့် ဆက်ပြီးယုတ်မာတော့မှာမို့ ကမ္ဘည်း သူ့ထောင်ချောက်ထဲက ဘယ်လို ရုန်းထွက်ရမလဲ။ ကူကယ်ရာမဲ့နေသော ကမ္ဘည်းအဖြစ်က ဘယ်သူ့ကို အော်ဟစ်အကူအညီတောင်းရမလဲ။ ဒီတော့ ကမ္ဘည်းအဖို့ ငိုရုံကလွဲပြီး

www.burmeseclassic.com

ဘာတတ်နိုင်တော့မှာလဲ။

"တိတ် တိတ်ပါ မငိုပါနဲ့ ကမ္မည်းရယ်၊ ငါသိပ်ချစ်တဲ့နင့်ကို မျက်ရည်မကျစေချင်ပါဘူး၊ ငါ ငါလေ နင့်ရဲ့အချစ်ဦးဖြစ်ခဲ့တယ်ဆိုတဲ့ အသိတစ်ခုနဲ့ နင့်ကိုချစ်တဲ့အချစ်တွေ မှေ့ပျောက်ပစ်လို့မရခဲ့တဲ့အတွက် ခုလို နင်နဲ့နီးစပ်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ရတာပါ၊ ငါမှားတယ် ငါ အရမ်းမှားတယ်ဆိုတာ ငါ့ကိုယ်ငါသိတယ်၊ ဒါပေမဲ့ ငါကိုယ်တိုင်က အဲဒီ အမှားကို အရမ်းတပ်မက်နေခဲ့မိတာကိုး၊ အဲဒီအမှားကပဲ ငါ့ဘဝမှာ အကောင်းဆုံး စိတ်ကျေနပ်မှုတွေကို ပေးခဲ့တယ်၊ ဒါကြောင့် နင် ငါ့ကို ချစ်ချစ် မချစ်ချစ်ဒီအချိန်လေးကိုတော့ ကြည်ဖြူစွာ လိုက်လျောပေးပါ ဟာ"

ပြောရင်းဖြင့် မော်ကွန်းလည်း မျက်ရည်တွေစီးကျလာသည်။

ဒီအခြေအနေမှာ ကိုယ့်ဂုဏ်သိက္ခာအတွက် မော်ကွန်းကိုအကြမ်းနည်းနှင့်တုံ့ပြန်လို့မရဆိုတာ ကမ္မည်း သိလိုက်သည်။

ထို့ကြောင့် အချိုသပ်သည့်အနေဖြင့် ရင်ထဲက အမုန်းတရားတွေကို ချိုးနှိမ်ပြီး စိတ်ကိုတည်ငြိမ်အောင် ထိန်းလိုက်သည်။

"ကဲ မော်ကွန်း နင်ပြန်တော့ ငါ့ကိုဒုက္ခပေးဖို့သက်သက် ဒီအခန်းထဲခိုးဝင်လာတာမဟုတ်ဘူးဆိုရင် နင်အခုပြန်လိုက်ပါတော့၊ ငါ့ရှေ့မှာ နင် ဆက်နေနေမယ်ဆိုရင် ငါ့ခေါင်းကို နံရံနဲ့တိုက်ခွဲပစ်လိုက်မိတော့မယ်၊ သွားပါ သွားပါတော့ဟာ ငါ့ကမ္ဘာကြီး လုံးဝပျက်စီးသွားပြီ၊ အဲဒါ နင့်ကြောင့် နင့်ကြောင့် လူယုတ်မာကောင်ရဲ့၊ အတိတ်တစ်ချိန်က နင့်





သက်ကို ငါ ရဲရဲဆုပ်ကိုင်ခဲ့တုန်းက နင်ကိုယ်တိုင် ရက်ရက်စက်စက် ဖြတ်ချခဲ့တယ်၊ အဲဒီအတွက် ငါ့နှလုံးသားတွေ နာကျင်ခဲ့ရတယ်၊ ကို့ကို ချစ်ပေမယ့် မိဘတွေဆန္ဒအရ ငါ လက်ထပ်ခဲ့ရတယ်၊ အခု ကို့ကို ငါ ကာယချစ်သွားတော့ နင် ငါ့ဆီပြန်ရောက်လာပြီး ကို့ကို ချစ်နေတဲ့ နှလုံးသားတွေကို သွေးစိမ်းရှင်ရှင်ထွက်အောင် ထပ်လုပ်လိုက်ပြန်ပြီ"

ငိုပြောပြောကာ ဝမ်းနည်းလွန်း၍ ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။

ငိုကြွေးခြင်းတွေက ရှေ့ဆက်ရမယ့်အနာဂတ်ခရီးအတွက် အကျည်းတန်ခြင်းတွေကိုသာ ဆောင်ကြဉ်းပေးနေတော့၏။

"နင် အဲလိုမပြောပါနဲ့ ကမ္မည်းရယ်၊ နင့်နှလုံးသားထဲမှာ ငါ့ပြင် တခြားတစ်ယောက်ရှိနေတာကို ငါ လက်မခံနိုင်ဘူး၊ မလွဲသာလို့ လက်ထပ်လိုက်ရပေမယ့် ငါ့နှလုံးသားထဲမှာ နင်ကလွဲပြီး ဘယ်သူမှ ခွင့်မရဘူး၊ နင့်ကိုပဲ ငါချစ်ခဲ့တာ၊ နင့်ကိုပဲ ငါ မျှော်လင့်ခဲ့တာ၊ အား ဒီထက်အပွင့်လင်းဆုံးပြောရရင်လေ ခုချိန်ထိ ငါ့ရဲ့လူပျိုဘဝကို ဒီတစ်ညမှာပဲ နင်နဲ့အတူ ဖြိုချခဲ့တာ၊ မိန်းမနှစ်ယောက်နဲ့ လက်ထပ်ခဲ့ပေမယ့် ဘယ်သူနဲ့မှ ညတစ်ညကို စိတ်တူကိုယ်တူ မကျော်ဖြတ်ခဲ့ဘူး၊ အဲဒါကို နင် ယုံချင်ယုံ မယုံချင်နေ ကမ္မည်း၊ ငါဟာ ဘယ်မိန်းမ အသွေးအသားကိုမှ ငါ့ဆန္ဒနဲ့ထပ်တူ မကျူးလွန်ခဲ့ပါဘူး"

သူပြောနေတာတွေဟာ အမှန်တရားဖြစ်စေဦးတော့ ကမ္မည်း ဘာလုပ်ရမှာလဲ၊ ဒီအချိန်မှာ ကမ္မည်းကို ဘယ်လောက်ချစ်ခဲ့ကြောင်း ဘဝမှာ ဘယ်လောက်အရေးပါခဲ့ကြောင်း ကလေးစာအံသလို ရွတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



နေဦးတော့ ကမ္ဘည်းရဲ့နှလုံးသားတွေက သူ့အတွက်ပြန်ပြီး လှုပ်ရှားလာတော့မှာမှ မဟုတ်တာ။

ထူထောင်ပြီးသား ဘဝတစ်ခုထဲမှာ ချစ်သောကိုရယ် သမီးလေးရယ်ရှိနေရင်ပဲ ကမ္ဘည်းဘဝက ဘာမှထပ်ပြီး တောင့်တစရာမလိုတော့လောက်အောင် ပြည့်စုံနေပြီပဲ။

"ဒီမှာ မော်ကွန်း၊ နင့်ကို အသစ်တဖန်ပြန်ချစ်လာရအောင် ငါ ရှင်သန်နေရတဲ့ဘဝ ငါ့ပတ်ဝန်းကျင် ငါ့ဂုဏ်သိက္ခာ ငါ့ရဲ့အသိဉာဏ်နဲ့ အတွေးအခေါ်တွေက ခပ်နိမ့်နိမ့်မဟုတ်ဘူးဆိုတာ နင်သိထားလိုက်ပါကွဲ တော်ပါပြီ နင့်ရဲ့ချွဲပျစ်ပျစ် အီစီကလီအသံကြီးကို ငါ ကြားရတာအော်ဂလီဆန်လွန်းလို့ပါ၊ နင် သွားတော့ သွားပါတော့ဟာ"

"အိုကေ ကောင်းပြီ၊ ငါသွားတော့မယ်"

မော်ကွန်း ပြတင်းတံခါးကို ကွန်းဖွင့်ပြီး ခြံထဲကိုခုန်ဆင်းသွားသည်။

နေရာမှာတင် အရုပ်ကြီးပြတ်ကျန်ခဲ့သူ ကမ္ဘည်းမှာသာ အသက်မဲ့နေသော body ကြီးကဲ့သို့ မလှုပ်မယှက်နှင့် အရှင်လတ်လတ်သင်္ဂြိုလ်ခြင်း ခံလိုက်ရသလို အသိစိတ်တွေ လွတ်ထွက်နေ၏။ ကိုယ့်ကမ္ဘာထဲမှာ တစ်ကိုယ်တော် သွေးပျက်နေရသည့်အဖြစ်။

အရာရာကို တောင့်တစရာမရှိတော့လောက်အောင် ပြည့်စုံပြီဟု ထင်ထားခဲ့တာ။

"ခုတော့ ခုတော့ ...။

■ ■ ■



## အခန်း (၃၄)

"မာမီ ဘာတွေငေးနေတာလဲ၊ ဒယ်ဒီကို လေဆိပ်သွားကြိုရမယ်လေ"

တွေဝေခြင်းတွေဖြင့်သာ အချိန်တချို့ကို ဖြတ်သန်းနေစဉ် သမီးလေး သတိပေးသံကြောင့် စိတ်ရှုပ်စရာအတွေးများကို ရပ်တန့်လိုက်ပြီး

"ဪ သမီး"

"မာမီ နေမကောင်းဘူးလား၊ မာမီ့မျက်နှာတွေ ညှိုးနေတယ်၊ ဒယ်ဒီ ပြန်လာမှာကို မပျော်ဘူးလား"

မိခင်မျက်နှာကို သေချာအကဲခတ်တတ်ပြီး လူကြီးတစ်ယောက်လေသံဖြင့် စိုးရိမ်တကြီး မေးနေသော သမီးလေး၏အမေးစကားတွေသည် ဘေးလူရိပ်မိအောင် မှိုင်တွေနေမိသော ကိုယ့်ကို သတိပေးရာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပါသည်။

"ပျော်တာပေါ့ သမီးရဲ့"

"ဒါဆို ဘာတွေ ဒီလောက်ထိုင်တွေးနေရတာလဲ"

"ခုတလော မာမီအလုပ်တွေ ပင်ပန်းလို့ပါ သမီးရယ်"

သမီးလေး နားလည်လွယ်မည့် အကြောင်းပြချက်ပေးလိုက်သည်။

"ပင်ပန်းမှာပေါ့၊ မာမီက ဟိုနေ့ညက မီးမီးနဲ့လည်း မအိပ်ဘူး။ စာကြည့်ခန်းထဲမှာပဲ စာဖတ်နေတာကိုး၊ အိပ်ရေးပျက်တော့ နေမကောင်းဖြစ်ပြီပေါ့"

သမီးလေး စကားကြောင့် ခန္ဓာကိုယ်တစ်ခုလုံး လွင့်သွားသလို ခံစားလိုက်ရသည်။ ကိုယ်ကိုယ်တိုင် အမှားတစ်ခုကို မကျူးလွန်ခဲ့ပေမယ့် သူတစ်ပါးကြောင့် ကျူးလွန်ခဲ့မိသော အမှားတစ်ခုက လေတိုက်ခံရလျှင်တောင် ကျိုးလန့်စာစားဖြစ်နေရသည့်ဒုက္ခ။

ကိုယ့်အလိုမပါဘဲ ကြုံကြိုက်မှားယွင်းခဲ့မိသည့်အဖြစ်အပျက်တွေက ဘဝမှာ ဖျက်မရတဲ့အမည်းစက်ကြီးတစ်ခုအဖြစ် ခြောက်လှန့်နေပြီမို့ ပျော်စရာတွေနှင့်ကြုံလာသည့်တိုင် စိတ်လွတ်ကိုယ်လွတ် ပျော်ရဲတော့မည် မဟုတ်။

မသန့်ရှင်းတော့သည့် ဒီခန္ဓာကိုယ်ဖြင့် ကိုယ့်ခင်ပွန်းရှေ့မှာ မတ်မတ်ရပ်နိုင်ပါတော့မလားဆိုသည့် စိုးရိမ်စိတ်က လှုကိုထူးမိုက်မတတ်ပါ။

"မာမီ စာကြည့်ခန်းမှာအိပ်ဖြစ်သွားတာ သမီး သိတယ်ဟုတ်



လား"

"အင်း သိတယ် မီးမီးတစ်ရေးနိုးတော့ မီးမီးဘေးမှာ မာမီ မရှိဘူး၊ စာကြည့်ခန်းဘက်ကိုလာတော့ မာမီ့စာကြည့်ခန်းက လော့ခ်ချထားတယ်၊ ခေါ်လို့လည်း မရဘူး"

ဘုရားရေ ကံသီပေလို့သာ သမီးလေး မတွေ့သွားတာပေါ့။

သွေးပျက်စရာကောင်းသော အဖြစ်အပျက်ကို သမီးလေးတွေ့မသွားသည့်အတွက် ကံတရားကိုပင် စိတ်ထဲကကြိတ်ပြီး ကျေးဇူးတင်နေမိသေး၏။

မော်ကွန်း၏ယုတ်မာမှုတွေ ဘယ်တော့အဆုံးသတ်မလဲ။

သူ့ရဲ့အလိုရမ္မက်တွေဟာ မမြင်နိုင်တဲ့နေရာကနေ ချုံခိုတိုက်ခိုက်နေတာမို့ ဘယ်လိုကံကြမ္မာဆိုးက ကမ္ဘည်းဆီကို ထပ်လာဦးမှာပါလဲ။

မော်ကွန်းရယ် နင့်ကိုငါ အရမ်းမုန်းတယ်။ သေလောက်အောင်ကိုမုန်းတယ် သိလား။

ငါ့ဘဝထဲကို နင် ခိုးချောင်ခိုးဝှက် ဝင်လာဖို့ကြိုးစားလေ နင့်ကို သတ်ပစ်ချင်လောက်အောင် မုန်းလေပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ကမ္မည်း ကိုကိုပြောစရာရှိတယ်"

နွားနို့ဖန်ခွက်ကို စားပွဲပေါ်တင်ပြီး ကမ္မည်း ညီလင်းပနားမှာ ဝင်ထိုင်လိုက်သည်။

ဘာအကြောင်းပြောမည်ဆိုတာ စိတ်ဝင်စားဟန်ဖြင့် ကွန်မြူတာပေါ်မှအကြည့်ကိုခွာလျက်

"ပြောလေ မိန်းမရယ်၊ ပြောစရာရှိတာများ နိဒါန်းတွေပျိုးနေရလား"

ကမ္မည်း၏ပြည့်တင်းသော ပါးပြင်ကို ချစ်စနိုးဆွဲဖျစ်ပြီး ပြောလိုက်သော ညီလင်းပမှာ ချစ်ဇနီးအပေါ် ကြည့်မဝ ရှုမဝသော အကြင်နာမေတ္တာတွေအပြည့်။

ဗျူး၁၁၆ပ



ရင်ထဲကဆန္ဒမပါသော တောင်းဆိုမှုတစ်ခုကိုပြောဖို့ အားယူလိုက်သည်။

"ကမ္မည်းလေ မန္တလေးဆေးရုံကို ပြောင်းမလားလို့"

ထင်မထားသော နှုတ်ထွက်စကားကြောင့် ညီလင်းပ အံ့အားသင့်သွားကာ ကမ္မည်းကို နားမလည်စွာကြည့်ပြီး

"ဟမ် ဘယ်လို ဟား ဟား ကိုယ့်မိန်းမ ဘာစိတ်ကူးလဲ၊ ဒီမှာ မိသားစုသိုက်သိုက်ဝန်းဝန်း အခုလက်ရှိဆေးရုံမှာလည်း အားလုံးအဆင်ပြေနေတဲ့ဟာကို မန္တလေးပြောင်းရင် ကိုယ်တို့မိသားစုလေး ဖရိုဖရဲဖြစ်ကုန်မှာပေါ့၊ ကိုယ့်ဟိုတယ်လုပ်ငန်းတွေနဲ့ တခြားအသေးစားလုပ်ငန်းတွေကို အိမ်ပြောင်းသလို ကားနဲ့တင်ပြီး မန္တလေးကို လိုက်ပြောင်းလို့မရဘူးလေ၊ နောက်ပြီး သမီးလေးက ခုမှ သူ့မာမီအနား ပြန်ကပ်ခွင့်ရတာ၊ ကမ္မည်း ပညာတော်သင်သွားနေတဲ့အချိန်တစ်လျှောက်လုံး အဘွားနဲ့အဖေကိုပဲ ကပ်ခွင့်ရတာ"

ညီလင်းပ ပုံစံက နည်းနည်းလေးမှ သဘောမတူသည့်ပုံ။

"ခုဆို မာမီကလည်း ရိုင်သာဝင်နေပြီ၊ သမီးလေးကို ဘယ်သူထိန်းရှိုက်မလဲ၊ သမီးလေး စိတ်ဒဏ်ရာရမယ့် ခွေးချယ်မှုမျိုးတွေနဲ့ ခွဲမသွားပါနဲ့၊ ကိုယ့်မိန်းမ မန္တလေးပြောင်းချင်တဲ့ရည်ရွယ်ချက်က ဘာလဲ"

"မန္တလေး ဆေးရုံမှာ ဆေးရုံအုပ်ရာထူး လစ်လပ်နေတယ်လေ၊ အဲဒီကြောင့် ကမ္မည်းကို အဲဒီနေရာမှာ တာဝန်ပေးဖို့ လျာထားကြတယ်၊ အဲဒါကြောင့် ပြောင်းရင်ပြောင်းရမယ်လို့ ပြောတာ"

ဗျူး၁၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားတစ်ခုကို ရဲရဲဝံ့ဝံ့ မတင်ပြရဲသည့် ဖန်းတစ်ယောက် အနေနှင့် ဖြစ်နိုင်ခြေရှိသော အကြောင်းပြချက်ကိုရွေးပြီး တောင်း လိုက်ခြင်းဖြစ်သည်။

ထွက်ပေါက်တစ်ခုကို ရှာဖွေဖို့ မလုံလောက်သော ထိုအချိ ကာလအဖြစ်အပျက်တွေထဲမှ သွေးရူးသွေးတန်း ရုန်းထွက်ချင်တာ မေ ကွန်း၏ အသိဉာဏ်နုံနည်းသော ပတ်သက်မှုတွေကြောင့်ပင်ဖြစ်သည်

မိသားစုလေး မပြိုကွဲချင်သောဆန္ဒကြောင့်ပါဆိုတာ ဘယ် ပြောထွက်ရက်မလဲ။

"ဟား ဟား ဟား ဟား ဩော် ကိုယ့်မိန်းမရယ် လက်စသ တော့ ဆေးရုံအုပ်ရာထူးကို လိုချင်လို့ မန္တလေးပြောင်းတာကိုး"

လှောင်ရယ်တာမဟုတ်သော ရယ်ချင်းမျိုးဖြင့် ခပ်သောသေ ပြောလာသော ကို့ကို တွေတွေထူးထူး အကြောင်းပြချက်တွေ ထပ်မ ချင်တော့။

ယခုကြုံတွေ့နေရသည့် ကမ္ဘည်း၏အရိပ်မည်းကြီးကို သိသွ မှာထက်စာလျှင် ရာထူးမက်သောသူရယ်လို့ ထင်စေဦးတော့ ကမ္ဘည် မမှုပါ။ ခုချိန်မှာ ကမ္ဘည်းအလိုလား အတောင့်တဆုံးဆန္ဒက မော်ကွ ၏မရိုးသားသော လူမှုဖောက်ပြားမှုအောက်ကလွတ်အောင် ရုန်းထွ ပင်။

"အဲဒီအစီအစဉ်ကြီးက မကောင်းပါဘူးကွာ။ မန္တလေးဆေ ကိုပြောင်းရင် ဟိုမှာ ကမ္ဘည်းတစ်ယောက်ထဲနေရမှာ၊ ကိုယ် စိတ်





ဘူး။ ကိုယ့်မိန်းမက ဘွဲ့တွေ တစ်လှေကြီးရထားတဲ့ ပရော်ဖက်ရှင်နယ် ဆရာဝန်မကြီး ဒေါက်တာကမ္ဘည်းထင်လေး၊ ငယ်ငယ်ချောချော မသမာ သူတွေက ကိုယ့်မမြင်ကွယ်ရာမှာ အန္တရာယ်တစ်စုံတစ်ရာ လာပေးရင် ကိုယ် ဘယ်လိုကာကွယ်ရမလဲ၊ နိုး နိုး လုံးဝမဖြစ်ဘူးနော်၊ အဲဒီစိတ်ကူး ကြီးကို ပြောင်းလိုက်ပါကွာ၊ ကိုယ့်မိန်းမကို ကိုယ် လုံးဝမခွဲနိုင်ဘူးကွ၊ ကိုယ်တို့သားအဖအနားကနေ ဘယ်မှထွက်မသွားဖို့ တောင်းဆိုပါတယ် ပလိစ်"

ခုမှပင် ကမ္ဘည်း ပို၍ ထိတ်လန့်သွားသည်။ ကမ္ဘည်း မစဉ်းစား မိသောအရာကို ကိုက ကြိုမြင်မိသွားသည်ပဲ။

ကိုပြောတာ ဟုတ်သည်။ အကယ်၍ ကမ္ဘည်းသာ မန္တလေး ဆေးရုံကိုပြောင်းကြည့်လိုက် မော်ကွန်းအတွက် ပိုလို့တောင် သဘောကျ သွားဦးမည်။

ခုလိုမျိုး ကို့ဘေးမှာ နေနေတာကမှ ကို့အရှိန်နှင့် အချိန်ပြည့် နှောင့်ယှက်ရဲမှာမဟုတ်။

သို့ဆိုလျှင် မန္တလေးဆေးရုံကိုလည်း ပြောင်း၍မဖြစ်သေး။ တော် ပါသေးရဲ့ စိတ်ကူးတွေ လွဲချော်တော့မလို့။

တစ်ထိုင်တည်းမှာပင် ဆုံးဖြတ်ချက်ကို ပြန်ပြောင်းရပြန်သည်။

"အဟင်း ကိုကလေ ကလေးလေး ကျနေတာပဲ၊ စိုးရိမ်တတ် လိုက်တာလွန်ရော"

"မစိုးရိမ်လို့ရမလား ကမ္ဘည်းရယ်၊ ကိုယ့်ဘဝမှာ ချစ်စရာဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမနဲ့သမီးပဲရှိတာ၊ ကမ္ဗည်း ကိုယ့်အနားမှာမရှိရင် ကိုယ် အထီးကျန် လွန်းလို့ သေသွားနိုင်တယ်ကွ''

''ကို ကမ္ဗည်းကို ဘယ်လောက်ချစ်သလဲဆိုတာ ကမ္ဗည်းသိပါ တယ် ကိုရယ်၊ ကမ္ဗည်းဘက်က အဲဒီလို တောင်းဆိုလိုက်ရင် ကို ဘယ်လို ခံစားသွားရမလဲဆိုတာ သိချင်လို့ တမင် ကို့စိတ်ကို စမ်းသပ်လိုက်တာ ပါနော်''

ခုမှတော့ ပြောလက်စစကားကို ရုပ်သိမ်းဖို့ခက်သည်မို့ ကလေး ဆန်စွာဖြင့်ပင် ချော့လဲရောထိုင်လိုက်သည်။

''ဝါး'တကယ်လား အိုကေ ခုကိုယ့်ရင်ထဲက ကမ္ဗည်းနဲ့ပတ် သက်တဲ့ ဖီလင်ကိုသိပြီမဟုတ်လား''

''အင်း သိပါပြီ ကိုရယ်''

ဒီတော့မှ ညီလင်းပမှာ ကမ္ဗည်းကိုရင်ခွင်ထဲ ဆွဲသွင်းကာ အ နမ်းအချို့နှင့် ရယ်နိုင်မောနိုင်တော့၏။

ကမ္ဗည်းမှာသာ ညီလင်းပ မမြင်အောင် ပင့်သက်ခပ်ဖျော့ဖျော့ ကို ရှိုက်လိုက်၏။

ကမ္ဗည်း၏ဒုက္ခတွေကိုသာသိလျှင် ကမ္ဗည်းရှေ့က ကာကွယ်ပေး မှာလား၊ ဒါမှမဟုတ် ရွံရှာစက်ဆုပ်သွားမလား ရင်မောလိုက်တာမှ စာဖွဲ့ ၍ပင်မီမည်မထင်။

နေ့ရက်တိုင်း နေ့ရက်တိုင်းဟာ ကမ္ဗည်းအတွက် သောကတွေ ကို ထမ်းပိုးထားရသလိုပါပဲ။

ပြီး။ ၈၇၉၀



အရင်ကလို ဖြူစင်သန့်ရှင်းတဲ့ ကမ္ဗည်းထင် မဟုတ်တော့ဘူး လေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

ဒီနေ့ ငါးနာရီခန့်ကြာသော ခွဲစိတ်မှုတစ်ခု အရေးပေါ်ဝင်လိုက်ရ၍ ကမ္ဗည်း အိမ်ပြန်နောက်ကျ၏။ ခွဲစိတ်ခန်းထဲကထွက်တော့ပင် ညခုနစ်နာရီထိုးနေပြီ။

သန့်ရှင်းရေးလုပ်ပြီး အခန်းပြန်တော့ ဖုန်းဝင်လာသည်။

"ဟဲလို ကိုရေ ကမ္ဗည်း ခုမှ ခွဲခန်းထဲကထွက်တယ်၊ လူနာရဲ့အခြေအနေကို စောင့်ကြည့်ရဦးမှာမို့ အိမ်ပြန်ချိန်နောက်ကျမယ် စိတ်မပူနဲ့ကွယ်"

"ကိုယ် လာကြိုရမလား"

"ဟင့်အင်း ရတယ်၊ သမီးလေးနားမှာပဲနေပါ"

"ဒါဆို ကားကို သတိထားမောင်းနော်၊ ရောက်ခါနီးရင်တော့





ဖုန်းထပ်ဆက်"

"ဟုတ်ကဲ့ပါ ကို"

"အိုကေ ဒါပဲနော် ချစ်"

"ဘိုင့်ဘိုင်"

လင်မယားနှစ်ယောက် ဖုန်းပြောပြီးသည်နှင့် ပြန်ရန်ပြင်လိုက်သည်။

"ဒေါက်တာ ခွဲစိတ်ပြီးသွားတဲ့ လူနာအတွက် သွေးသွင်းနေပါတယ်၊ နောက်တစ်ပုလင်း ထပ်ချိတ်ဖို့ လိုပါသေးတယ်"

"ဪ စရွတာကြီးပြောမှ ကျွန်မ သတိရတယ်၊ စောစောကပဲ သွေးဘဏ်ကို ဖုန်းဆက်ထားပြီးပါပြီ၊ အဲဒါကို ပြောဖို့ ဖုန်းဝင်လာတာနဲ့ မေ့သွားတာ ဆောရီး ဆောရီး"

ရယ်ပြောလေးပြောကာ တောင်းပန်နေသော ကမ္ဗည်းထင်၏ သဘောကောင်း ပျူငှာပုံကို စရွတာကြီးဒေါ်နော်အေးလှ တပြုံးပြုံးဖြင့် ကြည့်ကာ

"အမျိုးသားဆီက ဖုန်းထင်တယ်၊ အဟင်း ဒါကြောင့် ကျွန်မတို့ဒေါက်တာကြီး မေ့သွားတာဖြစ်မယ်"

"ဟုတ်တယ် စရွတာကြီးရေ အဟင်း ဟင်း ဟင်း"

"ဒေါက်တာတို့ မိသားစုကိုကြည့်ရတာ အရမ်းအေးချမ်းတာပဲကွယ်၊ ဒေါက်တာကလည်းချော ဒေါက်တာ့အမျိုးသားကလည်းချောရုံတင်မဟုတ်ဘူး ခန့်ညားတယ်လို့ ပြောရမယ်၊ မွေးထားတဲ့သမီးလေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



အရုပ်မလေးလို ချစ်စရာကောင်းလိုက်တာ၊ ကျွန်မအိမ်က သမီးတွေရဲ့ အိမ်ထောင်ရေးနဲ့တော့ ကွာပါ့''

အပြင်ပန်းကြည့်ပြီး အားကျချီးကျူးနေသော စစ္စတာကြီးစကားကြောင့် ကမ္ဗည်းထင် အာရုံထဲ မော်ကွန်းဓါတ်ပုံရိပ်ကြီးက ဖျတ်ခနဲ တိုးဝင်လာသည်။

စိတ်ထဲမှာ မကြည်လင်တော့။ သက်ပြင်းကို မသိမသာချရင်း

''လူတိုင်း လူတိုင်း ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်ရတာမှမဟုတ်တာ စစ္စတာကြီးရယ်၊ အားလုံးက အတိတ်ကံအကြောင်းတရားနဲ့ နှီးနှောဆက်နွယ်ပြီး ဒီဘဝမှာ မှီခိုနေရတာမဟုတ်လား။ စိတ်ချမ်းမြေ့စရာတွေနဲ့ ဘဝမှာ နေပျော်နေတော့ရော ဒါတွေက ကိုယ်သေတဲ့အထိရှိနေမှာတဲ့လား။ ခုလိုပဲ စိတ်ဆင်းရဲစရာတွေ မပြည့်စုံမှုတွေ နေပျော်စရာမကောင်းတဲ့ဘဝအကျိုးပေးတွေကရော လူတစ်ယောက်ရဲ့ဘဝမှာ အမြဲရှိနေနိုင်မလား၊ အားလုံးက ဖြစ်ပြီးရင် ပျက်ရမှာပဲ''

တရားသဘောဆန်သော ကမ္ဗည်း၏စကားကို ခေါင်းတညိတ်ညိတ်နှင့်နားထောင်ရင်း စစ္စတာကြီးထံမှ အထင်ကြီးလေးစားသော မျက်နှာရိပ်တွေဖြင့်ပြုံးကာ

''အင်းပေါ့လေ ဒေါက်တာ ပြောသလိုပါပဲ၊ လူ့ဘဝမှာ အဆိုးအကောင်းဆိုတာ ဒွန်တွဲနေလေတော့ ကိုယ်ကျတဲ့နေရာမှာပဲ ကိုယ့်ကံလေးကို ကိုယ်တည်ဆောက်ကြရမှာပေါ့''

''ဒါနဲ့ အော်ပရေးရှင်းလူနာရော ဘာထူးလဲ၊ ဘယ်လိုလက္ခဏာ





တွေပြပြီလဲ''

''ခုချိန်ထိတော့ အိုကေပါတယ် ဒေါက်တာ ပြန်မယ်ဆိုရင် ပြန်လို့ရတာပဲ၊ ဒီည ဒေါက်တာခင်မျိုးဆက်နဲ့ ဒေါက်တာနောင်နောင်တို့ ဂျူတီလေ၊ သိပ်စိတ်မပူပါနဲ့ ကျွန်မလည်းရှိနေတာပဲ၊ ထူးခြားတဲ့လက္ခဏာပြရင် ဖုန်းဆက်လိုက်ပါမယ်''

''ဒါဆို ကျွန်မ စိတ်ချမယ်နော်''

''စိတ်ချပါ ဒေါက်တာ''

စစ္စတာကြီး ကမ္ဗည်းအခန်းထဲက ခပ်ရှုံ့ရှုံ့ထွက်သွား၏။

လူနာအခြေအနေ ဘာမှမထူးခြား၍ ကမ္ဗည်း အိမ်ပြန်ရန် ကိုယ်ပေါ်မှဂျူတီကုတ်ကို ချွတ်လိုက်သည်။

အဆီအနည်းငယ်ပြန်နေသော မျက်နှာကို လက်ပွေ့အိတ်ထဲမှ ဆီစိမ်စက္ကူလေးဖြင့် တို့သုတ်လိုက်ပြီး ခရင်မ်ပတ်ဘူးကိုထုတ်ကာ မျက်နှာမှာဖို့လိုက်သည်။

အနည်းငယ် ဖွာစပြုနေသော ဆံစကို ဘီးဖြင့်အသာသပ်ပြီး ဘီးကိုလက်ပွေ့အိတ်ထဲပြန်ထည့်ကာ အချိုးအစားကျနစွာ လှနေသော ကိုယ်ကို လှည့်ပတ်ငုံ့ကြည့်ကာ အင်္ကျီကိုခါးမှ ဆွဲချလိုက်သည်။

လှုမြင်ကောင်းလောက်သည့် သပ်ရပ်မှုရှိတော့မှ အခန်းထဲမှ ထွက်ခဲ့လိုက်သည်။

''ဂွတ်နိုက်ပါ''

''ဂွတ်နိုက်''



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတံခါးပေါက်ကြီး မရောက်မချင်း အားလုံး၏အရှိအသေပေး နှုတ်ဆက်တာကို ပြန်လည်နှုတ်ဆက်ရသေး၏။

ဆေးရုံဝင်းထဲတွင် ရပ်ထားသော ကားဆီကိုရောက်တော့ ညရှစ်နာရီရှိနေပြီ။

ကားစတန်းကိုရောက်တော့ ရပ်ထားသောကားထဲ ဝင်ထိုင်ပြီး ကို့ဆီဖုန်းခေါ်လိုက်သည်။

"ဟဲလို ကို ကမ္မည်း ပြန်လာပြီနော်၊ ခု ဆေးရုံဝင်းထဲက ထွက်တော့မယ်"

"ကားကိုသတိထားပြီးမောင်းနော် ကမ္မည်း။ မိုးကရွာထားတော့ လမ်းတွေကချော်နေတာ၊ အရှိန်နဲ့မမောင်းမိစေနဲ့သိလား ကမ္မည်း ကိုယ် ကမ္မည်းကို ထမင်းစားစောင့်နေမယ်"

"ဩော် ကိုရယ် စားနှင့်လိုက်ပြီးရော တော်ကြာ အစာအိမ် ဖြစ်နေပါ့မယ်ကွယ်"

"ဖြစ်ဖြစ်ပေ့ါ ကိုယ့်မိန်းမ ပါရဂူမကြီးတစ်ယောက်လုံးရှိနေတာပဲ လာသမျှရောဂါ ကိုယ့်မိန်းမအစွမ်းနဲ့တိုက်ထုတ်ပစ်နိုင်းမှာပေ့ါ"

"တော်ပါ ပိုကိုပိုတယ်၊ ဒါပဲနော် ကမ္မည်းကားမောင်းတော့မယ်၊ ဖုန်းထပ်မဆက်နဲ့တော့"

"အိုကေ"

ဖုန်းပိတ်ပြီး ကားစက်နှိုးလိုက်သည်။

"ကမ္မည်း"





ကားနောက်ခန်းထဲမှ ခေါ်သံကြောင့် ကားစက်နှိုးနေသော ကမ္မည်း ကိုယ်လေး ဆတ်ခနဲ တုန်တက်သွားသည်။ အလန့်တကြားဖြင့် နောက်ကိုလှည့်ကြည့်လိုက်သည်။

"ဟင် မော်ကွန်း နင် နင် ငါ့ကားထဲမှာ ဘာလုပ်နေတာလဲ"

"နင့်ကိုစောင့်နေတာလေ၊ အရင်ကဆို အစောကြီးပြန်တယ်၊ ဒီနေ့ပြန်ချိန်တန် မပြန်လာတော့ ငါစိတ်ပူပြီးလိုက်လာတာ"

"အို ဘုရားရေ အဲဒါ နင်နဲ့ဘာဆိုင်လဲ"

"ဆိုင်တာပေ့ါ ငါက နင့်ရဲ့အချစ်ဦးလေ၊ နင့်ယောကျ်ားက မပူပေမယ့် ငါကတော့ပူရတယ်၊ ငါလေ နင်ပြန်မလာမချင်း စိတ်တွေ ဂနာမငြိမ်ဘူး၊ ဖုန်းဆက်ပြန်တော့လည်း နင့်ဖုန်းလုံးဝမကိုင်ဘူး။ ငါ့ဖုန်းမို့လို့ မကိုင်တာ ငါသိတယ်လေ၊ ဒါကြောင့် လူကိုယ်တိုင် လိုက်လာတာ"

မဆီမဆိုင် လင်မယားချင်း ရန်တိုက်ပေးသလိုလို စကားမျိုးကြောင့် ကမ္မည်းအတွက်တော့ မိန်းမလိုမိန်းမရဆန်လိုက်တာဟု ဝေဖန်ယိုးစွပ်ချင်စရာ။

"နင် မဆိုင်တာတွေ ဘာမှမပြောဘဲနဲ့ ခုချက်ချင်း ကားပေါ်က ဆင်းလိုက်နော်"

ရန်လိုသော အကြည့်ဖြင့် ခပ်စူးစူးကြည့်ကာ ကားပေါ်မှဆင်းနိုင်းလိုက်သည်။

"မဆင်းနိုင်ပါဘူး။ မိုးအရမ်းချုပ်နေပြီ၊ နင်တစ်ယောက်ထဲ ပြန်ဖို့ စိတ်မချဘူး။ လာ ငနောက်ခန်းမှာ အဲ မဟုတ်သေးဘူး ဟိုဘက်ခုံ

www.burmeseclassic.com



ပြောင်းထိုင်လိုက် ငါ မောင်းမယ်''

"အဲဒီမှာ လဲသေလိုက်၊ ငါ့ကိုအမိန့်ပေးရအောင် နင်က ဘာမို့လို့လဲ နင်မောင်းတဲ့ကားကို ငါ မစီးနိုင်ဘူး''

တင်းမာလွန်းသော ကမ္ဘည်း၏ပုံစံကိုကြည့်ပြီး မော်ကွန်း ခနိုးခနဲ့ ရယ်လိုက်သည်။

"နင်က စိတ်ဆိုးတဲ့ပုံစံလေးလည်း လှတာပဲ၊ ငါ နင့်ကိုမေ့မရနိုင်တဲ့အကြောင်းအရင်းတွေထဲမှာ အဲဒါလည်းပါတယ်''

မော်ကွန်း ပြောပြောဆိုဆိုနှင့် နောက်ခန်းတံခါးဖွင့်ဆင်းကာ ရှေ့ခန်းမှာ ပြောင်းထိုင်လိုက်သည်။

"ဒေါက်တာ''

မော်ကွန်းနှင့်ကမ္ဘည်း အခြေအတင်ဖြစ်နေကြစဉ် ကားဆီသို့ အလုပ်သင်ဆရာဝန် ဒေါက်တာကျော်ဖြိုးနိုင် ရောက်လာသည်။ တင်းနေသော မျက်နှာကိုလျှော့ကာ

"ပြော ပြော ကျော်ဖြိုးနိုင် ဘာကော့စ်ဝင်လို့လဲ''

"ဟိုလေ ကော့စ်ဝင်လို့မဟုတ်ပါဘူး ဒေါက်တာ့မျက်မှန်ကျန်ခဲ့လို့ မျက်မှန်မပါရင် ညဘက်စာကြည့်ဖို့ ခက်မှာစိုးလို့ လိုက်ပို့တာပါ ခင်ဗျာ''

"သင့်ခယူပါ''

ကျော်ဖြိုးနိုင်အကြည့်တွေက မော်ကွန်းဆီသို့ ရောက်နေပြီး ပြုံးပြကာ





"ဒေါက်တာ့ကို လာကြိုတာလား ခင်ဗျာ''

"ဟုတ်တယ် ညီ၊ မိုးအရမ်းချုပ်နေလို့ စိတ်မချတာနဲ့လေ''

"ကောင်းပါပြီ အစ်ကို ဂွတ်နိုက်''

"အဲဒါ တို့အစ်ကိုဝမ်းကွဲလေ''

ဒေါက်တာကျော်ဖြိုးနိုင်ဆိုတာ ဒီဆေးရုံကိုရောက်တာ သိပ်မကြာသေးသူ။ ကမ္ဘည်း၏ခင်ပွန်းကို မမြင်ဖူးသောသူမို့ မော်ကွန်းကို ကမ္ဘည်းခင်ပွန်းဟု ထင်သွားမှာစိုးတာနှင့် အစ်ကိုဝမ်းကွဲဟု လွှတ်ခနဲ ပြောလိုက်မိခြင်းဖြစ်သည်။

ကိုယ့်ဂုဏ် ကိုယ့်သိက္ခာနှင့် ခုလိုမညာသင့်မှန်းသိပေမယ့် သူငယ်ချင်းဟု ဆိုလိုက်ပြန်လျှင်လည်း ဒီအချိန်နှင့်ဒီနေရာ သူငယ်ချင်းနှင့်အတူ ရှိနေစရာအကြောင်းမရှိ။ အစ်ကိုဝမ်းကွဲဟု ပြောလိုက်ခြင်းဟာ နောက်ဆက်တွဲ သံသယတွေကိုပါ တစ်ခါတည်းရှင်းထုတ်လိုက်ခြင်းဖြစ်၏။

"ဟုတ်ကဲ့ ဂွတ်နိုက်ပါ ခင်ဗျာ''

ကျော်ဖြိုးနိုင် မော်ကွန်းကို တရိုတသေ နှုတ်ဆက်ပြီး ကမ္ဘည်းဘက်လှည့်ကာ

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး''

"ကောင်းပါပြီ''

ကျော်ဖြိုးနိုင် လှည့်ထွက်သွားတော့ မော်ကွန်း တစ်ချေနိုးထပြန်သည်။

"ကဲ ကမ္ဘည်း ကားကိုငါမောင်းမယ်၊ ငါ့ပြောစကား နားမထောင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင် ဒီည နင့်အခန်းထဲကို ငါရောက်အောင် လာခဲ့မှာနော်''

မော်ကွန်း၏ခြိမ်းခြောက်စကားကြောင့် ကမ္ဘည်း တော်တော်လေး ထိတ်လန့်သွားကာ

''နင် မယုတ်မာနဲ့နော်၊ ဝင်လာရဲဝင်လာကြည့်လေ ဒီညပဲ နင် အချုပ်ထဲရောက်စေရမယ်မှတ်''

ကို ရှိနေပြီဆိုသည့် အားတက်စိတ်ဖြင့် မော်ကွန်းကို ထိမထင် သည့်အမူအရာဖြင့် ပြန်လည်ခြိမ်းခြောက်လိုက်၏။

''အမှာက် တကယ်လား လုပ်လိုက်လေ၊ အဲဒါမှပိုပြီး ပွင့်လင်း လို့ရသွားတာပေါ့၊ နို့မို့ဆို နင့်ကိုငါမှာ ခိုးကြောင်ခိုးဝှက် ချစ်နေရတာ''

မော်ကွန်း၏လက်တွေက ကမ္ဘည်း၏လက်မောင်းသားအိအိလေး တွေဆီသို့ လာရောက်ဆုပ်ကိုင်ကာ သူ့ကိုယ်ခန္ဓာကြီးက ကမ္ဘည်းဘက်သို့ ယိမ်းထိုးလာသည်။

ကျန်လက်တစ်ဖက်က ကမ္ဘည်းဘက်မှ ကားမှန်ကိုပိတ်လိုက် သည်။

ကမ္ဘည်း စိတ်တွေယောက်ယက်ခတ်ကာ ခန္ဓာကိုယ်ကိုကျုံ့နိုင် သမျှကျုံ့ထားပြီး ထိုင်ခုံနောက်ကျော ပေါက်ထွက်မတတ် မှီထားလိုက် သည်။

''မော်ကွန်း နင် မယုတ်မာနဲ့နော်''

''ဟင့်အင်း ချစ်တဲ့စိတ်ကို ယုတ်မာတယ်လို့မပြောပါနဲ့ အဲဒါ နင့်ကိုယုတ်မာတာမဟုတ်ဘူး၊ ချစ်တာ၊ ငါကနင့်ကို အချိန်ပြည့်ချစ်ချင်

ဗျူး၀၁၆၀



တာ၊ ရင်ထဲမှာ အချိန်အကြာကြီး ကိန်းအောင်းလာတဲ့အချစ်တွေကို အရှိန်ပြင်းတဲ့ ဗုံးတစ်လုံးလို ပေါက်ကွဲပစ်လိုက်ချင်တာ''

''ထွီ နင် အရှုး၊ လုံးဝကို သွက်သွက်ခါအောင် ရူးသွားပြီ သိလား''

ကမ္ဘည်း စကားပင်မဆုံးလိုက် နှုတ်ခမ်းအစုံကို ဖိကပ်နမ်းရှိုက် လိုက်သော ဆက်ဆံမှုကြောင့် အသက်ရှူမှားမတတ် ဖြစ်သွားသည်။

လက်အစုံက မော်ကွန်း၏ကိုယ်ကို ထုနှက်ကုတ်ဖဲ့ကာ အင်အား ရှိသလောက် ပြန်၍တုန့်ပြန်နေမိသည်။

မော်ကွန်းကလည်း အနာခံပြီး အနမ်းရှည်ကြီးဖြင့် ကြိတ်ခံ သည်။ မော်ကွန်းမျက်နှာမှာ လက်သည်းချွန်ချွန်ဖြင့် ကုတ်ခြစ်ထားသော ဒဏ်ရာတွေ ရစရာမရှိ။

တော်တော်လေးကြာမှ အနမ်းတို့ဖြေလျှော့ကာ အသက်ကို ခပ်ပြင်းပြင်းရှူပြီး မောဟိုက်နေသော ကမ္ဘည်းကို စေ့စေ့ကြည့်ပြီး

''ကဲ နင် ဘာတတ်နိုင်သေးလဲ၊ ငါနဲ့နင် အကြင်နာတွေပေးနေ ကြတယ်၊ နင့်ယောက်ျား ညီလင်းပ ဘာတတ်နိုင်သလဲ၊ သူ နင့်ကိုလာ ပြီး ကာကွယ်ပေးသလား၊ ကားမှန်တွေချထားတဲ့ည အမှောင်မှာ နင်နဲ့ငါ နဲ့ ဒီထက်မက ပွင့်လင်းလိုက်မယ်ဆိုရင်တောင် ဒါဟာနှစ်ဦးသဘောတူတဲ့ living together ပဲ၊ နင့်ဆန္ဒမပါပါဘူးလို့ ငြင်းရလောက်တဲ့သက်သေ နင့်မှာမရှိဘူး ကမ္ဘည်း''

''ဖြန်း ဖြန်း ဖြန်း''

ဗျူး၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် တုန့်ပြန်လိုက်သော ကမ္ဘည်း၏ရိုက်ချက်ကြောင့် မော်ကွန်းမျက်နှာ ဟိုဘက်ဒီဘက် လည်ထွက်သွားသည်။

"နင့်လို စိတ်ဓာတ်နိမ့်ကျပြီး ယုတ်မာတဲ့ နွားဘူးကောင်မျိုးကို ငါလိုဂုဏ်သိက္ခာရှိတဲ့မိန်းမတစ်ယောက်က ဘယ်လိုနည်းနဲ့မှ မပတ်သက်နိုင်ဘူး။ ခုချိန်မှာ နင့်အကြောင်းတွေးမိရင်တောင် အော်ဂလီဆန်လွန်းလို့ မတွေးမိအောင် နေတယ် ရှင်းလား"

"ဩော် ဟော် နင်က ငါ့ကို ဒီလောက်ထိတောင် စိမ်းကားပြတ်တောက်နိုင်ပြီပေါ့ ဟုတ်လား။ ငါဆိုတဲ့ကောင်ကလည်း ဟိုးအရင်တုန်းကလို ကကြီးကနေ အ,အထိ တုံးတဲ့ကောင်မဟုတ်ဘူး။ ခုချိန်မှာ နင်နဲ့ ပတ်သက်ပြီး ငါ့ရဲ့ဆုံးဖြတ်ချက်တွေ ခံစားမှုတွေက အရမ်းကိုလိမ္မာပါးနပ်သွားပြီ နင် ငါ့ကိုမုန်းလေ ငါက နင့်ကိုပိုလိုချင်လေပဲ၊ နင်တောင်မသိလိုက်တဲ့ စိန်ခေါ်ပွဲကို ငါတစ်ကိုယ်ထဲ စိတ်ကြိုက်နွှဲရင် နွှဲရပါစေ ငါမမှုဘူး ကမ္ဘည်း"

"ဇွတ်"

တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

မုံယိုနေတဲ့ဆင်တစ်ကောင်လို သွေးရူးသွေးတန်းဖြစ်နေသော မော်ကွန်းကို ပါးစပ်သနခံပြီး ဘာမှထပ်ပြောမနေတော့ ကားပေါ်ကလည်း ဆင်းမှာမဟုတ်မည့်အတူတူတော့ ကမ္ဘည်းပဲ ကားပေါ်ကဆင်းခဲ့လိုက်တော့သည်။

"ဟာ ဟေ့ ကမ္ဘည်း နေဦးလေ"

ဗျူးခေါ်ပေ



ဆေးရုံဝင်း အပြင်ဘက်သို့ ခပ်သုတ်သုတ်ခြေလှမ်းတွေဖြင့် မပြေးရုံတမယ် လှမ်းခဲ့လိုက်သည်။

ထို့နောက် တက္ကစီတစ်စီးကို အရေးတကြီးလှမ်းတားလိုက်သည်။ ကိုယ့်ရှေ့ တက္ကစီရပ်သည်နှင့်ကားတံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်သည်။

ကမ္ဘည်းနောက်ကို လုံးဝလှည့်မကြည့်ရဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၇)

"ဟင် ကမ္ဘည်း ဘယ့်နှယ်ကြောင့် တက္ကစီနဲ့ပြန်လာရတာလဲ"

ခြံတံခါးဖွင့်ရင်း တအံ့တဩမေးလာသော ကို့ အမေး

ကမ္ဘည်း ဖြေဖို့အတွက် စိတ်ထဲမှာ သက်တောင့်သက်သာမရှိ။

သို့သော် မဖြေ၍လည်းမရ၍

"ကားက လမ်းမှာရုတ်တရက် ထိုးရပ်သွားလို့ တက္ကစီနဲ့ ပြ

လာရတာ ကို"

ရှည်ရှည်ဝေးဝေး ဇွီကာတွေချဲ့ပြီး လိမ်ညာမပြောချင်၍ ဖြစ်

ခြေရှိသော အကြောင်းပြချက်တစ်ခုကို ပြီးစလွယ်ဖြေလိုက်သည်။

"ဟောဗျာ ဖြစ်ရမယ်၊ အဲဒါ ကိုယ့်ကို ဖုန်းဆက်ပါတော့လာ





ချစ်ရယ် ကဲ လာ လာအထဲဝင်ပြီးမှ ကား ဘယ်နေရာမှာထားခဲ့လဲဆိုတာ ပြော၊ ကိုယ် ဝပ်ရှော့ခ်ကိုဖုန်းဆက်ပြီး သွားယူခိုင်းလိုက်မယ်"

ညည်းပြောပြောကာ ကမ္ဘည်းကို တယုတယ ဖေးမခေါ်နေသဖြင့် လေးလံသော ခြေလှမ်းတွေဖြင့် ခြံထဲလိုက်ဝင်ခဲ့ပေမယ့် နောက်ကြောင်းက မအေးသေး။

"ကျွီ"

ညီလင်းပနှင့် ကမ္ဘည်း ခြံထဲအရောက် ကျွီခနဲ ကားရပ်သံကြောင့် ခြံပြင်ကို ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"ဟင် ကိုမော်ကွန်းသစ်၊ ဘယ်လိုဖြစ်ပြီး ကမ္ဘည်းကားပေါ်ရောက်နေရတာလဲ၊ ကမ္ဘည်းကားပျက်တာ ခင်ဗျားသိတယ်ပေါ့"

ကမ္ဘည်းကားကို မောင်းလာသော မော်ကွန်းကိုကြည့်ပြီး ညီလင်းပ တကယ်ပင် နားမလည်နိုင်တော့။

ကမ္ဘည်းပြောတော့ ကားက ရုတ်တရက်ထိုးရပ်သွားတယ်ဟုပဲ ပြောသည်။ ခုချိန်ထိ အသေအချာမပြော။ ကမ္ဘည်းကို လှမ်းကြည့်တော့ ဟန်မဆောင်တတ်သော မျက်နှာမျိုးဖြင့် အပျက်ပျက်အယွင်းယွင်းဖြစ်ကာ

"ဟုတ်တယ် ကို လမ်းမှာ ကို့ဆီကို ဖုန်းဆက်သေးတယ်၊ ဆက်သွယ်မှုဧရိယာပြင်ပရောက်နေတာနဲ့"

ကမ္ဘည်း စကားမဆုံးလိုက်ခင်မှာပင်

"တော်ဇေသးတာပေါ့ ကိုညီရယ်၊ ကျွန်တော့်ကားလည်း အဲဒီလမ်းဘက်က အဖြတ်နဲ့ ကမ္ဘည်းကားကလည်း လမ်းမှာထိုးအရပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ချိန်ကိုက်ထားသလား မှတ်တယ်၊ အဲဒါနဲ့ ကမ္ဘည်းကို အရမ်းမိုးချုပ်ပြီ
တိုညီ စိတ်ပူမှာစိုးတာနဲ့ အရင်ပြန်လွှတ်လိုက်တာ''

''ဝပ်ရှော့ဖုန်းဆက်မယ်လုပ်တော့ ကားက ဘာမှမဖြစ်ဘူး
ဆိုပိတ်တာလေ''

မော်ကွန်းသစ် အချက်ကျကျ ရှင်းပြနေသလောက် ကမ္ဘည်
ထင်က ငြိမ်နေသည်။

''ဒါနဲ့များ ချစ်ရယ် ကိုမော်ကွန်းသစ်ကားကို ချိန်းမောင်းလာ
လိုက်တာမဟုတ်ဘူး၊ တက္ကစီနဲ့ပြန်လာတာကတော့ မသင့်တော်ပါဘူး''

ဟာကွက်တစ်ခုကို ထောက်ပြသလိုဖြစ်သွားသော ညီလင်း
စကားကြောင့် မော်ကွန်း မျက်နှာအနည်းငယ် ဖရိုဖရဲပျက်သွားသည်

ညီလင်းပ သတိထားလိုက်မိပေမယ့် စိတ်ထဲထည့်မနေတော့
ကမ္ဘည်း ပခုံးကို ကြင်နာစွာဖက်ပြီး

''ကဲ ချစ် အရမ်းပင်ပန်းသွားပြီ၊ အိမ်ထဲမှာ အနားယူလိုက်
ကိုယ် ထမင်းပွဲပြင်ပြီးသား၊ ချစ်နဲ့အတူစားချင်လို့ စောင့်နေတာဗျ၊
မော်ကွန်း ကြုံတုန်း ထမင်းတစ်ခါတည်းဝင်စားသွားပါလားဗျာ၊ လာ
ဝင် ဒီနေ့ကျွန်တော့်အကြိုက်ဟင်းတွေကို ကျွန်တော့်ချစ်ဇနီးလေး
ဆေးရုံမသွားခင် စီစဉ်သွားတာဗျ၊ ခင်ဗျားပါဝင်စားရင် ခင်ဗျားမိန်း
တောင် မေ့သွားနိုင်တယ်နော် ဟဲ ဟဲ ဟဲ ခင်ဗျားသူငယ်ချင်းလက်
အဲလောက်ထိကောင်းတာ''

ကျေကျေနပ်နပ်ကြီး မဟ္လာပ်တိုင်တက်ပြနေသော ညီလင်း





ကမ္ဘည်း သိပ်ပြီးကြည့်မရချင်တော့။

စိတ်ထဲမှာ တူးခါးနေအောင်မုန်းမိသော မနာလိုဝန်တိုစိတ်တို့က
တစ်လှိုက်လှိုက်တက်လာပြီး ငါ့ရင်ထဲက အချစ်တွေကို လုယူသွားတဲ့
ကောင်ဆိုသည့် အမုန်းတရားက ဘယ်သောအခါမှ ပြေပျောက်သွားလိမ့်
မည်မဟုတ်။

''မစားတော့ပါဘူးဗျာ ခင်ဗျားတို့ပဲ လွတ်လွတ်လပ်လပ် စား
ပါတော့၊ ကဲ ကျွန်တော်သွားတော့မယ် ရော့ ကားသော့ ကားကိုခြံထဲ
သွင်းမပေးခဲ့တော့ဘူး''

''သင့်ခပယ္ယူပဲ ကိုမော်ကွန်း၊ ကျွန်တော်တို့ နောက်ရက်မှဆုံကြ
တာပေါ့''

''အိုကေ ဂွတ်နိုက်''

နှုတ်ဆက်ပြီး ထွက်သွားသော မော်ကွန်းသစ်၏ခြေလှမ်းတွေ
သည် သွက်လက်မှုမရှိ တွဲ့နေးနေသည်။

ကမ္ဘည်း၏ရင်ထဲမှာလည်း ခုချိန်ထိ မအေးမြနိုင်သောအပူ
သောကတွေက ရှေ့ဘာဖြစ်လာဦးမလဲဆိုတာ ကြိုမှမသိနိုင်သေးတာ။
ယုတ်မာလက်စရှိပြီး သူက နောက်ထပ်အကြိမ်ကြိမ် ကောက်ကျစ်စဉ်းလဲ
ဖို့ ဝန်လေးတတ်တာမှမဟုတ်တာ။

ကို့အမြင်မှာ မော်ကွန်းနှင့်ကမ္ဘည်းက သူငယ်ချင်းတွေဆိုသည်
အမြင်မြင်နေသည်မို့ ကမ္ဘည်းစိတ်ခတွ မလုံမလဲဖြစ်မိသည်။

အမုန်ဆို မော်ကွန်းက ကမ္ဘည်းကို သူငယ်ချင်းလိုတာထား



www.burmeseclassic.com

www.burmeseclassic.com



လွန်းသော ပတ်သက်မှုကြီးဖြင့် ကမ္ဘည်းဘ၀ကို အရုပ်ဆိုးအကျည်းတန်
အောင် ခြောက်လှန့်ဖျက်ဆီးနေသည်ပဲ။

ကိုယ့်ဘက်က ရက်ရက်စက်စက် ရှိုးသားသလောက် မော်ကွန်
ဘက်က ပိုးစိုးပက်စက် ယုတ်မာနေသည်ဆိုတာကို ကိုသာသိခဲ့လျှင်
ကမ္ဘည်းရော ကို့အမြင်မှာ အပြစ်လွတ်ပါ့မလား။

ကို ဘယ်လိုဆုံးဖြတ်မလဲ။ ပြင်းပြင်းထန်ထန် ယိုးစွပ်ပြီး ကမ္ဘည်
ကိုမုန်းသွားမလား။ ဒါမှမဟုတ် နားလည်မှုအပြည့်ဖြင့် ကမ္ဘည်း၏အရှု
တရားအတွက် ကာကွယ်မလား။

တွေးရင်းဖြင့် ကမ္ဘည်းရင်ထဲ နုံးခွေမောဟိုက်ကာ ရှေ့ဆက်
အသက်ရှင်ချင်စိတ်မရှိတော့။

ထိုတာဒင်္ဂတို့ကို ဝိညာဉ်အဖြစ် ပျောက်ဆုံးချင်နေပါပြီ။

■ ■ ■

## အခန်း (၃၈)

ညဥ့်ဆယ့်တစ်နာရီရှိပြီ။

တရှူးရှူးနှင့် အိပ်မောကျနေသော ညီလင်းပဘေးမှာ ကမ္ဘည်း
တစ်ယောက် ဟိုလိုမ့်ဒီလိုမ့်နှင့် တော်တော်နှင့်အိပ်၍မပျော်နိုင်။

အိပ်ခန်းထဲမှာ ညီလင်းပ၏ဟောက်သံသဲ့သဲ့မှလွဲ၍ အားလုံး
တိတ်ဆိတ်နေ၏။ ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်နေပေမယ့် ကမ္ဘည်း
ရင်ထဲမှာတော့ မတိတ်ဆိတ်နိုင်။

လုံးဝမတွေးချင်သော မော်ကွန်းအကြောင်းတွေ ခေါင်းထဲမှာ
တစ်ခုပြီးတစ်ခု ပေါ်လာသည်။ ပေါ်လာသည့်အလျောက် ထပ်ဖန်တလဲ
လဲ တွေးကာ သက်မမောတွေ အခါခါချနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကမ္ဗည်း မအိပ်သေးဘူးလား"

တစ်ရေးနိုးလာသော ညီလင်းပမှာ ကမ္ဗည်း မအိပ်သေးတာကို အိပ်ချင်မူးတူးဖြင့် မျက်လုံးဖွင့်ကြည့်ကာ ပလုံးပထွေးအသံဖြင့်မေး၏။

"အင်း ဟုတ်တယ် ကို၊ ဒီနေ့ ဆေးရုံမှာ ဆာဂျရီလုပ်ခဲ့တဲ့ ပေးရှင့်အကြောင်းတွေးပြီး စိုးရိမ်စိတ်နည်းနည်းဝင်နေလို့ပါ ကိုရယ်"

"သြော် ချစ်ရယ် အဲလောက်လည်း စိုးရိမ်မနေပါနဲ့ အိပ်တော့ အိပ်ရေးမဝရင် မနက်အိပ်ရာထတော့ လန်းလန်းဆန်းဆန်း မရှိပဲနေမယ်"

ထိုသို့ပြောပြီး ကမ္ဗည်းကို ဖက်ကာ ပြန်၍အိပ်ပျော်သွားသည်။ တရှူးရှူးနှင့်အိပ်ပျော်သွားသော ညီလင်းပကိုကြည့်ပြီး ကမ္ဗည်း ဘယ်လိုမှ အိပ်မပျော်နိုင်သေး။ ဖြစ်ပြီးခဲ့သည့်အကြောင်းတရားတွေဟာ အိပ်မက်ဆိုးတစ်ခုလို စိတ်အစဉ်ကို လာလာခြောက်လှန့်နေမှတော့ အိပ်စက်ခြင်းကို ဘယ်လိုလုပ် ဖက်တွယ်နိုင်တော့မလဲ။

သက်ပြင်းတွေ ဘယ်နှစ်ကြိမ်မြောက် ချမိမှန်းမသိတော့။

ထိုစဉ် ဖုန်း မက်ဆေ့ချ်ပို့သံ ကြားလိုက်ရသည်။

ဖုန်းကို လှမ်းယူပြီး ဖွင့်ကြည့်လိုက်သည်။

"ကမ္ဗည်း နင်အိပ်ပြီလား၊ နင်နဲ့ငါ အရေးကြီးကိစ္စတစ်ခုကို တိုင်ပင်မလို့ နင်ခြံထဲဆင်းလာခဲ့ပါ၊ နင် ဆင်းမလာရင် နင့်အိမ်ထဲငါ ဝင်ခဲ့မယ်"

ထိုသို့ အဓိပ္ပာယ်သက်ရောက်သော စာကြောင်းအချို့ကို အင်





ပ်လိုရေးပို့လိုက်သည်မို့ ကမ္ဗည်းမှာ တစ္ဆေအခြောက်ခံရသလို တုန်လှုပ်ချောက်ချားသွားသည်။

အိပ်ရာထက်မှ အသံလုံလုံဖြင့် ခပ်ဖြည်းဖြည်းထကာ ခုတင်ားတွင် ခေါက်တုန့်ခေါက်ပြန်လျှောက်ပြီး ဆောက်တည်ရာမရဖြစ်နေည်၊

ကမ္ဗည်း မသွားလျှင် သူတကယ်ဝင်လာမည်ဆိုတာ ကမ္ဗည်းသည်။ အရာရာကို အတွေးအတော အချိန်အဆမရှိ စိတ်ထင်တိုင်းကို ကမူးရှူးထိုးလုပ်တတ်သည့် မော်ကွန်းအကျင့်ကို ကမ္ဗည်းသာလျှင်သိဆုံး။

ဒီတော့ ကမ္ဗည်း ဘာလုပ်ရမလဲ၊ ဘာလုပ်ရပါ့မလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

ညှို့ချက်မိသော ခြေလှမ်းတွေဖြင့် ကမ္ဘည်း အိမ်ထဲမှ ခပ်တိတ်တိတ်ထွက်လာလိုက်သည်။

ကမ္ဘည်း ထွက်သွားသည်နှင့် ညီလင်းပ မျက်လုံးအစုံဖျတ်ခ ပွင့်လာသည်။ သံသယဟု မယိုးစွပ်ချင်သည့် ခံစားချက်မျိုးဖြင့် ကမ္ဘည် ဘယ်လိုအကြောင်းအရာတွေကို ဒီလိုညအချိန်မတော်မှာ တိတ်တိ ကလေးလုပ်မှာမို့လဲ။

ဒါမှမဟုတ် ဘယ်သူတစ်ဦးတစ်ယောက်၏ ဖိအားပေး ချော တွန်းခြင်း ခံနေရသလဲ။

သိချင်သည့်နောက်ကွယ်မှာတော့ စိုးရိမ်ပူပန်စိတ်တို့ မီးတော





တစ်ခုလို တောက်လောင်နေ၏။

ခုတလော ကမ္ဘည်းမျက်နှာမကောင်း။ အမြဲတမ်း ညှိုးနွမ်းကာ ရှင်ရှင်ပြုပြုမရှိသောပုံစံဖြစ်နေသည်ကို ညီလင်းပ ရိပ်မိနေသည်။ တစ်စုံတစ်ခုအတွက် စိတ်သောကရောက်နေသည့်ပုံစံမျိုး စိတ်နှင့်ကိုယ်နှင့်မကပ်သလို မျက်နှာမှာအပူငွေ့တို့ ထင်ဟပ်နေ၏။

ကိုယ်သိပ်ချစ်သော ချစ်ဇနီး၏မျက်နှာကို အရိပ်လိုကြည့်နေသူမို့ ချစ်ဇနီး၏နောက်ကွယ်မှာ စိတ်ရှုပ်စရာပြဿနာအရင်းအမြစ်တစ်ခု ရှိနေပြီဆိုတာ အလိုလိုသိလိုက်သည်။

တွေးရင်းဖြင့် ညီလင်းပ သွေးပျက်စပြုလာသည်မို့ အိပ်နေရာမှ ဝုန်းခနဲထလိုက်ပြီး ကမ္ဘည်း၏ဖုန်းကို စားပွဲပေါ်မှ လှမ်းယူလိုက်သည်။

မတ်ဆေ့ချ်ဘယ်သူပို့တာလဲဆိုတာ သိရအောင် ဖွင့်ကြည့်လိုက်သည်။ မျက်လုံးအစုံ ပြူးကျယ်သွားသည်။

မော်ကွန်းများလား ဒီအချိန် ခြိမ်းဆဲဆင်းလာဖို့ပြောသောလူဟာ မော်ကွန်းမှလွဲ၍ ဘယ်သူဖြစ်နိုင်မည်လဲ။ မော်ကွန်း၏အကြည့်တွေသည် ကမ္ဘည်းအပေါ် တစ်စုံတစ်ရာထူးဆန်းသလို ခံစားနေရသည်ကို စိတ်ထဲက သံသယမှုန်မှုန်မွှားမွှားလေးဟုပဲ ပြီးစလွယ်ဖျောက်ဖျက်ပစ်ခဲ့ဖူးသည်။

"ဟား ဘာတွေလဲ ဘာတွေလဲကွာ ကမ္ဘည်းရယ်၊ ကိုယ် မသိအောင် မင်းဘာတွေလုပ်နေလဲ"

တစ်ကိုယ်လုံး သွေးရူးသွေးတန်း ရေရွတ်ရင်း

မဟုတ်မှလွဲရော ကမ္ဘည်းနဲ့မော်ကွန်း ဖောက်ပြန်နေတာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ဟာ သွေးသားဆန္ဒတွေ ဖောက်ပြန်ဖို့ အကောင်းဆုံးအချိန်တစ်ခု။

ထင်ယောင်ထင်မှား အတွေးတွေဖြင့်ပင် လူကိုရူးမတတ်ပူလောင်ရ၏။

ထိုပူလောင်မှုတွေ၏ တွန်းအားက ခြေလှမ်းတွေကို အိမ်အပြင်သို့ ဝရုန်းသုန်းကား ပြေးထွက်စေတာပါပဲ။

■ ■ ■

## အခန်း (၄၀)

ညသည် ခါတိုင်းညများထက်ပို၍ အကျည်းတန်ကာ ပို၍ မှောင်မိုက်သလို ခံစားရ၏။

ညဦးလေအေးက ခန္ဓာကိုယ်ကို လာရောက်တိုးဝှေ့၍ အေးမြသော ခံစားမှုရသွားပေမယ့် ရင်တွင်းအပူသောကကိုတော့ ငြိမ်းအေးခြင်းငှာ မတတ်နိုင်ပါ။

မော်ကွန်းကို သွားတွေ့လျှင် ဘယ်လိုအကျိုးဆက်တွေနှင့် သိမ်းပိုက်ခံရမည်ဆိုတာ သိပေမယ့် စိတ်အစဥ်က သွားတွေ့ဖို့ကို တိုက်တွန်းနိုးဆော်နေ၏။ အဘယ်ကြောင့်ဆိုသော်

ဒီညဟာ မော်ကွန်းနှင့်သူ့ကြားက ပတ်သက်မှုကို အဆုံးသတ်

www.burmeseclassic.com



ပေးမည့် ညတစ်ညမို့ ကြိုလာမည့်ဘေး ပြေးတွေ့ရုံပင်။ ဒီလိုမှ ပြတ်သားမှုမရှိလျှင် ကိုနှင့်ကမ္ဘည်းတို့၏အိမ်ထောင်ရေးမှာ မော်ကွန်းဟာ အဆိပ်တစ်ခွက်အဖြစ် ပါဝင်ပတ်သက်နေတော့မှာ။

ညဝတ်ဘောင်းဘီ ဘေးအိတ်ထဲတွင် နိုးဝှက်ထည့်လာသော ခွဲစိတ်ခန်းသုံးဓားကို စမ်းကြည့်လိုက်သည်။ ထိုဓားလေးဟာ ဒီညအတွက် ကမ္ဘည်းနှင့်မော်ကွန်းတို့ကြားက မရိုးသားသည့်ဆက်ဆံရေးကို ကောင်းစွာ ဖြေရှင်းပေးလိမ့်မည်။

"ကမ္ဘည်း နင် ဆင်းလာတယ်နော်၊ ကျေးဇူးပဲဟာ"

မော်ကွန်းမျက်နှာမှာ ကမ္ဘည်းကိုတွေ့သည့်အတွက် အကျေနပ်ကြီး ကျေနပ်နေသည့်ပုံ။

"ဒါပေါ့ ဒီညဟာ နင်နဲ့ငါနဲ့ ထူးထူးခြားခြား ပြောင်းလဲရမယ့် ညပဲဟာ"

"ဟင် နင် နင်က ငါ့အကြံကိုသိနေတယ် ဟုတ်လား၊ ဟား ငါ ဝမ်းသာလိုက်တာဟာ ငါ ငါလေ ဒီညတစ်ညကို နင်နဲ့တန်ဖိုးရှိရှိ ဖြတ်ကျော်ဖို့အတွက် အခမ်းအနားလေးတစ်ခု ပြင်ဆင်ထားတယ် လာ ငါတို့ တိုက်ပေါ်ထပ်က လသာဆောင်ကို သွားရအောင်"

ကမ္ဘည်း၏လက်ကို ထွေးဆုပ်ကိုင်လိုက်သော မော်ကွန်း၏လက်သည် အေးစက်နေ၏။ သူ့ပုံစံက တော်တော်လေး စိတ်လှုပ်ရှားနေသည့်ပုံဖြစ်နေသလောက် ကမ္ဘည်း၏ရင်အစုံကတော့ ဟာပြီး ပူလောင်နေသည်။ သူ့ကိုပြောစရာ ဘာစကားမှမရှိတော့လောက်အောင် နှုတ်ခမ်းတွေခြောက်





သွေ့နေသည်။

ညသည် တဖြည်းဖြည်းနှင့်နက်ရှိုင်းလာသည်။ ကမ္ဘည်း၏ခန္ဓာကိုယ်ကို မော်ကွန်း ဆွဲ့ခနဲ ပွေ့ချီလိုက်သည်။ ရုတ်တရက်မို့ ကမ္ဘည်း စိတ်တွေပို၍ လှုပ်ရှားလာသည်။

မော်ကွန်း၏ပေါခြောင်ခြောင်လုပ်ရပ်တွေထဲ မျော့ပါမသွားအောင် ကိုယ့်စိတ်တွေကို သတိနှင့်ထိန်းချုပ်နေရသည်။

"နင် ဘယ်လိုလုပ်တာလဲ ငါ့ကိုအောက်ပြန်ချစမ်း"

"မချဘူး ကမ္ဘည်း၊ နင့်ကို ဒီတစ်ညတော့ ငါပိုင်တယ်၊ ငါတို့ အချစ်တွေကို လွတ်လွတ်လပ်လပ် ဖွင့်လင်းခွင့်ပေးလိုက်ကြရအောင်နော်"

မော်ကွန်း၏အသံတွေသည် လှိုက်မောသံတွေဖြင့် စိတ်လှုပ်ရှားနေသည်။

"နင်ရူးနေလား မော်ကွန်း၊ ကာမပိုင်လင်ယောကျ်ားရှိတဲ့မိန်းမကို သူ့ယောကျ်ားနဲ့အတူ အိပ်နေတဲ့အချိန်မှာ မရမက ခေါ်ထုတ်ပြီး အချစ်တွေပွင့်လင်းမယ် ဟုတ်လား၊ ဒါ မဖြစ်နိုင်ဘူး၊ ခုချက်ချင်း နင် ငါ့ကို ပြန်ချလိုက်နော်"

သွေးအေးပြီး ပြတ်သားသော ကမ္ဘည်း၏စကားသည် အရာမဝင်။

တိတ်ဆိတ်လွန်းသောညမှာ မော်ကွန်း၏ခြေသံနှင့်အသက်ရှူသံခပ်ပြင်းပြင်းက ကမ္ဘည်းအတွက် နားကြည်းစရာအပြည့်။

ခြံတံခါးတွေ အိမ်တံခါးတွေ အဆင်သင့်ဖွင့်ထားသော မော်



www.burmeseclassic.com

www.burmeseclassic.com



ကွန်း၏အိမ်ထဲတွင် မီးရောင်တွေထိန်ထိန်ညီးနေ၏။ အပေါ်တက်မည့် လှေကားတစ်လျှောက်တွင် ရောင်စုံပန်းများကို လျှောက်လမ်းသဖွယ် ခင်းကျင်းကာ ရောင်စုံဖဲကြိုးတွေ အလှပန်းအိုးတွေဖြင့် တန်ဆာဆင်ထား ပုံမှာ မင်္ဂလာအခမ်းအနားတစ်ခုသဖွယ်။

မော်ကွန်း အရှူးထပုံက ပုံမှန်ထက်ပို၍ အိုဗာဖြစ်နေသဖြင့် ကမ္ဘည်း ကျောစိမ့်လာသည်။ ဒီလိုပြင်ဆင်ခင်းကျင်းထားတာကို ချိုချို ဆက် မသိလေရော့သလား။

အင်းလေ မျက်စိကွယ်နေမှတော့ ဒါတွေကိုလည်း ဘယ်မြင် တော့မလဲဟု ကမ္ဘည်းဘာသာ ဖြည့်စွက်တွေးလိုက်သည်။

လေတဖြူးဖြူး တိုက်ခတ်နေသော အပေါ်ဆုံးထပ် လသာ ဆောင်သို့ရောက်တော့ ကမ္ဘည်း ပို၍အံ့ဩရသည်။

"ဟင် ဒီ ဒီအိပ်ရာခမ်းနားက"

"ဟုတ်တယ် အဲဒါ နင်နဲ့ငါရဲ့မင်္ဂလာဦး အိပ်ရာခမ်းနားလေး ငါက ဒီည နင့်ရဲ့သတို့သားဆိုလည်းဟုတ်တယ်၊ ငါတို့နှစ်ယောက် မင်္ဂလာ အခမ်းအနားကို အသိအမှတ်ပြုပေးမယ့် တရားသူကြီးဆိုလည်း ဟုတ် တယ်၊ ငါတို့ မင်္ဂလာဖနီးမောင်နှံအတွက် သက်သေလက်မှတ်ရေးထိုး ပေးမယ့် အသိသက်သေဆိုလည်း ဟုတ်တယ်"

မော်ကွန်းအသံတွေသည် သိမ်မွေ့နူးညံ့နေသည်။ ကမ္ဘည်းကို ဒီလောက်ချစ်ရဲ့သားနဲ့ ကမ္ဘည်းဘက်က ဘဝတစ်ခုကို အတူတူထူထောင် ဖို့ အရဲစွန့်ပြီး လက်ကမ်းပေးခဲ့တုန်းက ဘာဖြစ်လို့ ပုတ်ထုတ်ခဲ့သေးလဲ။





ကမ္ဘည်းရဲ့နှလုံးသားဒဏ်ရာတွေ ကြေမွနေရာမှ တဖြည်းဖြည်း ပြန်ကောင်းလာပြီး ဘဝတစ်ခုထဲမှာ မိသားစုလေးနဲ့အတူ ပျော်ရွှင်နေ သည့်အချိန်ကျမှ အရူးတစ်ပိုင်းလို ချစ်ပါတယ်ဆိုပြီး ဗီလိန်ဆန်သော အပြုအမူတွေဖြင့် ကမ္ဘည်းဆီက အချစ်တွေကို ဓားပြတိုက်သလိုပြန်လုယူ သတဲ့လား။

ခုချိန်မှာ အသိဉာဏ်နုံနည်းလိုက်တာဟု ပြစ်တင်ရှုတ်ချရုံမှ လွဲ၍ ရင်ထဲက သေဆုံးပြီးသားအချစ်က ပြန်လည်ရှင်သန်လာတော့မှာ မှမဟုတ်တာ။

ညကောင်းကင်၏ကြယ်ရောင်စုံသော ညတစ်ည၏လေဟာပြင် ထဲမှာ အဖြူရောင်အိပ်ရာခမ်းနားနှင့် အိပ်ရာထက်မှ အဖြူရောင်သတို့ သမီးဝတ်စုံနှင့် အဖြူရောင်သတို့သားဝတ်စုံက အဆင်သင့်။

ကြည့်ရင်းကြည့်ရင်း မျက်စိတွေဝေဝါးလာကာ မျက်လုံးတွေ စိုစွတ်လာသည်။ ဘုရားရေ ကမ္ဘည်းမျက်လုံးအိမ်ထဲမှာ မျက်ရည်တွေကျ လို့ပါလား။ ဒီမျက်ရည်တွေဟာ ဘာအဓိပ္ပာယ်နှင့်ကျဆင်းလာတာလဲ။ ကမ္ဘည်း အဖြေရှာရခက်နေသည်။

လက်အစုံကတော့ ဘောင်းဘီအိတ်ထဲမှ ဓားကိုစမ်းမိသွားတော့ သား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

"ကိုညီလင်းပ လား"

တံခါးတွေ ဟင်းလင်းဖွင့်ထားသော အိမ်ထဲကိုဝင်လိုက်သည်နှင့် ပန်းတွေဝေနေသည့် အိမ်အပြင်အဆင်ကြောင့် ခြေလှမ်းတွေ တုံ့ဆိုင်းကာ မင်တက်အံ့သြနေသည်။

ပန်းမျိုးစုံတို့၏ရနံ့တို့ ကြိုင်လှိုင်ကာ ပန်းကမ္ဘာထဲရောက်နေသလားမှတ်ရလောက်အောင် မြင်ကွင်းက ရှိမန့်ဆန်လွန်းသည်။

ကြောင်တက်တက်နိုင်လွန်းသော ပန်းတွေနှင့် ထုံမွှမ်းထားသည့် မြင်ကွင်းသည် သမားရိုးကျမဆန်သော စိတ္တဇဆန်သော အငွေ့အသက်တွေ ပြည့်နှက်နေသလို ခံစားနေရ၏။





"ကိုညီလင်းပလားဟင်"

မဝ့်မရဲ မေးသော ခပ်တိုးတိုးအသံကြောင့် အသံလာရာကို ဝေ့ကြည့်လိုက်သည်။

လိုက်ကာအကွယ်တွင်းမှ ထွက်လာသော ချိုချိုဆက် မျက်နှာမှာ အညှိုအမည်းတွေစွဲကာ တစ်စုံတစ်ဦးက ရိုက်နှက်ထားသည့် ဒဏ်ရာအချို့နှင့်

"ဟင် ချိုချိုဆက်"

"ကိုညီလင်းပ မဟုတ်လား၊ ပြောပါ ကျွန်မကို အမြန်ပြောပါ"

"ဟုတ်ပါတယ် မချိုချိုဆက်"

"အို ကျွန်မဝမ်းသာလိုက်တာ"

ချိုချိုဆက် ဘာကိုဝမ်းသာနေမှန်း ညီလင်းပ မသိ။ ဘာတွေဖြစ်နေကြတာလဲဟူသော သိချင်စိတ်တွေကသာ ကြီးစိုးနေ၏။

"ကမ္ဘည်းရော ကမ္ဘည်း ဒီမှာရှိနေတယ်မဟုတ်လား"

အလောတကြီး မေးလိုက်သော ညီလင်းပ အမေးကြောင့် ချိုချိုဆက် ခပ်လေးလေးပင် ခေါင်းညိတ်ပြသည်။

"မင်းတို့ ဘာတွေလုပ်နေကြတာလဲ၊ ဒီပန်းတွေနဲ့ ဘာအထိမ်းအမှတ်ပွဲတွေ လုပ်နေကြတာလဲ"

"အဲဒါ မော်ကွန်းလက်ချက်တွေပါ၊ ကိုညီလင်းပ အချိန်မီရောက်လာပါစေလို့ ဆုတောင်းနေတာ၊ ခုတော့ ဆုတောင်းပြည့်သွားပြီ"

"ကမ္ဘည်း ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးအပေါ်ဆုံးထပ်မှာ ကမ္ဘည်းဆန္ဒမပါဘဲ သူ ဒီနေရာကို လာရတာ၊ ဒီည မော်ကွန်းက ကမ္ဘည်းကို အတင်းအဓမ္မ လက်ထပ်လိမ့်မယ်"

"ဘာ"

လှုခြေတိတ်ချိန်မို့ ညီလင်းပ၏အသံဟိန်းသွားသည်။

"ခုချိန်မှာ စိတ်ကိုတည်ငြိမ်အောင်ထားပါ၊ ဒီကိစ္စမှာ ကမ္ဘည်းဆန္ဒတွေ လုံးဝမပါပါဘူး ကိုညီလင်းပ၊ အပြစ်တင်မယ်ဆိုရင် အဲဒီအပြစ်တွေအားလုံးကို ခံယူထိုက်သူက မော်ကွန်းပါ"

ချိုချိုဆက် ဘာတွေပြောနေတာလဲဆိုတာ ညီလင်းပ လုံးဝနားမလည်။

"မင်း ဘာတွေသိထားလို့ ငါ နားမရှင်းတဲ့အကြောင်းအရာတွေ ပြောနေတာလဲ"

"ခဏလေး စိတ်ငြိမ်ငြိမ်ထားပါ ကိုညီလင်းပ၊ ကျွန်မပြောပြပါ့မယ်၊ တကယ်တော့ ဒီဇာတ်လမ်းက ကိုညီလင်းပနဲ့ကမ္ဘည်း မညားခင်ကတည်းက စခဲ့ကြတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ၊ ကမ္ဘည်းဘက်က ပြီးဆုံးခဲ့ပေမယ့် တကယ်တမ်း မပြီးဆုံးခဲ့တာက မော်ကွန်းပါ"

ညီလင်းပအတွက် ကိုယ်သိပ်ချစ်သော ဇနီး၏အတိတ်စာမျက်နှာတွေကို ပြန်ဖတ်ရတာလောက် သွေးပျက်စရာကောင်းပါဦးမလား။

မော်ကွန်းသစ်က ကမ္ဘည်း၏အချစ်ဦးတဲ့လား။

အဲဒီအချစ်ဦးအကြောင်း နားထောင်နေရတဲ့ရင်ဘတ်ထဲမှာ ခံ





ဒြင်းမှု ဒေါသဖြစ်မှုတွေနှင့် ပြည့်နှက်နေ၏။

စီမံကိန်းတွေ အထပ်ထပ်ချထားတဲ့ ဇာတ်ကွက်တစ်ခုထဲမှာ ကြိုးဆွဲရာကို ကနေရတဲ့ ခပ်ညံ့ညံ့အရုပ်တစ်ရုပ်က ကိုယ်ဖြစ်နေလေတော့ ကိုယ့်ကိုယ်ကိုယ်တောင် လှောင်ရယ်ရမလိုဖြစ်နေ၏။

သြော် ကိုယ့်ချစ်ဇနီးရဲ့အချစ်ဦးတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

အနမ်းတို့ တစိမ့်စိမ့်ခြွေကာ ရှည်လျားနွေးထွေးသော သူ့လက်ချောင်းများ၏ မှတ်သိပ်သော ထိတွေ့မှုကို ဟိုးတုန်းကတော့ နှလုံးသားထဲမှာ မှုးယစ်သွားအောင် တပ်မက်ခဲ့ဖူးပါသည်။ ယခုအချိန်မှာတော့ သူ့လက်များသည် အင်မတန် ပုပ်သိုးဆွေးမြေ့နေသော ကြွက်သေကောင်ပုပ်တစ်ကောင်လို အော်ဂလီဆန်စရာကောင်းလှ၏။

"ကမ္ဘည်း အချိန်ဆွဲမနေပါနဲ့တော့ဟာ ရော့ လဲလိုက်ပါ၊ နင့်အတွက်အကောင်းဆုံး ဒီဖိုင်နာဆီမှာ အပ်ထားတဲ့ သတို့သမီးဝတ်စုံခုနေ နင်မငြင်းဘဲနဲ့ အသာတကြည် လက်ထပ်လိုက်ရင် နင်နဲ့ညီလင်းကြားထဲမှာ ဘာပြဿနာမှ ဖြစ်လာစရာအကြောင်းမရှိဘူး၊ အကယ်၍





နင်ငြင်းမယ်ဆိုရင်တော့ ဟောဒီမှာတွေ့လား ဒီ စီဒီချပ်ထဲမှာ နင်နဲ့ငါနဲ့တကြည့်ခန်းထဲမှာ ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေကို ကူးထည့်ထားတယ်၊ ဒီစီဒီချပ်သာ ညီလင်းပဆီရောက်သွားမယ်ဆိုရင် နောက်ဆက်တွဲ ဘာတွေဖြစ်လာမလဲဆိုတာ နင် ဆက်တွေးကြည့်လိုက်"

ခြိမ်းခြောက်သောစကားဖြစ်ပေမယ့် ဒီစီဒီချပ်ထဲက အကြောင်းအရာတွေ ညီလင်းပဆီ ရောက်သွားမှာကိုတော့ ကမ္ဘည်း အသက်သေရမှာ ထက်ကြောက်ပါသည်။

"နင် အဲလိုယုတ်မာလို့ရော ငါ့အချစ်တွေ နင့်ဆီပြန်လာမယ်လို့ ထင်နေလား မော်ကွန်း"

ဂနာမငြိမ်သော မျက်လုံးအကြည့်ဖြင့် ခပ်ရူးရူးကြည့်ကာ မော်ကွန်းသစ် တဟားဟားရယ်၏။

"အချစ်ရယ် လိမ္မာပါတယ်၊ ခေါင်းမမာစမ်းပါနဲ့၊ ဟောဟို သက်ထပ်စာချုပ်ထဲက သတို့သားနေရာမှာ ငါ လက်မှတ်ထိုးပြီးပြီ၊ နင်ထိုးဖို့ပဲ ကျန်တော့တယ်"

ရင်ခွင်ထဲရောက်လုနီးပါး ဖြစ်နေသော ကိုယ်ခန္ဓာကို ဖွတ်ရုန်း၍ ထွက်လိုက်ပြီး အရူးတစ်ပိုင်းဖြစ်နေသော မော်ကွန်းကိုကြည့်ပြီး ကမ္ဘည်း မျက်ရည်တို့ ဆို့နင့်လာသည်။ ရင်ထဲမှာ တလှပ်လှပ်မွှန်နောက်သာပြီး အသည်းနှလုံးထဲကရော ဦးနှောက်ထဲကပါ စိမ့်၍ထွက်လာသောခါးသီးမှုသည် မျက်ရည်တွေအဖြစ် ပြောင်းလဲဆင်းသက်ကုန်၏။

ဒီည လာတွေ့ရခြင်းအကြောင်းက မော်ကွန်းကို လူ့လောက



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲက အပြီးတိုင်ထုတ်ပစ်ဖို့ ရည်ရွယ်ချက်နှင့်ဖြစ်သည်။ တကယ်တမ်း အချစ်ကြီးလွန်းသော မော်ကွန်း၏ရူးသွပ်မှုကိုမြင်ရတော့ ကမ္ဘည်း မလှုပ်ရက်။ အမှန်ပင် သွေးကြောင်နေမိသည်။

ပြဿနာကို ဒီနည်းနှင့်ဖြေရှင်းလိုက်လို့ရော ကမ္ဘည်း အပြစ်လွတ်မည်တဲ့လား။ ဥပဒေက ပေးသောအပြစ်ကို ခံရဦးမှာပင်။

"ကျွတ် နင် နင်မငိုပါနဲ့ဟာ၊ ငါက နင့်မျက်ရည်တစ်စက်ကို ပေါက်ကွဲတတ်တဲ့ဗုံးတစ်လုံးလို ကြောက်တတ်ခဲ့တဲ့ကောင်ပါ၊ ငါ အခု အဖြစ်ချင်ဆုံးဆန္ဒက နင့်ဆီက ချစ်တယ်ဆိုတဲ့အဖြေနဲ့ ဒီမင်္ဂလာဦးညလေးကို အတူတူကျော်ဖြတ်ချင်ရုံပါ၊ ပြီးရင် ငါ ငါလေ နင်နဲ့ဝေးတဲ့နေရာကို အပြီးထွက်သွားမှာပါဟာ၊ ငါကတိပေးတယ်၊ ငါ့ဘဝမှာလေ ငါ အဖြစ်ချင်ဆုံးဆန္ဒ ငါအရူးသွပ်ဆုံးမျှော်လင့်ချက်နဲ့ ငါ့ဘဝကို ခုချိန်ထိ ဖြတ်သန်းလာတာပါ၊ အဲဒီရူးသွပ်မှုနဲ့မျှော်လင့်ချက်က နင်နဲ့ငါနဲ့ လက်ထပ်ပွဲလေး ကျင်းပရတာကိုပဲ ငါ ဒါလေးပဲလိုချင်တာပါ၊ ငါ့ကြောင့် နင်တို့ အိမ်ထောင်ရေး မပျက်စီးစေရဘူး၊ အကယ်၍ ငါဟာသေတော့မယ့်လူတစ်ယောက်ဆိုရင်တောင်လေ သေခါနီးလေးမှာ နင့်ကိုလက်ထပ်သွားချင်တယ်၊ ဒါမှ ငါဟာ ချစ်သူကိုပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ယောကျ်ားအဖြစ် တမလွန်ကို ဦးမော့ပြီး သွားနိုင်မှာဟ၊ အကယ်၍ နင် လက်မခံရင် ငါ အရှင်လတ်လတ် သေနေရတဲ့ဘဝကြီးထဲမှာ မျောနေရဦးမှာ"

ငိုသံပါကြီးဖြင့် တောင်းပန်တိုးလျှိုးနေသော မော်ကွန်း၏ပါးပေါ်မှာလည်း မျက်ရည်စက်တွေနဲ့ပါလား။





"လောကမှာ ငါ့လောက် နင့်ကိုချစ်တတ်တဲ့ယောကျ်ား မမွေးသေးပါဘူးဟာ၊ ငါသာလျှင် နင့်ကိုအချစ်ဆုံး ငါသာလျှင် နင့်ရဲ့အချစ်ဦးပါ၊ ဒါကို နင် လက်ခံရမယ် ဟား ဟား ဟား ဟား ဟား"

ခါးသက်သော ခံစားမှုတို့ဖြင့် လက်ဖျားခြေဖျားများ အေးလာပြီး တရိပ်ရိပ်တက်လာသော ခံစားမှုအငွေ့အသက်နှင့် ပြေလျော့စပြုနေသော ဒေါသတွေကို မျိုချနေရသောအခါ ရင်မှာအင်မတန်ဆို့နင့်လာသည်၊ မော်ကွန်းကို အပြစ်မတင်ရက်တော့တာဟာ ကမ္ဘည်းရဲ့မွေးရာပါ ကရုဏာစိတ်တွေကြောင့်ပါ။

"မော်ကွန်းရယ် နင့်စိတ်ကို ထိန်းပါဟာ၊ ငါတို့အခြေအနေက ခုလိုမိုက်ရူးရဲလုပ်ရတော့မယ့်အခြေအနေ မဟုတ်ဘူးလေ၊ နင်ရော ငါရော ဂုဏ်သိက္ခာတွေကိုယ်စီနဲ့ ဘဝတစ်ခုစီမှာ နေသားကျနေကြပြီပဲ၊ နောက်ပြီး ငါ့ရင်ထဲမှာ နင်မရှိတော့တာ ကြာလှပြီဟ၊ အဲဒါကို နင် လက်မခံချင်လည်း လက်ခံရမှာပဲ၊ ဒါဟာ ငါတို့နှစ်ယောက်ရဲ့ အမှန်တရားတစ်ခုပဲ၊ ခုချိန်မှာ ကိုကလွဲပြီး ဘယ်သူ့ရင်ခွင်ထဲကိုမှ ပြောင်းလဲခိုဝင်ဖို့ စိတ်ကူးမရှိဘူး မော်ကွန်း"

"တော် မပြောနဲ့၊ သူ့အကြောင်းမပြောနဲ့၊ နင့်ပါးစပ်က နင့်ယောကျ်ားအကြောင်းပြောနေတာတွေဟာ ငါ့ရင်ဘတ်ကို ဓားတွေနဲ့တစ်စွပ်စွပ်ထိုးဆွနေသလိုပဲ ငါ မခံစားနိုင်ဘူး"

အသံနက်ကြီးဖြင့် အော်လိုက်သံကြောင့် ကမ္ဘည်း ကိုယ်လေးဆတ်ခနဲ တုန်တက်သွားသည်။ မော်ကွန်း မင်္ဂလာမွေ့ရာကြီးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငိုက်စိုက်ထိုင်ချလိုက်ပြီး ငြိမ်သက်နေ၏။

ညဉ့်လေသည် ပိုးကတ္တီပါစတွေကို တလွင့်လွင့်လွန့်လူးနေစေ၏။ ကမ္ဘည်းဆံစအချို့တို့ လေထဲမှာ ဝေ့ဝဲနေ၏။ လေတိုးသံတွေမှအပ နှစ်ဦးသားအတန်ကြာ တိတ်ဆိတ်သွားကြသည်။

ဆယ်စက္ကန့်လောက်ကြာမှ မော်ကွန်း ဆတ်ခနဲ ခေါင်းထောင်လာကာ လှပစွာပြင်ဆင်ထားသော မင်္ဂလာဦးအိပ်ရာခင်းပေါ်မှာ ဖြန့်ကျဲထားသော ပန်းတွေကို ဒေါသတကြီး ခြေမွဖျက်ဆီးပစ်ပြီး အသံကုန်ဟစ်ပြီး အော်လိုက်သည်။

ကမ္ဘည်းမျက်လုံးအဝိုင်းသားဖြင့် ကြောင်ငေးကြည့်နေစဉ်မှာ မော်ကွန်း၏လက်အစုံက ကမ္ဘည်းကို ဆတ်ခနဲ ဆောင့်ဆွဲကာ

BURMESE CLASSIC

"နင့်ကိုမှ လက်မထပ်ရရင် ငါ လူ့လောကကြီးထဲမှာ မနေတော့ဘူး၊ နင့်ကိုလည်း မထားခဲ့ဘူး။ ဒီဘဝမှာ မပေါင်းဆုံကြရပေမယ့် နောင်ဘဝမှာတော့ နင်နဲ့ပေါင်းဆုံနိုင်မှာပါ၊ ဒီတော့ ငါတို့တွေ တမလွန်ကို အတူသွားကြမယ် လာ ဒီအပေါ်ကနေ ခုန်ချကြရအောင်"

"မော်ကွန်း ဘာလုပ်တာလဲ လွှတ်စမ်း နင်ရူးတိုင်း ငါလိုက်မရူးနိုင်ဘူး၊ လွှတ် လွှတ်နော် ငါအော်လိုက်မှာ"

"ဒရွတ်ဆွဲမတတ် ခေါ်နေသော မော်ကွန်း၏တင်းကြပ်စွာ ဆုပ်ကိုင်ထားသော လက်အစုံကို အတင်းဆွဲဖြည်ပြီး ရုန်းထွက်ပေမယ့် အင်အားခြင်းကမမျှ။ ကမ္ဘည်း သွေးပျက်စပြုလာသည်။





အသိစိတ်တွေလွှတ်နေသော မော်ကွန်းကို ဘယ်လိုမှသဘောပေါက်အောင်ပြော၍မရတော့သောအခါ ကူကယ်ရာမဲ့လာသည်။

"ဟင့်အင်း လွှတ် လွှတ် အား ကယ်ကြပါဦး။ ကို ကိုရေ ကမ္ဘည်းကို ကယ်ပါ၊ ကိုရေ"

"အော် အော်လေ ဘယ်သူမှမကြားဘူး"

နောက်ဆုံး ကြံရာမရသည့်အဆုံး ညီလင်းပ ကြားလိုကြားငြား ဖြင့် အော်ဟစ်အကူအညီတောင်းလိုက်သည်။

အိပ်မောကျနေသော ကို ဘယ်လိုကြားနိုင်မှာလဲ။ နောက်ဆုံး ကြံရာမရသည့်အဆုံး ဝှက်ယူလာသော ဓားကိုထုတ်ပြီး ခြောက်လှန့်ရန် သတိရသွားသဖြင့် ဘောင်းဘီအိတ်ထဲမှ ဓားကိုထုတ်ယူလိုက်သည်။

"ကမ္ဘည်း မလုပ်နဲ့၊ မှားမယ် မလုပ်နဲ့"

အုတ်ဘောင်နားထိ အတင်းအဓမ္မဆွဲခေါ်ခံနေရသော ကမ္ဘည်းမှာ ညီလင်းပအသံကြောင့် အားတက်သွားသည်။

"ဟင် ကို ကို လိုက်လာတယ်"

ယခုလတ်တလောအချိန်မှာ ကမ္ဘည်းအမှားတွေကို ကို သိသွားပြီဆိုသည့် စိုးရိမ်စိတ်ထက် ကယ်တင်ရှင်တစ်ယောက်ကို တွေ့လိုက်ရ၍ ရင်အေးသွားသည့်ခံစားမှုက ပို၍အလေးသာနေသည်။

သွေးရူးသွေးတန်းဖြစ်ကာ အကြောက်လွန်နေသော ကမ္ဘည်းကို မြင်တော့ အဖြစ်မှန်အားလုံးကိုသိပြီးသွားသော ညီလင်းပရင်ထဲမှာ နည်းနည်းလေးမှမကောင်း။



www.burmeseclassic.com

www.burmeseclassic.com



ညီလင်းပနောက်မှာ ချိုချိုဆက်နှင့်ယောကျ်ားသုံးလေးဦးပါ တက်လိုက်လာသည်။ မော်ကွန်းမှာ ချိုချိုဆက်ကိုမြင်တော့ ဒေါသတွေ ပေါက်ကွဲသွားသည်။

"မင်း သူတို့ကို အကြောင်းကြားလိုက်တာလား။ မင်းက အဖျက်သမားပဲ၊ ငါ့ကိုဒုက္ခရောက်အောင် လုပ်လိုက်တယ်ပေါ့လေ၊ ဟုတ်လား သတ်မယ် နင့်ကိုသတ်မယ် သတ်ပစ်မယ်"

ချိုချိုဆက်ကို ရန်မူရန်ပြေးဝင်လာသော မော်ကွန်း၏ပုံစံမှာ မကောင်းဆိုးဝါးတစ်ကောင် ဝင်ပူးနေသည့်သို့ ကြောက်စရာကောင်းနေ၍ ညီလင်းပ မင်တက်သွား၏။

ချိုချိုဆက်နားသို့ မော်ကွန်း မရောက်မီမှာပင် ချိုချိုဆက်သောမှ လူသုံးယောက် ပြေးဝင်လာကာ မော်ကွန်းကိုဝိုင်းချုပ်ထားလိုက်သည်။

"ဟော့လူတွေ ဘာလုပ်တာလဲ လွှတ်စမ်း။ သူ့ကိုသတ်မယ်၊ ငါ့ချစ်သူနဲ့ငါ့ရဲ့မင်္ဂလာဦးညကို သူဖျက်ဆီးလိုက်တာ"

"ဟော့လူ စိတ်ရောဂါကုဆေးရုံရောက်မှ ဒါတွေအော်တော့"

"ဘာ ငါမရူးဘူး၊ ငါက ဘာလို့စိတ်ရောဂါကုဆေးရုံကို သွားရမှာလဲ လွှတ် လွှတ်ကြ"

မော်ကွန်း ဘယ်လောက်ပင်အာခေါင်ခြစ်၍ အော်ဟစ်ကျိန်းမောင်းနေပါစေ ထိုလူသုံးယောက်မှာ မော်ကွန်းကို အတင်းအဓမ္မ ချုပ်ကာ ဆွဲခေါ်နေကြသည်။

"ငါမရူးဘူး။ ရူးနေတာ မင်းတို့ မင်းတို့ပဲရူးနေကြတာ သောက်ရူးတွေရ ငါ့ကိုလွှတ် ငါ့ချစ်သူနဲ့ငါ ဒီလောကကြီးထဲကနေ ငြိမ်းငြိမ်းချမ်းချမ်းထွက်သွားမှာ"

ထိုလူတွေ လက်ထဲမှ အတင်းရုန်းကန်နေသော မော်ကွန်းမှာ ဒေါသတွေကြောင့် ခိုက်ခိုက်တုန်နေ၏။

"ကမ္ဘည်း ငါ မရူးဘူး၊ သူတို့ပြောတာ မယုံနဲ့၊ ငါတကယ် မရူးဘူး၊ အဲဒါ ဒီမိန်းမယုတ်လက်ချက် သူ့ကိုငါသတ်မယ်"

အရုပ်လေးတစ်ရုပ်လို ဒရွတ်တိုက်မတတ် ပါသွားသော မော်ကွန်း၏ဖရိုဖရဲပုံစံကိုကြည့်ပြီး ကမ္ဘည်းရင်တွေ အဆမတန် လှုပ်ရှားနေ၏။ ခြေအစုံပင် မရပ်နိုင်လောက်အောင် အင်အားချိနဲ့နေ၏။

"ကမ္ဘည်း စိတ်မပူနဲ့တော့နော်၊ မင်း ဘာမှမဖြစ်တော့ဘူး"

"ကမ္ဘည်းကို အထင်မလွဲပါနဲ့၊ ကမ္ဘည်း ရှင်းပြချင်တယ် ကို"

မလုံလဲသောစိတ်တို့ဖြင့် ရှင်းပြရန် ကြိုးစားလိုက်သည့် ကမ္ဘည်း၏နှုတ်ခမ်းအစုံကို လက်နှင့်ဖိကာ

"နိုး မလိုတော့ဘူး၊ ချိုချိုဆက် ရှင်းပြလို့ ကိုယ် အကုန်လုံးသိပြီးပြီ၊ ကမ္ဘည်းအပေါ် သံသယစိတ်နဲ့ လိုက်ချောင်းမိတဲ့ကိုယ့်ရဲ့သေးသိမ်တဲ့စိတ်ကို ကိုယ်ပြန်ရှက်မိတယ်၊ ဆောရီးပဲ ချစ်ရယ်"

ခင်ပွန်းဖြစ်သူက ဘယ်လောက်ပင် နားလည်ခွင့်လွှတ်သည် ပြောပြော ကမ္ဘည်းအဖို့တော့ ကိုယ်တိုင်မမှားပေမယ့် ထိုအရှုပ်အထွေးထဲမှာ ပါဝင်ပတ်သက်ခဲ့သည်မို့ ကိုယ့်ခန္ဓာကိုယ်ဟာ မသန့်ရှင်းတော့။

"ဟင့်အင်း မဟုတ်သေးဘူး ကိုရယ်၊ ကမ္ဘည်း ကမ္ဘည်းလေ"







BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ချိုချိုဆက် အနားသို့လျှောက်လာ၏။

"ကမ္ဘည်း ဘာတစ်ခုမှ မမှားခဲ့ပါဘူး၊ တကယ်တော့ မော်ကွန်းကမ္ဘည်းအပေါ်မှာစွဲလန်းတဲ့စိတ်က တစ်ဖက်စွန်းရောက်ခဲ့ရုံပါ၊ မော်ကွန်းက ဆေးသုံးနေသူတစ်ယောက်မို့ တစ်ချက်တစ်ချက် ဆိုက်ကိုဖြစ်ဖြစ်သွားတယ်၊ အဲလိုနေ့မျိုးဆိုရင် သူ့စိတ်ထဲထင်တာတွေ ခံစားရတာတွေကို ဖွတ်ဖန်တီးတတ်တယ်"

"ဘယ်လို မော်ကွန်းက ဆိုက်ကို ဟုတ်လား"

ဆရာဝန်တစ်ယောက်ဖြစ်ပြီး အကဲမခတ်မိတာဟာ ကိုယ့်ရဲ့ညံ့ကွက်တစ်ခုလား၊ ဒါမှမဟုတ် မော်ကွန်းအပေါ် ဥပေက္ခာပြုခဲ့မိ၍ သတိမမူမိခဲ့တာလား။

"ဟုတ်တယ် မမ ဒါကြောင့် သူ အမြဲတမ်း စိတ်ကျန်းမာရေးဆေးရုံက စိတ်ရောဂါကုဆရာဝန် ဒေါက်တာလှကြည်ရဲ့ဆေးကုသမှုကို အမြဲခံယူရတယ်၊ သူ ဘယ်လောက်ဆိုက်ကိုဝင်ဝင် အချိန်တိုင်း အချိန်တိုင်း ကမ္ဘည်းဆိုတဲ့မမကတော့ သူ့ရင်ထဲမှာ အမြဲရှိခဲ့တယ်၊ ဒီနေ့ညသူ ဒီလိုတွေ စိတ်ထင်တိုင်းကြံမယ်ဆိုတာသိလို့ စိတ်ကျန်းမာရေးဆေးရုံက သူ့ကိုအမြဲတမ်းစောင့်ရှောက်နေတဲ့ဝန်ထမ်း သုံးယောက်ကို ကြိုခေါ်ထားတာပါ"

"အေးဗျာ ကျွန်တော်တို့နဲ့တစ်ချိန်လုံး လုပ်ငန်းတွေအတူလုပ်လာပြီး ဒါကို လုံးဝမရိပ်မိလိုက်ဘူး၊ ဘာပဲဖြစ်ဖြစ် ကမ္ဘည်း ဘာမှမဖြစ်တာကိုပဲ ကျေးဇူးတင်ရမှာ"





ကမ္ဘည်းပခုံးကို ဖေးမကာ ချိုချိုဆက်ကို ပြောနေသော ညီလင်းပ မျက်နှာပေါ်မှာ တိမ်ရှင်းနေသော ကောင်းကင်ကြီးလို လင်းပ၍နေသည်။ တကယ်တမ်း မရှင်းလင်းသေးသည်က ကမ္ဘည်းပါ။

တကြည့်ခန်းထဲမှာ မော်ကွန်း ကျူးလွန်ခဲ့သည့်ကိစ္စကို စီဒီထဲမှာ ကူးထားသည်မို့ ကမ္ဘည်း ရတက်မအေးနိုင်သေး၊ ထို့ကြောင့် ကမ္ဘည်းမျက်နှာပေါ်မှာ သောကရိပ်တွေ မပြေပျောက်နိုင်သေးခြင်းဖြစ်သည်။

ကိုယ့်ဇနီးကို ဆိုက်ကိုသမားတစ်ယောက်က စော်ကားခဲ့ဖူးတယ်ဆိုတာကို ဘယ်ယောကျ်ားက ကြည်ဖြူနိုင်မှာတဲ့လဲ၊ ထိုအမည်းစက်ကြီးအား တစ်သက်လုံးဖုံးကွယ်ပြီးတော့လည်း မနေချင်ပြန်မို့ ခုကတည်းက ဖွင့်ပြောလိုက်တာ အကောင်းဆုံးပဲဟု ရိုးသားသောအတွေးဝင်ကာ

"ကိုရယ် ကမ္ဘည်းဘဝက အရင်လို မသန့်ရှင်းတော့ဘူး၊ တကယ်တော့လေ ကို ဒူဘိုင်းကိုကုမ္ပဏီကိစ္စနဲ့သွားတုန်းက ကမ္ဘည်း သောက်မယ့်ကော်ဖီခွက်ထဲ အိပ်ဆေးခပ်ပြီး ကမ္ဘည်း အိပ်ပျော်နေတဲ့အချိန်မှာ မော် မော်ကွန်းလေ"

ပြောရင်းဖြင့် ကမ္ဘည်း အင့်ခနဲ ငိုချလိုက်သည်။

"ကမ္ဘည်းဘဝက ကိုနဲ့မထိုက်တန်တော့ဘူး၊ ရစရာမရှိအောင် စုတ်ပြတ်သွားပြီ"

ရှိုက်သံနှောကာ ပြောလာသော ဝန်ခံချက်ကို ညီလင်းပ အပြုံးဖြင့် နားထောင်ပြီး ကမ္ဘည်းကိုချွေးသိပ်သည့်အနေဖြင့် ကျောပြင်ကို ခပ်ဖွဖွပုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ တကယ်မဟုတ်ပါဘူး၊ ကိုယ်အားလုံး သိပြီးသွားပါပြီ၊ မော်ကွန်းက အဲဒီစီဒီချပ်နဲ့ ကမ္ဘည်းကို တစ်ချိန်လုံးခြိမ်းခြောက်နေပေမယ့် တကယ်တမ်း အဲဒီစီဒီချပ်ထဲမှာ ဘာမှမရှိဘူးတဲ့"

"ဟင် ဘယ်လို ဘာမှမရှိဘူး ဟုတ်လား"

မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် မျက်ရည်လေး တစမ်းစမ်းဖြင့် မေးလာသော ကမ္ဘည်းမှာ ထင်မထားနိုင်လောက်အောင် ကံကြမ္မာက ကိုယ့်ဘက်ကရပ်တည်သွားပြန်ပြီလားပေါ့။

"ဟုတ်တယ် မမ၊ အဲဒီညက ကမ္ဘည်းမသိအောင် မော်ကွန်း ကမ္ဘည်းနားမှာရှိနေပေမယ့် တကယ်တမ်းတော့ သူ သူလေ ကမ္ဘည်းကို ဘာတစ်ခုမှ ထိခိုက်အောင် မလုပ်ခဲ့ပါဘူး၊ အဲဒါကိုတော့ စိတ်ရှင်းရှင်းနဲ့ ယုံလိုက်ပါ၊ ကမ္ဘည်း စိတ်အနှောင့်အယှက်ဖြစ်အောင် ဖတ်လမ်းထွင် ရုံလေးပါ"

"ဟင် တ တကယ်လား၊ ဒါ ဒါတွေကို ချိုချိုဆက် ဘယ်လိုလုပ် သိလဲ"

"အဟင်း ကျွန်မကို သူကိုယ်တိုင်ပြောပြတာပါ၊ သူကလေ မမဆီက အချစ်ကို ပြန်လိုချင်တာမှန်ပေမယ့် သူ ဘယ်တော့မှ ပြန်မရ နိုင်ဘူးဆိုတဲ့အသိစိတ်က ရှိနေတယ်လေ၊ မမကို ခုလို ဒီတစ်ညမှာ လက်ထပ်ပွဲလေးကျင်းပပြီး မင်္ဂလာဦးညကို အတူတူဖြတ်သန်းမယ်ဆိုတာ က သူ့ရဲ့အိပ်မက်ကို အကောင်အထည်ဖော်ချင်ရုံသက်သက်ပါ"

ပြောရင်းဖြင့် ချိုချိုဆက် အင့်ခနဲ တစ်ချက်ရှိုက်လိုက်သည်။





"တကယ်တော့ တကယ်တော့လေ သူဟာ သိပ်မကြာခင်မှာ လောကကြီးထဲက ထွက်သွားရတော့မယ့်သူတစ်ယောက်ပါ"

"ဘယ်လို"

"အို"

ညီလင်းပရော ကမ္ဘည်းပါ အလွန်အမင်း အံ့သြကုန်ကြသည်။

"သူ့မှာ ဘရိန်းကျူးမား ရောဂါဖြစ်နေတာကြာပြီ၊ ဒါပေမဲ့ သူ စိတ်သိပ်မာတယ်၊ လူတွေက သူ့ကိုသေခါနီးလူမမာလို့ထင်ခံရမှာကို အကြောက်ဆုံးပဲမို့ သူ့ကိုယ်သူ ဘာမှမဖြစ်သလို ဟန်ဆောင်နေခဲ့တယ်၊ တစ်ခါတစ်ရံ အရင်က မူးယစ်ဆေးသုံးစွဲဖူးခဲ့တဲ့အရှိန်ကြောင့် ဆိုက်ကို တစ်ချက်တစ်ချက် ဝင်လာတာကလွဲရင် သူ ဟန်ဆောင်အရမ်းကောင်း ခဲ့ပါတယ်"

"အို ဘုရားရေ ဒါ ဒါတွေ တကယ်ပဲလား"

"ဟုတ်ပါတယ် ကျွန်မ မညာပါဘူး၊ တကယ်တော့လေ မော် မော်ကွန်းက သိပ်ကို သနားစရာကောင်းပါတယ် မမရယ်၊ သူ့ဝင်သက် ထွက်သက်တိုင်းမှာ မမ အမြဲရှိတယ်၊ သူ့ရဲ့နောက်ဆုံးထွက်သက်မှာတောင် မမနာမည်ကိုတပြီးမှ သူသေမှာတဲ့"

ငိုသံနှောကာပြောရင်းဖြင့် ချိုချိုဆက် ရှေ့ဆက်မပြောနိုင်တော့၊ တအင့်အင့်နှင့်ချုံးပွဲချ ငိုချလိုက်တော့သည်။

"အကယ်၍ မမနဲ့သူ ဒီည လက်ထပ်ပွဲအတုလေးလုပ်ပြီးတာနဲ့ သူ သူလေ ဒီနေရာနဲ့ဝေးတဲ့တစ်နေရာမှာ လူမသိသူမသိ သူ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး နိဂုံးချုပ်မှာပါ''

တအီးအီးနှင့်ငိုရှိုက်ကာ ပြောနေသော ချိုချိုဆက်ကို ကြည့်ပြီး ကမ္ဘည်းရင်ထဲမှာ ခါးသီးသော ခံစားမှုတို့ဖြင့် တစ်ကိုယ်လုံး တုန်ယင်လာသည်။

ဟန်ဆောင်ကောင်းလိုက်တာ မော်ကွန်းရယ်။ နင် ငါ့ကို ဒါတွေအားလုံး အစကတည်းက ဖွင့်ပြောခဲ့ပါလားဟယ်။ အချစ်တွေပြန်မပေးနိုင်ရင်တောင်မှ သူငယ်ချင်းတစ်ယောက်ရဲ့မေတ္တာမျိုးနဲ့ နင့်အနားမှာ ဂရုစိုက်ပြုစုပေးနိုင်တာပေါ့။

ခု ခုတော့ နင်ဟာ ငါ့အတွေးထဲ ငါ့ဘဝထဲကို ဗီလိန်တစ်ယောက်အဖြစ်နဲ့ ပြန်ဝင်လာရသလားဟယ်။ ငါ ငါလေ နင့်ကိုအထင်သေးလွန်းလို့ နင်ဟာ လုံးဝယုတ်မာတဲ့လူယုတ်မာတစ်ကောင်လို ရင့်သီးတဲ့စကားတွေနဲ့ ထိုးနှက်မိခဲ့တယ် မော်ကွန်းရယ်။ ငါ မသိလို့ပါ။ ငါ့ရင်ထဲနင့်အတွက်ဆိတ်သုဉ်းနေပြီးသား အချစ်တွေကို အငမ်းမရကိုးကွယ်ခဲ့တာဟာ နင့်ဘဝကို ပိုပြီးမှောင်လင့်ချက်မဲ့စေခဲ့တယ်။

အဲဒီလို ဖြစ်ခဲ့တာတွေအားလုံးဟာ ငါ့အပြစ်မဟုတ်တာတော့ နင်သိပါတယ်နော်။

ငါ ကမ်းခဲ့တဲ့လက်ကို ဖယ်ထုတ်ခဲ့တာ နင်ပါဟယ်။

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး

ဇျူး၈၁၄ပ

www.burmeseclassic.com